www.burmeseclassic.com

# နက္ခတ်များတဲ့မြို့

BURMESE CLASSIC .com

DESIGN : BO BO HTOON 2005

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး ............ ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ............ ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ............ ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ
စည်းကမ်းရှိမှတိုးတက်မည်
စည်းကမ်းကိုက်ညီ အေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

★ တရားဥပဒေစိုးမိုးရေး။
★ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

★ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံ့စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓါတ်ရှင်သန် ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


စာမူခွင့်ပြုချက်အမှတ်
၁၂၉၄ / ၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၀၂၄၀၅၀၁

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၅ ခုနှစ် မတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်


www.burmeseclassic.com

www.burmeseclassic.com



# PART I



www.burmeseclassic.com

www.burmeseclassic.com



**LOVE MATCH - a marriage based on 'Love'**





ဘယ်လိုကဘယ်လို ရေစက်ပါလာကြသည်မသိ...။ ပထမနှစ်, စတက်ကတည်းက ခုံနံပါတ်ရှေ့ဆင့်နောက်ဆင့် ပါတနာများဖြစ်သော..... 'ပြည်ကျော်' တို့သုံးယောက်က ကျောင်းပြီးသွားသည်ထိလည်း အလုပ်တူတူ တွဲလုပ်ကာမခွဲ...။ ရန်ဖြစ်ကြမြဲ.....။ ပြန်တည့်ကြဆဲ.....။

'တိုင်းကျော်'

'အင်.....ဘာလဲ'

ပြည်ကျော်ခေါ်သံကြောင့် တိုင်းကျော်က ပစ္စည်းတချို့စစ်နေရာမှ လှည့်မကြည့်ဘဲ ထူးသည်။

"ဟိုကောင် နိုင်ငံကျော်ရော"

"မင်း မမြင်ဘူးမဟုတ်လား"

"ဟ.....မမြင်လို့မေးတာပေါ့"

"မမြင်ရင် မရှိဘူးလို့မှတ်ပေါ့"

"ငါ အကောင်းမေးနေတာ"

"ငါလည်း အကောင်းဖြေနေတာ"

သူတို့ စကားစစ်ပွဲ စတော့မှာကိုသိသော အရောင်းစာရေးလေးက ကပျာကယာဝင်ဖြေသည်။

"ဆရာကိုနိုင်ငံ အပြင်သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားတယ်ဆိုတော့ ဒီကို ရောက်ပြီးပြီဆိုတဲ့ သဘောပေါ့"

ပြည့်ကျော့်အာရုံက အရောင်းစာရေးမလေးဘက် ပြန်ရောက်သွားသည်။

"ဟုတ်.....ဆရာတိုင်း အပြင်ထွက်သွားပြီး ခဏအကြာမှာ ရောက်လာတာ"

ပြည့်ကျော့် မျက်မှောင်ကြုတ်သွား၏။ တိုင်းကျော်က ကပျာကယာ ဝင်မေးသည်။

"ဒါ မိုက်ဆာလို့ လက်ဖက်ရည်ဆိုင်သွားတာ၊ နေစမ်းပါဦး၊ အဲဒီအချိန် ပြည့်ကျော့်က ဘယ်ရောက်နေလို့လဲ"

စာရေးမလေးက သွက်လက်စွာပင် တိုင်းကျော်၏အမေးကို ဖြေ၏။

"ဆရာပြည့်က ဖုန်းပြောနေပါတယ်၊ အတွင်းခန်းမှာပါ"

ပြည့်ကျော့် မျက်မှောင်ကြုတ်သွားရပြန်သည်။ ဒီတခါတော့ မျက်မှောင်ကြုတ်ရခြင်းသည် 'နိုင်ငံကျော်'ဆိုသော 'နိုင်ငံကျော်'နှင့် လားလားမှ မဆိုင်ပါ။ သူ့ကို ကောင်မလေးတွေ နှုတ်ကျိုးစပြုနေသော 'ဆရာပြည့်'ဆိုသည့် အခေါ်အဝေါ်နှင့် ပတ်သက်၏။

တကယ်က ဆရာတိုင်း၊ ဆရာပြည့်၊ ဆရာကိုနိုင်ငံ ဆိုသည်မှာ ဘာမှလက်မခံချင်စရာ အကြောင်းအလမ်းမရှိ၊ သို့ပါလျက် 'ဆရာပြည့်' ဟု ခေါ်လိုက်တိုင်း သူ့မှာ 'ပြည်တည်နာ'ကိုချည်း ပြေးပြေးမြင်တတ်တာက ခက်သည်။ သို့သော် စောဒကတက်စရာ အချိန်ကာလည်းမရှိ။ 'နိုင်ငံကျော်'လာမှ လုပ်ရမည့်အလုပ်ကိစ္စက အသင့်စောင့်ကြိုနေပြီ.....။

"ဘယ်သွားမယ် ပြောသွားလဲ"

"မသိပါဘူးဆရာ"

"ထုံးစံရှိလို့လား"

အရောင်းစာရေးမလေးနှင့် တိုင်းကျော်တို့ သံပြိုင်ထွက်လာကြသည်။ နိုင်ငံကျော်က ဘယ်သောအခါမှ အလုပ်သို့ နောက်ကျလေ့မရှိ။





ခုကျကာမှ အကြောင်းမကြား၊ ဘာမကြားနှင့် ပျောက်နေသည်။ ပြီး..... လာတော့လာသွားသေးသည်တဲ့။

"အဲ့ရော"

ပြည့်ကျော့်က စိတ်ပျက်လက်ပျက်နှင့် ပါးစပ်ထဲရှိရာ ကောက်ညည်းမိသည်ကို တိုင်းကျော်က မျက်ခုံးပင့်ကြည့်၏။ ပြီးမှ.....

"အဲ့စရာမဟုတ်တာကို အဲ့မနေနဲ့.....ဟိုမှာ လာနေပြီ"

သူတို့၏'COUNTRY'အမည်ရှိ mini-marketလေးထဲသို့ လှမ်းဝင်လာနေသော 'နိုင်ငံကျော်'ကိုတွေ့လိုက်ကြရသည်။ နိုင်ငံကျော့် မျက်နှာကတော့ မှိုရလာသော မာရီယိုမျက်နှာနှင့်.....။ ပြည့်ကျော့်နှင့် တိုင်းကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကာ ပုံးတွန့်လိုက်မိကြသည်။

"ဘာဖြစ်နေကြတာလဲ"

"ဘာဖြစ်နေတယ်ထင်လို့လဲ"

တိုင်းကျော်က ပစ္စည်းများကို စိတ်မပျက်ဘဲ လှမ်းမေးသည်။

"ဟ.....မထင်တတ်လို့ မေး တာပေါ့"

"ဘာမှမဖြစ်ဘူး၊ ဖြစ်နေတာက မင်း၊ ဒါပေမဲ့ မင်းဘာဖြစ်နေလဲလို့ ငါတို့ မမေးအားဘူး၊ အထဲမှာ မင်းကိုစောင့်နေတဲ့ marketing manager တစ်ယောက်ရောက်နေတယ်၊ သူတို့ ကုမ္ပဏီကတင်မဲ့ ပစ္စည်းသစ်ကိစ္စတဲ့၊ ကဲ.....ကြွတော်မူပါ"

ပြည့်ကျော့်စကားကြောင့် နိုင်ငံကျော် ချက်ချင်း မျက်နှာပိုးသစ်ကာ တည်တည်ကြည်ကြည် မျက်နှာသစ်နှင့် အတွင်းကိုဝင်သွားသည်။ 'နိုင်ငံကျော်'အထဲဝင်သွားပြီး မကြာမီမှာပင် တိုင်းကျော်က.....

"ဟေ့.....ဒီဘက်ပိုင်း တာဝန်ယူရတာ ဘယ်သူလဲ၊ fancyပစ္စည်းတွေ"

"ဇာရီပါ ဆရာတိုင်း၊ ဘာဖြစ်လို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်းအားအခြေအနေ"

"ကောင်းတယ် ဆရာ"

"ဒီလိုပစ္စည်းတွေကို စိတ်ဝင်စားတဲ့လူတွေ ရှိသားပဲနော်၊ ချစ်သူ လူချည်းသာဆို ဘယ်တော့မှရောင်းရမှာ မဟုတ်ဘူး"

အရာရာကို လက်တွေ့ကျသော တိုင်းကျော်က.....

ဘာတွေမှန်းမသိသည့် တိုလီမုတ်စ ပိစိကွေးသေးလေးများ ထူးထူးဆန်းဆန်းလေးတွေကို ကိုင်ကြည့်ရင်း ပြောလိုက်သဖြင့် အနားမှ ဇာရီက ရယ်သည်။

"ခစ်"

"ဘာရယ်တာလဲ"

"ဆရာက မကြိုက်ပေမယ့် ဆရာကိုနိုင်ငံက ကြိုက်တယ်"

"ကြိုက်မှာပေါ့၊ သူက marketမှာ ဘာတွေ ခေတ်စားနေတယ် ဆိုတာ သိရမယ့်လူလေ....."

"အဲလို မဟုတ်ဘူးဆရာ"

"ဘယ်လိုလဲ"

"မနက က ဒါမျိုးလေးတစ်ခု သူ လာယူသွားတယ်"

"ဟင်"

ဇာရီညွှန်ပြရာသို့ ကြည့်လိုက်တော့ အသည်းပုံဖောင်းဖောင်းအဖိအဖိ နှင့်ချောင်းလေးပေါ်တွင် "LOVE MATCH"ဟု ရေးထိုးထားပြီး ထိုအသည်းပုံလေးကို အတောင်ပံပါသော Cupidဆိုသည့် နတ်ကလေးက မြှောက်ကိုင်ထားသည့် ပုံလေးဖြစ်သည်။ တိုင်းကျော် ကောက်ကိုင် ကြည့်လိုက်မိ၏။

"အဲဒီအသည်းလေးက ဖွင့်လို့ရတယ် ဆရာ"

ယောင်ယောင်လေးပါသော ပတ္တာဆက်ကလေးကို သူမမြင်။ ခုမှမြင်၏။ အသာဖွင့်ကြည့်လိုက်တော့ အထဲမှာ စာတစ်ကြောင်း.....





**LOVE MATCH - a marriage based on love**

တိုင်းကျော် ပြုံးမိတော့ ဇာရီကပါ သဘောက ခွီးကနဲ ရယ်သည်။ ဘာ ဘာလို့ပြုံးလဲ သိနေတာမို့ ဇာရီကို 'ဘာရယ်တာလဲ'ဟု မမေးမိ ......။ ဖြစ်နိုင်တာကတော့ နိုင်ငံကျော်တစ်ယောက် သူ့ကောင်မလေး ကို ထက်ဆောင်သွားပေးခြင်းပင်။

"ပြီးသွားပြီလား"

"အေး.....ငါတို့ မင်းကိုစောင့်နေတာ"

ပြည်ကျော်က မချိုမချဉ်မျက်နှာထားနှင့် ပြော၏။

"ထမင်းစားဖို့လား၊ စောပါသေးတယ်၊ စောစောကမှ ထက်ဖက်ရည်သောက်ထားတာ....."

"မင်းကြီးတော်.....ထမင်းစားဖို့လား"

"ဒါဆို ဘာလဲ၊ ညနေကိစ္စလား"

"မင်းကတော့.....ဒါဘဲ၊ မင်းဗိုက်လည်း မင်းပြန်ကြည့်ဦး"

တိုင်းကျော်က ခုတစ်လော ညနေဆို ဘီယာသောက်ဖို့ချည်း ဆော်နေတာတ်ပြီး သောက်လည်း အတော်သောက်နိုင်လာတာကို တွေ့ရ သည်။ နဂိုက ချပ်ရပ်ဖြောင့်စင်းနေသော ခန္ဓာကိုယ်က ခု.....ဗိုက်ထွက်စ ပြုလာနေပြီ။

"မင်းတို့ဟာက.....စကားကို လိုရင်းမရောက်ဘူး"

နိုင်ငံကျော်က ငြိမ်နေရာမှ စိတ်မရှည်သလို ဝင်ပြော၏။

"ကဲ.....ပြောပါဦး လိုရင်း"

ဒီလိုကျတော့လည်း မပြော။ ပြုံးနေပြန်သည်။ ဒီတော့ ပြည်ကျော် ကပဲ ပြောရ၏။

"မင်းကောင်လေ....."



www.burmeseclassic.com

www.burmeseclassic.com



“အင်း”

“[illegible]လေးဆိုသွားတာ”

“အင်း”

“အိုကေလာတယ်တဲ့”

“အိုကေမှာပေါ့၊ ဆိုင်က Cupid ရုပ်လေးပါသွားတာကိုး.....”

တိုင်းကျော်စကားကြောင့် နိုင်ငံကျော်ရော ပြည်ကျော်ပါ မျက်ခုံးမြင့်သွားကြသည်။

“မင်း.....ဘယ်လိုသိလဲ”

“ဒီလိုပေါ့”

“ဇာရီ ပြောတာလား”

“ပြောစရာလိုလား၊ ပစ္စည်းကိုင်တာက ငါပဲ”

ဒီလိုကျတော့ နိုင်ငံကျော်က ရယ်သည်။ ပြည်ကျော်ကတော့ မထိတရိအကြည့်နှင့် ကြည့်ကာ.....

“ဒီလောက်ကလို့လား၊ ညနေ မင်းဘီယာသောက်ရတဲ့ အခြေအနေထိကို အောင်မြင်လာတာ”

“ဘယ်လို ဘယ်လို”

တိုင်းကျော် အံ့သြသွားသည်။ သူငယ်ချင်းကိုယ်စားလည်း ပျော်ရွှင်သွားရသည်။ ဒီတော့မှ နိုင်ငံကျော်က.....

“ဟုတ်တယ်၊ မနက်က ငါ ဆိုင်ကိုဝင်၊ အဲဒီ Cupidပုံ Love matchရုပ်ကလေးကိုပေးရင်း နောက်တစ်ကြိမ် လက်ထပ်ခွင့်တောင်းခဲ့တာ O.Kလာတယ်”

“ဟား.....ဒါဆို မင်းတော့ အိုရတော့မှာပေါ့ကွာ၊ ညနေကျ ငါတို့ကို one tableပေးလေကွာ”

“ရတယ်၊ one table မကဘူး။ မင်းဗိုက်ဆန့်ရင် ဆိုင်ထဲက စားပွဲတွေ အကုန်စားလည်းရတယ်”





“ဟား.....ဟား.....ဟား.....”

အားလုံး ပျော်ရွှင်စွာ ရယ်လိုက်မိကြသည်။

တကယ်တော့ နိုင်ငံကျော့်ကောင်မလေး ‘ရွှေမြို့သူ’ဆိုသည့် ကောင်မလေးသည် အလွန်ကိုစိတ္တဇဆန်သည့် မိန်းကလေးဖြစ်သည်။ နိုင်ငံက လက်ထပ်ခွင့်တောင်းတိုင်း တရွှေ့ရွှေ့နောက်ဆုတ်သွားတတ်မြဲ.....။ ခုတစ်ခါမှ လက်ခံလိုက်သည်ဆိုတော့ နိုင်ငံကျော်က စွမ်းလို့လား.....။ Cupidရုပ်ကလေးကပဲ စွမ်းလို့လား.....။ တစ်ခုခုတော့မှန်သွားခဲ့တာ သေချာသည်။

“ကဲ.....ပြောစမ်းပါဦး။ မင်းရဲ့experienceလေး၊ ငါတို့လို အင်းပတန်ရိုးစင်းတဲ့ Mr.Simpleလေးတွေအတွက် အတွေ့အကြုံပေါ့ကွာ”

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Experience -** **Knowledge or skill acquired over time**





အလုပ်ကို ဦးစားပေးတတ်လွန်းသော်လည်း.....နိုင်ငံကျော်နှင့် ချိန်းထားလျှင်တော့ 'ရွှေမြို့သူ' အမြဲအသင့်ဖြစ်နေတတ်သည်။ အလုပ်များတာချင်းတူပါလျက် နိုင်ငံကျော်အားသည့်အချိန် လိုက်အားပေးတတ်တာလည်း 'ရွှေမြို့သူ'၏အကျင့်.....။ ခုလည်း.....စောစောစီးစီး နိုင်ငံကျော် လှမ်းချိန်းတော့ ဘာမှပြန်မမေးဘဲ ချိန်းရာသို့ အသင့်ရောက်နေခဲ့သည်။ ဒါနှင့်တောင် အတူနေဖို့ ခွင့်တောင်းလျှင်တော့ ဘာလို့ ငြင်းပယ်တတ်မှန်း မသိ....။

"မြို့သူ ရောက်တာကြာပြီလား"

"ငါးမိနစ်ပဲ ရှိပါသေးတယ်"

ငါးမိနစ်ဆိုသော်လည်း စားပွဲပေါ်မှာ သူကြိုက်တတ်သော ကာရစ်ဘီယံကော်ဖီနှင့် ဆင်းဒဝချ်က အဆင်သင့်.....။ နိုင်ငံကျော် ကျေနပ်စွာ ဝင်ထိုင်လိုက်သည်။ ပြီးမှ.....

"ကိုယ့်မှာ.....အရေးကြီးတဲ့ ကိစ္စတစ်ခုရှိလို့"

ရွှေမြို့သူ မျက်လုံးလေးဝိုင်းသွားသည်။ ပြီး.....စိုးရိမ်တကြီးလေသံနှင့် မေး၏။

"ဘာဖြစ်လို့လဲ၊ 'ကို' ဘာဖြစ်လာလဲ"

"ကိုယ်.....မြို့သူကို ပေးစရာတစ်ခုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်.....ဒါက အရေးကြီးလား"

"*အရေးကြီးတာပေါ့၊ ပေးတယ်ဆိုပေမယ့် ရိုးရိုးသာမန်ပစ္စည်း* တစ်ခုကို ပေးတာနဲ့မတူဘူးလေ၊ ခုဟာက အရေးတကြီးနဲ့ကို ပေးမှာ"

"အင်း.....ပေးလေ"

ရွှေမြို့သူက သူ့ကို သက်ဝင်ကာမကောင်းသော်လည်း နားလည်မှုများပါသည့် အကြည့်လေးနှင့် တုံ့ပြန်သည်။ ထိုအကြည့်များကိုပင် သူ စွဲမက်ခဲ့ရတာမဟုတ်လား။ 'ရွှေမြို့သူ'ဆိုသော မိန်းကလေးသည် ရွှေရောင်ဝင်းနေသော အသားအရည်၊ လင်းလက်တောက်ပနေသော မျက်နှာဝန်း၊ ကော့ညွှန်းနေသော မျက်တောင်များ၊ နုအိလွင့်ဝဲနေသော အညိုရင့်ရောင် ဆံနွယ်ခွေများကို ပိုင်ဆိုင်သော နာမည်နှင့်လိုက်အောင် လှပသည့် မိန်းကလေးဖြစ်သည်။ သို့သော်.....ထိုအလှများကြောင့် ညွတ်ကွင်းမိခဲ့တာ မဟုတ်ဟုတော့ နိုင်ငံကျော် ကိုယ့်ဘာသာကိုယ် သေချာနေသည်။

"ဟင်.....ဘာလဲ ပေးမယ်ဆို"

သတိလက်လွတ်ကြည့်နေမိပြီးမှ ရှက်ရယ်ရယ်ကာ ယူလာခဲ့သော ဘူးကလေးကို ထုတ်ရသည်။ ဘူးကလေးက ငွေရောင်ပေါ်တွင် အနီရောင် အသည်းပုံလေးများပါသော ဘူးလှလှလေး ဖြစ်သည်။

"ဘာလေးလဲဟင်"

"ဖွင့်ကြည့်လေ"

ရွှေမြို့သူက အသာယူကာ ဖွင့်ကြည့်၏။

"ဟယ်.....ချစ်စရာလေး"

Cupid ရုပ်ကလေးကို သေသေသပ်သပ်ထုတ်ယူကာ လက်ဖဝါး ပေါ်တင်ထားလိုက်သည်။

"အင်း.....အထဲကို ဖွင့်ကြည့်ပါဦး"

"အထဲကို....."

"အင်း.....အဲဒီအသည်းလေးက ဖွင့်လို့ရတယ်"





"အယ်.....ဟုတ်လား၊ နေပါဦး'ကို'ရဲ့၊ ဒီမှာ ရေးထားတော့ **LOVE** MATCHတဲ့၊ ဘာအဓိပ္ပါယ်လဲ၊ အချစ်ပြိုင်ပွဲလား"

"ဟင့်အင်း၊ MATCHအဓိပ္ပါယ်က ပြိုင်ပွဲချည်း မဟုတ်ဘူးလေ"

"အာ.....ဟုတ်ပြီ၊ သိပြီ၊ MATCH ဖြစ်တာကိုပြောတာ၊ RESEMBLE ဖြစ်တာကိုပြောတာ၊ ဟုတ်လား"

"နီးစပ်ပါတယ်၊ နောက်အဓိပ္ပါယ်က.....a marriage တဲ့"

"ဟင်.....ဟုတ်လို့လား 'လိပ်'ရယ်၊ ဘယ်သူပြောတာလဲ"

"Concise Oxford Dictonary ကပြောတာ"

ဒီလိုကျတော့လည်း ရွှေမြို့သူက မျက်စောင်းနနုလေး ထိုးပါသည်။

"ကဲပါ.....အထဲကိုဖွင့်ကြည့်ပါ၊ ပိုရှင်းသွားမှာပေါ့"

"မဖွင့်ရဲပါဘူး"

"ဘာလို့လဲ"

"အထဲမှာ ဘာပါမလဲ၊ ကြိုသိနေသလိုပဲ"

"အဲဒါ သမထအာရုံခေါ်လား"

"ဟင့်အင်း.....၆.၀၁"

အရေးထဲ စကားတွေလွဲနေသဖြင့် စိတ်မရှည်သော နိုင်ငံကျော်က ပင် အရုပ်ကလေးကိုဆွဲယူကာ အသည်းလေးကို ခွဲဖွင့်ပေးလိုက်သည်။

"တွေ့လား"

"LOVE MATCH - a marriage based on love တဲ့"

"အင်း....."

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ၊ ဒါ.....ကိုယ် မြို့သူကို လက်ထပ်ခွင့်တောင်းတာ"

"အာ....."

"မအာနဲ့၊ ချစ်ခြင်းကို အခြေခံတဲ့ပေါင်းစည်းမှုပါ မြို့သူရယ်"

"ချစ်ခြင်းကို အခြေခံတဲ့ပေါင်းစည်းမှု ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ မြို့သူရဲ့"

ရွှေမြို့သူ၏ မျက်တောင်ရှည်ရှည်လေးများ စိုက်စင်းသွားသည်။ လက်ဖဝါးပေါ်ပြန့်တင်ထားသော Cupidလေး၏လက်ထဲမှ စာတန်းလေးကို ရှုရှုစိုက်စိုက်ကလေး ဖတ်နေသည်။ စက္ကန့်များစွာ ငြိမ်သက်နေ၏။ ဒါကို အားမလိုအားမရဖြစ်နေသူက နိုင်ငံကျော်.....။

"မြို့သူ"

"အင်....."

"ဘယ်လိုလဲ မြို့သူရယ်၊ အရင်တစ်ခါတွေကလိုပဲ ငြင်းဦးမှာလား"

"စဉ်းစားနေပါတယ်"

ခေါင်းမမော့ဘဲ ဖြေ၏။

နိုင်ငံကျော်.....အံလိုက်သိစွာ ငြိမ်ပေးနေလိုက်သည်။

အတန်ကြာမှာ.....

"အချစ်ကို အခြေခံတဲ့ပေါင်းစည်းမှုဆိုတော့....."

"အင်း....."

"အချစ်ရှိနေသရွေ့ ဒီပေါင်းစည်းမှုက နိုင်မြဲနေမှာပေါ့နော်"

"ဒါပေါ့ မြို့သူရဲ့"

"မြို့သူက ကံကြမ္မာကိုမယုံချင်ဘူး"

"ကံကြမ္မာတော်တော်များများကို လူက ပြုပြင်နိုင်စွမ်းပါတယ် မြို့သူရဲ့"

"မျှော်လင့်ရတာပါ၊ ဒါပေမဲ့ မြို့သူက မျှော်လင့်ရတာကို မောတယ်"

"မမျှော်လင့်ရအောင် ကိုယ်က ရှေ့ကဦးဆောင် ပြုပြင်ပေးစွမ်းသွားမှာပေါ့"

ရွှေမြို့သူက ကြည်လင်စွာပြုံး၏။

"မြို့သူကို ချစ်တဲ့အချစ်ကကော ဘယ်လောက်ထိ တည်မြဲမှာမို့လဲဟင်"





"ကိုယ့်ကို မယုံလို့မေးတာလား"

"ဟင့်အင်း.....ပြောသမျှယုံနေလို့ မေးတာ၊ ယုံချင်လို့....."

"ရာသက်ပန်"

"အဲဒီအတိုင်း တည်မြဲမယ်ဆိုရင် အင်း....."

"ဘာလဲ၊ ဘာ.....အင်းလဲ"

"offerကို လက်ခံတယ်လို့"

"ဟာ.....တကယ်"

"တကယ်ပေါ့"

"အိုး....."

နိုင်ငံကျော် ပျော်သွားပုံကို ကြည့်ကာ ရွှေမြို့သူပါ ပျော်သွားရသည်။ သို့သော်.....ရွှေမြို့သူ၏မျက်နှာပေါ်တွင် အရိပ်အယောင်တစ်ချို့ ဖြတ်သန်းသွားရသည်။ တခဏ.....။ ရွှေမြို့သူ၏မျက်နှာ ပြန်လည် ပြုံးပျော်လာသည်။

"မြို့သူ.....ဒါဆို ကိုယ်စီစဉ်လိုက်တော့မယ်နော်"

"အင်း.....ဘယ်မှာ စီစဉ်မှာလဲ"

"အမြန်ဆုံးရမယ့်နေရာ"

"ပိုမနေပါနဲ့ 'ကို'ရာ၊ အဆင်ပြေအောင် မြို့သူတို့ခြံထဲမှာပဲ လုပ်ပါလား"

"ဟာ.....ကောင်းတာပေါ့၊ ဘာရက်ချိန်းမှ စောင့်စရာမလိုတော့ဘူး"

"တတ်တယ်၊ ဒါပေမဲ့....."

နိုင်ငံကျော် ပျော်နေရာမှ မျက်နှာတည်ချင်သွားရသည်ကို ကြည့်ကာ ရွှေမြို့သူက ပြုံး၏။

ပြီးမှ.....စကားကို ဆက်၏။

"အရမ်းကြီးမလောနဲ့၊ ပြီးတော့.....မြို့သူလည်း ဘာညီမှာပေါ့ တိုင်တိုင်ပင်ပင်လုပ်ကြမယ်လေ၊ မဟုတ်ရင် 'ကို' အရမ်းပယ်နန်းနေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ နိုင်ငံကျော်သက်ပြင်းကြီးကို ‘ဟင်း’ခနဲ ချလိုက်နိုင်တော့၏။ ပြီး.....သူတို့နှစ်ယောက် အစီအစဉ်အကြမ်းဖျင်း ဆွဲဖြစ်ကြသည်။

✪✪✪





စကားဆုံးတော့ တိုင်းကျော်ကမေး၏။

“ဒါပဲလား”

“အင်းလေ.....ဘာဖြစ်လို့လဲ”

“အတုယူစရာ သိပ်မများပါဘူး”

“ဟင်.....ဘယ်သူက မင်းကို များတယ်ပြောမိလို့လဲ”

နိုင်ငံကျော်က မျက်မှောင်ကြုတ်ကာ ရယ်ရင်းမှပြန်မေး၏။ ပြည့်ကျော်က ကြားဖြတ်ကာ.....

“တိုင်းကျော် အပိုတွေပြောမနေနဲ့၊ အရုပ်လေးရှိတိုင်း အဆင်ပြေလိမ့်မယ် အောက်မေ့မနေနဲ့၊ တခြားပညာတွေက ရှိသေးတယ်”

“ဘာပညာလဲ”

“Electronic ပညာ”

“ဘာဆိုင်လဲ”

“ဆိုင်တာပေါ့။ ဗိုအား အနည်းအများအချိန်အဆကို မင်းနားလည်ရမှာလေ၊ ဒါတွေကို နိုင်ငံကျော်က နားလည်တယ်၊ ခု.....ဗိုအားနည်းနည်း လျှော့ထားလို့ အဆင်ပြေသွားတာ၊ အရင်က ဗို့အား သိပ်များတော့.....”

“ခွေးမသား.....”

ပြည့်ကျော့်စကားမဆုံးသေး။ နိုင်ငံကျော်က ထ,ထိုးသဖြင့် ရှောင်ရင်းဘိမ်းရင်း ဆယ်ပေ,ဆယ့်ငါးပေ အခန်းကျဉ်းထဲ ပတ်ပြေးနေတော့သည်။ အတွေ့အကြုံတွေ ဘယ်လိုပဲရရ၊ အသက်အရွယ် ဘယ်လိုပဲရရ ဒီသူငယ်ချင်းတွေကတော့ အရင်တုန်းကလိုပဲ ပြေးမနာ ဆိုမနာ



www.burmeseclassic.com

www.burmeseclassic.com



နိုင်းပင်ကြဆဲ.....။ လက်တွဲနေကြဆဲ.....။ နားလည်နေကြဆဲ.....။

အချိန်ဇာတိုက်စားမှုများတွင် အကြုံးမဝင်သော တစ်ခုတည်းသော အရာသည် **စစ်မှန်သောခင်မင်မှုသံယောဇဉ်ပင်** ဖြစ်လေသည်။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Engagement : n - a formal agreement to fit managed**





နိုင်ငံကျော်တစ်ယောက် တစ်ခါမှမမြင်ဖူးသော အနေအထားနှင့် ကြွ,ထနေသည်ကို ကြည့်ရင်း တိုင်းကျော်နှင့် ပြည်ကျော် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ပုခုံးတွန့်မိ၊ နှုတ်ခမ်းမဲ့မိကြသည်။

"ဟော့ကောင်တွေ.....နာရီကြည့်ပေးပါဦး၊ တော်ကြာ အချိန်နောက်ကျနေရင် မကောင်းဘူး"

"ခုမှ ရှစ်နာရီပဲ ရှိသေးတယ်"

တိုင်းကျော်က ရှပ်အင်္ကျီကြယ်သီးကို စိတ်မပါလက်မပါတပ်ရင်းက ဖြေသည်။ ပြည်ကျော်ကတော့ ခုထိ အဝတ်အစားပင်မလဲသေး.....။

"မင်းက ဘာလုပ်နေတာလဲ"

"ထိုင်နေတာလေ"

"လုပ်တော့လေ၊ ရှစ်နာရီရှိပြီတဲ့"

"မင်းပွဲက ကိုးနာရီခွဲမှမဟုတ်လား။ ကိုးနာရီထွက်တောင် မှီတယ်"

ပြည်ကျော်က အေးအေးဆေးဆေး ပြန်ပြော၏။ လောနေတာက နိုင်ငံကျော်.....။

"နောက်ကျလို့ မကောင်းဘူးလေ"

"စောလို့လည်း မကောင်းဘူး။ နိုင်ငံကျော်ရ"

"ဟင်.....ဘာလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရမှာလဲ၊ မင်းက အစောကြီးရောက်နေ ဟိုက ပြင်ဆင်မပြီးနဲ့ ခွကျကုန်ဦးမယ်၊ ပြီးတော့.....ဒီထက်ဆိုးတာက"

စကားကိုမဆက်ဘဲ ခုမှ ထိုင်ရာကထကာ မျက်နှာသုတ်ပုဝါကောက်ဆွဲပြီး ရေချိုးခန်းထဲ ဝင်ရန်ပြင်နေသဖြင့် နိုင်ငံကျော် ကမန်းကတန်း လှမ်းဆွဲရသည်။

"ဟေ့ကောင်.....နေဦး"

"ဘာလဲကွ"

"ဘာရမှာလဲ၊ ဒီထက်ဆိုးတာက.....ဆိုတာက ဘာလဲ"

"အာ.....မင်းတွေးကြည့်ပေါ့၊ ငါက ပြောရတော့ကောင်းမလား"

"ကောင်းတယ်"

"ကောင်းရင် ပြောကြည့်တာပေါ့"

"ကဲ.....ပြောစမ်းပါ"

"ဟိုက မင်းကို အသည်းအသန်ကြွနေတယ် ထင်သွားရင် မကောင်းဘူးလေ"

"ဘာ....."

နိုင်ငံကျော် မျက်လုံးပြူးပြီး ထအော်သည်။

"ရော်.....ခက်ပြီ၊ ဒါတောင် သက်သက်ညှာညှာစကားလုံး သုံးထားတာနော်"

"တော်ပြီ.....တော်ပြီ"

နိုင်ငံကျော်လက်ကာ,တားသဖြင့် တိုင်းကျော်ကပါ ခွီးကနဲထ,ရယ်သည်။

"ငါသိတယ်၊ သူများထင်မှာမဟုတ်ဘူး၊ ခုကို မင်းတို့ ငါ့ကို ထင်မြင်နေပြီး ဂျေဝင်နေတာမဟုတ်လား"

နိုင်ငံကျော် ချေပစကားကြောင့် ပြည်ကျော်, တိုင်းကျော်ကို လှမ်းကြည့်၏။ ပြီး.....'မင်းဆက်ရှင်း'ဆိုသောသဘောနှင့် ရေချိုးခန်းထဲ ဝင်သွားတော့သည်။





"နိုင်ငံကျော်.....နိုင်ငံကျော်"

တိုင်းကျော်က တာဝန်ဆက်ထမ်းသောသဘောနှင့် စကားကို စ၏။

"ဘာလဲ"

"ရော်.....မင်းလို ထောင်ထဲဝင်ဖို့ ကြိုးစားနေတဲ့ကောင်ကို ငါတို့က ဘာ'ဂျေ'ဝင်စရာရှိလဲ၊ သနားပါတယ်ပဲ ဖြစ်မှာပေါ့"

"ဒါက.....မင်းတို့က စပျစ်သီးချဉ်တာပါ"

"ဟ.....မြေခွေးက စပျစ်သီးချဉ်တာ ဆန်းသလား၊ သူ့အစာမှ မဟုတ်တာ၊ ချိုတဲ့ မင်းသာဆန်းတာ"

"အေးပါ၊ တိုင်းကျော်ရာ လေတွားဦးပေါ့၊ မင်း စပျစ်သီးစားချင်တဲ့ နေ့ကျမှ စပျစ်ခင်းတွေ ကပ်ဆိုက်နေတာ မြင်နေရပါဦးမယ်"

"ဆိုက်စမ်းပါစေကွာ"

ဘယ်လိုပြောပြော ခုချိန်မှာ သူနိုင်ချေမရှိတာ နိုင်ငံကျော် သိနေသည်။ ပြီးတော့.....ခုချိန်မှာ သူ အနိုင်လည်းမလိုချင်ပေ၊ နိုင်ပြီးသားဟု ကိုယ့်ကိုယ်ကို ယူဆနေသူအတွက် နောက်ကရောက်လာသော ကစားပွဲများ၏ ဆုလာဘ်သည် အသေးအမွှားသာ ဖြစ်သည်လေ.....။

မှန်ကြိုက်လှသည်မဟုတ်ဘဲ နိုင်ငံကျော် မှန်ရှေ့ကမခွာ.....။ "ရွှေမြို့သူက ဆင်တတ်တယ်"ဆိုသော စကားကို (ဗ)ကြိမ်မြောက်ပြောကာ သူဝတ်ထားသော နုံ့သာရောင်တိုက်ပုံနှင့် နုံ့သာရောင် ဂီတသင်္ကေတလေးများပါသော ယောပုဆိုးကို တသသ ဖြစ်မဆုံး၊ ရွှေမြို့သူ ဝယ်ယူဆင်ယင်ပေးတာကို ပထမဆုံး ဝတ်ရသည်ဖြစ်၍ နိုင်ငံကျော် ကျေနပ်မဆုံး.....။

"နောက်ဆို.....မြို့သူ စိတ်ကြိုက်ဝယ်ဆင်တာပဲ ဝတ်တော့မယ်"

"အကုန်သက်သာတာပေါ့"

ပြည်ကျော်က ရေချိုးခန်းထဲမှ ထွက်ထွက်ချင်း လှမ်းခတ်လိုက်ခြင်း ဖြစ်သည်။ နိုင်ငံကျော်က မကြားချင်ယောင်ဆောင်ကာ ဆက်ပြော၏။

"ပြောလို့ပြောတာ မဟုတ်ဘူးကွ၊ မြို့သူက အနုပညာမျက်စိရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ မဆိုင်ပါ။ တိုင်းကျော်က မှန်ရှေ့ကို တမင်ကြားဝင်ရပ်လိုက်ရင်း.....

"နတ်မျက်စိကော မရှိဘူးလား"

"အာ.....ဘယ်ရှိမှာလဲ၊ မြို့သူမျက်စိပဲ ရှိမှာပေါ့"

"အင်းနော်.....မြို့သူမျက်စိမို့ပဲ တော်တော့တယ်၊ ရွာသူမျက်စိသာဆို ဒုက္ခ၊ ခုတောင် ဒီကောင်သွက်သွက်ခါနေတာ....."

"အေးလေ"

ပြည်ကျော်နှင့် တိုင်းကျော် လေအေးအေးနှင့် အတိုင်အဖောက်ညီနေကြတာကို ကြားသော်လည်း နိုင်ငံကျော် ဘာမှဝင်မပြောတော့။ ပြောစရာလည်း မလိုပါ။ ဟုတ်ကယ်တော့ 'ရွှေမြို့သူ'သည် သူ့ကို လုလုပပလေး မြူစားထားသော 'ရွာသူ'လေး ဖြစ်နေစေဦးတော့ သူ ကျေနပ်နေမှာပင်.....။

ဟိုနှစ်ကောင်ကတော့ 'စုန်းမ'ဆိုသော သီချင်းကို တစ်ယောက်တစ်ပေါက် ညည်းနေကြသည်။ 'စုန်းမ'ပဲဖြစ်ဖြစ်.....၊ 'ရွာသူ'ပဲဖြစ်ဖြစ်.....၊ 'မြို့သူ'ပဲဖြစ်ဖြစ်လေ အရေးကြီးတာက ကိုယ်တို့နှစ်ယောက်ကြားက ဘယ်သူမှ မမြင်,မသိနိုင်တဲ့ 'ချစ်ခြင်း'ပဲမဟုတ်လား စုန်းမလေးရယ်.....။

"ဟိုကောင်.....ဘာတွေ ပီတီဖြာနေတာလဲ၊ ထ.....ရှစ်နာရီခွဲကျော်နေပြီ"

တိုင်းကျော်အော်မှ သတိဝင်ကာ ထိုင်ရာမှ ကမန်းကတန်း ထရသည်။

"မှန်း.....ကြေကုန်ပြီလား မသိဘူး၊ မီးပူပြန်တိုက်ပေးရမလား"

အရေးထဲ ပြည်ကျော်က ပုဆိုးကိုလာဆွဲကာ ပြောနေသေးသည်။

"ရတယ်၊ ရတယ်၊ လာ.....သွားမယ်"

"အင်းလေ.....ပုဆိုးကြေလဲ မိန်းမကတော့ ရမှာပါပဲ"

✪✪✪





သူတို့သုံးယောက်သား နိုင်ငံကျော့်အိမ်သို့ အရင်ဝင်ကြသည်။ နိုင်ငံကျော့်မိဘများနှင့် မောင်နှမများက အဆင်သင့်စောင့်နေ၏။ နိုင်ငံကျော်မှာက အစ်ကိုနှစ်ယောက်၊ ညီမတစ်ယောက်ရှိသည်။ ကံကောင်းချင်တော့ နိုင်ငံကျော့်ညီမက တော်တော်ကြီးကို ချောနေခြင်းဖြစ်သည်။ ကံဆိုးတာက ထိုညီမက အိမ်ထောင်ကျတာ အလွန်စောနေခြင်းပင်.....။ (၁၈)နှစ်ပြည့်တာနှင့် အိမ်ထောင်ကျသွားသည်။ ခုဆို ကလေးတစ်ယောက်ပင် ရနေပြီ။

နိုင်ငံကျော့်အိမ်မှ တစ်စုတစ်ဝေးကြီး ကားနှင့်သွားကြသည်။

ရွှေမြို့သူတို့ဆီရောက်တော့ အားလုံးက အသင့်ကြိုနေကြသည်။ နိုင်ငံရပ်ခြားတွင် နှစ်များစွာ နေထိုင် အလုပ်လုပ်နေခဲ့သော ရွှေမြို့သူ၏ မိဘများကို မြန်မာဆန်ဆန်ပင် တွေ့ကြရ၏။

သူတို့၏စေ့စပ်ပွဲကလေးက ဘာဂုဏ်ပကာသနမှမပါ။ နှစ်ဘက်မိဘနှင့် သူငယ်ချင်းတချို့သာ ပါဝင်လျက် စေ့စပ်လက်စွပ်ကို သတို့သားလောင်းက သတို့သမီးလောင်းကို ဝတ်ပေး၊ သတို့သမီးလောင်းက သတို့သားလောင်းကို ဝတ်ပေးခြင်းနှင့် အောင်မြင်စွာ ပြီးဆုံးသွားသည်။ တခြား ဘယ်သူမှမလို.....။

ရွှေမြို့သူ၏အဖေကတော့ စကားတစ်ခွန်းကို ဝင်ပြောသည်။

"စေ့စပ်လက်စွပ်မှာ ကျောက်တစ်လုံးလုံး ပါရတတ်တာ ဘာလို့လဲ သိလား.....သားနဲ့ သမီး"

"ပြောပါဦး ဖေဖေ"

"အိမ်ထောင်မပြုရ လက်မထပ်ရသေးတဲ့ သူနှစ်ယောက်အတွက် စည်းခြားပေးထားတာပဲ၊ နှစ်ယောက်ဟာ တစ်သားတည်း မဟုတ်သေးဘူးလို့ သတိပေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင်.....လက်ထပ်လက်စွပ်မှာ စိန်တွေ ထည့်ကြတာကရော"

"အမှန်တကယ်က လက်ထပ်လက်စွပ်လို့ခေါ်တဲ့.....Wedding ring ဟာ ရွှေနဲ့လုပ်ထားတဲ့ လုံးပတ်အပြည့်ပဲ ဖြစ်ရမယ်၊ စောစောက ပြောခဲ့သလို တစ်သားတည်း ဖြစ်သွားပြီဆိုတဲ့ အဓိပ္ပါယ်ပေါ့၊ ရွှေဆိုတာ သတ္တုတွေထဲမှာ တန်ဖိုးအမြင့်မားဆုံးနဲ့ အခိုင်မာဆုံးမို့ပဲ၊ တစ်သက်လုံး တန်ဖိုးရှိစွာ၊ ခိုင်မာစွာ တစ်သားတည်းဖြစ်နေဖို့ အဓိပ္ပါယ်ပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

"ခုမှပဲ.....ဒီလက်စွပ်တွေရဲ့ ရာဇဝင်ကို သိရတော့တယ်"

"ကဲ.....ကဲ.....ဒါနဲ့ မင်္ဂလာပွဲကို ဘယ်နေ့ရက်ရွေးထားကြလဲ"

"လာမယ့် အမျိုးသားနေ့ပါ ဖေဖေ"

ရွှေမြို့သူက သူမ ဖခင်၏အမေးကို ကိုယ်တိုင်ဝင်ဖြေ၏။ ထိုနေ့အတွက် လူကြီးတွေက သူတို့ခွဲဝေယူရမည့် တာဝန်တွေအတွက် ဆက်ဆွေးနွေးကြ၏။ စကားဝိုင်းလေးက မိသားစုဆန်ဆန်လေးမို့ အဆင်ပြေလှသည်။ တစ်မနက်လုံး နိုင်ငံကျော်ကို အတည်ပေါက်ကြပ်နေသော တိုင်းကျော်နှင့် ပြည်ကျော်ကလည်း ခုတော့ လူကြီးလိုလို, ဘာလိုလိုနှင့် အတည်ပေါက် ဝင်ဆွေးနွေးနေ၏။

✪✪✪





အောင်မြင်စွာပြီးဆုံးခဲ့သော ရိုးရှင်းလှသည့် စေ့စပ်ပွဲလေးအတွက်..... နိုင်ငံကျော် ကျေနပ်နေမိသည်။ ထို့ကြောင့် ညနေဖက် ရွှေမြို့သူနှင့်တွေ့ချိန်အထိ သူ့မျက်နှာက မျက်နှာပိုးသပ်မရ။

"ဘာဖြစ်နေတာလဲ"

"ပျော်နေတာ"

"ဘာလို့လဲ.....မိန်းမရတော့မှာမို့လား"

"မဟုတ်ဘူး၊ ကိုယ်တို့စေ့စပ်ပွဲလေးက ဘယ်သူနဲ့မှမတူဘဲ ရိုးရိုးရှင်းရှင်းလေးနဲ့ အဆင်ပြေပြေလေး ပြီးသွားလို့"

"ဟုတ်တယ်နော်"

"ပြီးတော့....."

"ပြီးတော့.....ဘာဖြစ်လဲ"

"ယောက္ခမလောင်းကြီးဆီက ဗဟုသုတတွေလည်း ရလို့"

"ဟာဟ.....ဒါကတော့ပိုပြီ"

"မပိုပါဘူး။ ကိုယ်က ဒါမျိုးတွေ စိတ်ဝင်စားတယ်၊ အရာရာတိုင်းမှာ သီးခြားအဓိပ္ပါယ်တစ်ခုဆိုတော့ ခိုအောင်းနေတတ်တာပဲလေ၊ စည်းလွတ် ဝါးလွတ်ဆိုတာ မရှိပါဘူး"

"ကို.....အဓိပ္ပါယ်ကြီးပေါ့"

"ဒါပေါ့.....မြို့သူ ကိုယ့်လက်စွပ်လေးကို သေချာကြည့်ရဲ့လား"

"အင်း.....ကြည့်တယ်လေ၊ ဘာလို့လဲ"

"ဘာထူးခြားလဲ"

"ဘာမှ မထူးခြားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပြောတာပေါ့၊ ကဲ.....ဒီမှာ ကြည့်စမ်း"

ပြောပြောဆိုဆို သူ့လက်မှလက်စွပ်ကို ချွတ်ကာပြ၏။

လက်စွပ်အတွင်းဘက်မှာ ရေးရေးမြင်နေရသော စာတမ်းလေး.....။ မြို့သူ ကိုယ့်လက်စွပ် ကိုယ်ချွတ်ကာ ကဗျာကယာကြည့်လိုက်သည်။ ထိုအတိုင်းပင်.....။ စာကို အနားကပ်ကြည့်ကာ ဖတ်လိုက်၏။

Engagement ring - agreement ring to get married.

ရွှေမြို့သူ ပြုံးလိုက်မိသည်။ ရွှေမြို့သူ၏အပြုံးက ကျေနပ်ပြုံး.....။ အရာရာကို တသီးတသန့်နှင့် အလေးထားလေးနက်တတ်သော 'နိုင်ငံကျော်'ဆိုသော သူတစ်ယောက်ကို ရွေးချယ်ခဲ့မိတာ သူမအတွက်ကတော့ လုံးဝမှားအောင် မှန်ကန်လွန်းလှသည်ဟု တွေးမိသောကြောင့် ဖြစ်သည်။

နိုင်ငံကျော်အတွက်ကရော.....။

သူမကို ရွေးချယ်လိုက်ခြင်းအတွက် မှန်ကန်ပါသလား.....။

နိုင်ငံကျော့်ရင်ထဲ ဂင်မကြည့်သာသော်လည်း အဖြေကို လောလောဆယ်အတွက် သူမ မြင်နေမိသလိုလို.....။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**marriage (n)** - the formal union of a man and a woman, typically as recoginzed by law, by which they become husband and wife

**husband (n)** - a married man considered in relation to his wife

**wife (n)** - a married woman considered in relation to her husband





"အမိပ္ပါယ်နည်းနည်း မှဲ့နေသလိုပဲ"

နိုင်ငံကျော်စကားကြောင့် တိုင်းကျော်နှင့် ပြည်ကျော် စာအုပ်တွေထဲ အာရုံစိုက်နေရာက ခေါင်းထောင်လာသည်။ ဘီယာသောက်ရတာ ကြိုက်သော တိုင်းကျော့် လက်ထဲမှာကိုင်ထားတာက.....'မင်းလူ'၏ 'ယမကာလုလင်'.....။ ပြည်ကျော့် လက်ထဲမှာကိုင်ထားတာက 'အကြည်တော်'၏.....'ဘီလူး'(ဘာ'ဘီလူး'လဲတော့မသိ).....။ မဆီမဆိုင် နိုင်ငံကျော့် လက်ထဲ ရောက်နေတာက အဘိဓါန်စာအုပ်.....။

"ဘာဖြစ်ရပြန်တာလဲ၊ ဘာလဲ.....အဘိဓါန်က စကားလုံးတွေကို လျှော့ပစ်ဖို့ စိတ်ကူးနေတာလား"

တိုင်းကျော်က ရွှဲ့သလိုမေး၏။ ပြည်ကျော်ကတော့ သူ့ကို 'ဘီလူး' မှုံးပြုံးကာ ကြည့်နေ၏။

"မဟုတ်ဘူးကွ"

"အင်း.....ဟုတ်တာက ဘာလဲ"

"ဒီလိုလေ.....ဒီမှာ dictionaryက marriageကို အဓိပ္ပါယ်ဖွင့် ထားတာကို သဘောမကျလို့"

"မှန်း.....ပြစမ်း"

တိုင်းကျော်က ထိုင်ရာမှထလာကာ ကြည့်၏။ ပြီး.....



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ.....မှန်တာပဲ၊ formal union of a man and woman ဟုတ်တာပဲ၊ မင်းက ဘာဖြစ်ရတာလဲ"

"ဒီထက်လေးနက်ရမှာ....."

"မြတ်စွာ.....အလာ.....ယေရှု....."

ပြည်ကျော်က နိုင်ငံကျော့်စကားကြောင့် holy trinityကို ဘုရားသုံးဆူနှင့် တ,၏။ တိုင်းကျော်ကတော့ ခေါင်းကိုတွင်တွင်ကုတ်ကာ.....

"ဒီမှာ နိုင်ငံကျော်"

"ရှေးလူကြီးတွေပြောတာ ကြားဖူးလား"

"ဘာလဲ"

"ရှင်ပြုခါနီး၊ မင်္ဂလာဆောင်ခါနီး မလုပ်ရမယ့်ဟာတွေလေ"

"အင်းလေ.....သိသားပဲ၊ သစ်ပင်တက်တာ၊ ရေကူးတာ၊ ခုဟာက.....ဘာဆိုင်လဲ"

"ခိုင်တယ်၊ မင်းလိုကောင်အတွက်က ဥပဒေသတစ်ခု ထပ်တိုးထားတယ်"

"ဘာလဲ"

"ဦးနှောက်သုံးရသော စာများမဖတ်ရတဲ့"

"ဘာဆိုင်လဲ"

"ဆိုင်တယ်လေ၊ တစ်ဖက်မှာက ဒီခေတ်ကုန်ဈေးနှုန်းနဲ့ မင်္ဂလာဆောင်ဖို့ ပြင်ရ, ဆင်ရ တွက်ရ, ချက်ရတာက တစ်ဖက်၊ အတွေးနက်နက်တွေးရတဲ့ စာတွေဖတ်ရတာက တစ်ဖက်နဲ့ဆိုရင် မင်း ဦးနှောက်ပျက်သွားမယ်၊ သိပ်အတွေးမခေါင်နဲ့ ကိုယ့်လူ....."

ပြည်ကျော်ကပါ ဝင်ပြော၏။

"အေးလေ၊ ကိုယ့်ဟာကိုယ်နေပါ၊ မင်းယူရမှာက ရွှေမြို့သူ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်၊ အဘိဓါန်မဟုတ်ဘူး၊ မင်းရင်ထဲက စကားလုံးကို





ရွှေမြို့သူရင်ထဲက စကားလုံးနဲ့ပဲညှို.....ညှိရင်ပြီးရော အဘိဓါန်နဲ့ ညှိမနေနဲ့"

"အင်း.....ဒါလည်း ဟုတ်တာပဲ"

တိုင်းကျော်နှင့် ပြည်ကျော်က နားမှအေးပါစေဆိုပြီး ပါးစပ်ထဲတွေ့ရာ စကားလုံးနှင့်နှစ်သိမ့်လိုက်တာ အစပ်အဟပ်တည့်သွားသည်ထင်သည်။ နိုင်ငံကျော် ငြိမ်သွား၏။

"မင်္ဂလာပွဲက နှစ်ရက်ပဲလိုတော့တာ"

တိုင်းကျော်က ပြော၏။ ပြည်ကျော်က.....

"အင်းလေ.....ဘာဖြစ်လဲ"

"ဒီကောင့်ကို နည်းနည်းဂရုစိုက်ပါကွာ"

"ဘယ်လို ဂရုစိုက်ရမှာလဲ"

"အအိပ်မှန်၊ အစားမှန်ပါစေ၊ သိပ်မတွေးစေနဲ့ တော်ကြာ.....သူ့တစ်ခုခုဖြစ်သွားရင်....."

နိုင်ငံကျော် ထအော်၏။

"ဟေ့ကောင်တွေ ဘာဖြစ်ရမှာလဲ၊ ဘာမှမဖြစ်ဘူး"

"ဟော.....တွေ့လား၊ ခုတောင် ဖောက်ချင်နေပြီ"

"ခွေးကောင်တွေ"

"ဒီကောင် အရင်က ဒီလိုမဆဲတတ်ဘူးကွ"

"အေး".

"ဂရုစိုက်ပါကွာ၊ သူ တစ်ခုခုဖြစ်သွားလို့က ငါတို့လည်း လူစားမဝင်ချင်ဘူး"

"အေးလေ.....နစ်နာတာပေါ့"

"လူပျိုတွေလေ၊ ဟုတ်တယ် မဟုတ်လား"

"ခွေးမသားတွေ....."

နိုင်ငံကျော် ရယ်ကာ ထအော်သော့ တိုင်းကျော်က.....

"ဟော.....တွေ့လား၊ အခြေအနေမကောင်းဘူး၊ သူ့ငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ပီသဖို့ကလည်း ရှိသေးတယ်၊ မင်းနဲ့ငါ ခုတည်းက မဲနှိုက်ထားမယ်၊ ခုရှုပ်မှ နောင်ရှင်း"

"ဟော့ကောင်တွေ....."

"စိတ်ချပါ နိုင်ငံကျော်ရာ၊ သူငယ်ချင်းတွေပဲ မင်းမင်္ဂလာပွဲ မပျက်ရအောင် ငါတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ဘဝပျက်ခံလိုက်ပါ့မယ်"

"ချီးထဲမှပဲ၊ မလိုဘူးကွ၊ ဘာမှမလိုဘူး"

"အော်.....မလိုဘူးလား"

ပြည်ကျော်က မျက်နှာသေလေးနှင့် ပြန်မေး၏။

"အေး.....မလိုဘူး"

"အေး.....အေး.....မလိုလည်းရပါတယ်၊ ငါတို့ ဘဝမပျက်တော့ဘူးပေါ့၊ ကဲ.....ကဲ.....မင်းလည်း အဘိဓါန်နဲ့ဝေးဝေးနေ"

ပြောပြောဆိုဆို ပြည်ကျော်က အဘိဓါန်ကိုကောက်သိမ်းကာ ဘီဒိုထဲထည့် သော့ခတ်ထားလိုက်တော့သည်။

"အော်.....ခုမှ သတိရတယ်၊ သိလား"

တိုင်းကျော်က နဖူးကိုရိုက်ကာ ပြောသဖြင့် စကားလမ်းကြောင်းက ပြောင်းသွားရသည်။

"ဘာလဲ"

"ဒီကောင့်အတွက် လက်ဖွဲ့"

"အာ.....အေး.....ဟုတ်တယ်၊ မင်းတို့ ငါ့ကို ဘာလက်ဖွဲ့မှာလဲ"

နိုင်ငံကျော့်မျက်နှာက ချက်ချင်းကြီး ပြောင်းလဲသွားတော့သည်။

"အဲဒါပဲ စဉ်းစားနေတာ"

"ရိုမန်တစ်ဆန်ဆန်လေးတော့ စဉ်းစားကြပေါ့ကွာ၊ တန်ဖိုးက အရေးမကြီးပါဘူး"

"အေး.....မင်းအကြောင်းသိလို့ ငါတို့စီစဉ်ထားပါတယ်"





တိုင်းကျော်က မင်သေသေနှင့် ပြော၏။ နိုင်ငံကျော်က စိတ်ဝင်တစားနှင့်....

"ဟုတ်လား၊ ဘာစီစဉ်ထားလဲ"

"မင်းပြောသလို ရိုမန်တစ်ဖြစ်ရမယ်ဆိုတော့ Love appleလေး ပေးမလားလို့"

"Love apple.....ဟုတ်လား"

"အင်း....."

"အချစ်ပန်းသီးပေါ့"

"ဟင့်အင်း.....နီးတော့ နီးစပ်တယ်"

"ဒါဆို ဘာလဲ"

"မင်းပဲ ရိုမန်တစ်ဆန်ဆန် တန်ဖိုးက အရေးမကြီးဘူးဆို"

"အေးလေ"

"အချင်းချင်းတွေပဲကွာ၊ ခုတည်းက ကြိုယူထားလိုက်တော့ ဟုတ်လား၊ နေဦး.....ငါသွားယူလိုက်ဦးမယ်"

တိုင်းကျော်က ထိုင်ရာမှထကာ အနောက်ဘက်ဝင်သွား၏။ သူဝင်သွားရာက သူ့အခန်းမဟုတ်။ နောက်ဖေးမီးဖိုချောင်ဆီသို့....။

ပြန်ထွက်လာတော့ လက်ထဲမှာ နီရဲလှပသော ခရမ်းချဉ်သီးကြီး တစ်လုံး ပါလာသည်။

"ရော့....."

"ဟင်.....ဒါဘာလဲ"

"Love appleလေ"

"ဒါကြီးလား.....Love apple"

"ရော်.....ခက်လိုက်တာ၊ မင်းမယုံရင် dictionaryထဲမှာ အဲ.....အဲ....."

စောစောကပဲ dictionaryက သော့ခတ်သိမ်းလိုက်ပြီ မဟုတ်လား။

www.burmeseclassic.com



တိုင်းကျော်က ဘာဆက်ပြောရမှန်း မသိဖြစ်နေဆဲ အရာရာကို လေးနက်လှသော ကိုနိုင်ငံကျော်က ဘယ်က ဘယ်လို ဆွဲထုတ်လာမှန်းမသိသော pocket dictionaryကို လှန်နေပြီ။ ပြီးမှ.....dictionaryကို ပစ်ချကာ ဆဲရေး၏။ အပြုံးနှင့်ဆဲရေးခြင်း ဖြစ်သည်။ မှန်နေသည်ကိုး.....။

"ခွေးမသား.....ဒါမျိုးကျ တတ်တယ်"

"သေချာလား၊ မင်းတွေ့တာ....."

ပြည်ကျော်က ဝင်မေး၏။

"အေးလေ..... love apple (n) - a tomatoတဲ့"

ပြည်ကျော် တဟားဟားထ,ရယ်၏။ ပြီး.....

"ဒီနေရာကျတော့ မင်းက ငါ့ထက်တော်ပြန်ရော တိုင်းကျော်ရေ...."

"ဘယ်နေရာမှာ ညံ့ဖူးလို့လဲ၊ ငါတို့နှစ်ယောက်လုံး levelပဲ၊ ဘယ်သူမှ နိုင်ငံကျော်လောက် မညံ့ကြဘူး"

"ကဲ.....ထားပါ၊ မင်းရဲ့လက်ဖွဲ့ကရော ဘာမို့လဲ.....ပြောပါဦး"

"ငါ စိတ်ကူးထားတာက....."

စကားကိုမဆက်ဘဲ ရပ်ထားသဖြင့် နိုင်ငံကျော် စိတ်မရှည်.....။

"ဘာလဲကွ၊ ပြောလေ....."

"lovebirdကွ"

"lovebird.....ဟုတ်လား။ အချစ်ငှက်ပေါ့"

နိုင်ငံကျော့်မျက်နှာဝင်းသွားပြီးမှ မသက်သာဟန်ဖြင့် စကားကိုရပ်ကာ ပြည်ကျော့်ကို စူးစမ်းသလို ကြည့်၏။

"ငါက အတည်ပါကွ"

"အတည်ဆို ပြောပါဦး။ မင်းဟာက.....ခရမ်းသီးလား။ ဘူးသီးလား"

"တကယ့်ငှက်ပါကွ"

"ဘယ်မှာလဲ"

"ကဲ.....ခဏစောင့်၊ ငါသွားယူပေးမယ်"





ပြည်ကျော်ထွက်သွား၏။ ဆယ်မိနစ်ခန့်ကြာသောအခါ သူ့လက်ထဲတွင် ငှက်လှောင်အိမ်လှလှလေးနှင့် ကြက်တူရွေးနှစ်ကောင်ပါလာသည်။

"ကြက်တူရွေး၊ အဲ.....ကြက်တူရွေးလည်း မဟုတ်ဘူး"

တိုင်းကျော်က ငှက်ကို သရုပ်ခွဲနေပြန်သည်။

"ကြက်တူရွေးမျိုးနွယ်ထဲကပဲ၊ အဲ.....ဒါပေမဲ့ အာဖရိကကြက်တူရွေး Madagascan parrotလို့လည်း ပြောလို့ရတယ်၊ အဲဒီကောင်တွေကိုမှ Lovebirdလို့ ခေါ်တာ"

"တကယ်"

"မယုံရင် အဘိဓါန်ကြည့်နိုင်တယ် သူငယ်ချင်း။ အဲ.....မင်္ဂလာပွဲကတော့ နှစ်ရက်ပဲလိုတော့တာနော်၊ ငါတို့နှစ်နာရင်....."

"ဟိုး.....တော်.....တော်.....မင်းတို့နှစ်နာမယ့် ကိစ္စမဖြစ်စေရဘူး။ ယုံတယ်၊ မင်းငှက်နှစ်ကောင်ကိုလည်း သဘောကျတယ်၊ အင်း.....မြို့သူမြင်ရင်လည်း ချစ်မှာပဲ"

ထိုစကားကြောင့် ပြည်ကျော် 'ခွီး'ကနဲ ထရယ်သည်။

"အဲဒါက ဘာဖြစ်ရတာလဲ"

"အော်.....မြို့သူမြင်ရင်လည်း ချစ်မှာပဲဆိုလို့ ရယ်တာ"

"ဒါ ရယ်စရာလား"

"ရင်တုန်လာလို့၊ ပရမ်းပတာမဖြစ်ခင် သက်သာရာရအောင် ထ,ရယ်ထားလိုက်တာ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်"

"ဘာဆိုင်လဲလို့ မေးနေတယ်"

နိုင်ငံကျော် မျက်နှာကို အတတ်နိုင်ဆုံး တည်ထားလိုက်၏။ သူ ဘယ်လိုတည်တည် ပြည်ကျော်က မျက်နှာပိုးမသေ.....။ ဘုမသိ ဘမသိ တိုင်းကျော်ပင် မျက်နှာကမချိုမချဉ်နှင့်.....။



www.burmeseclassic.com

www.burmeseclassic.com



"အော်.....မင်္ဂလာဆောင်ပြီးရင် မင်းက ငါတို့နဲ့ ခွဲနေရတော့မှာ မဟုတ်လား"

လေသံက လွမ်းချင်စရာလေး.....။ သို့သော်.....နိုင်ငံကျော် မလွမ်းအား.....။ တစ်သက်လုံးက ယုံကြည်ချင်စရာ မကောင်းခဲ့သော သူငယ်ချင်းတွေအကြောင်း သိသည်။

"အင်းလေ.....ဘာဖြစ်လဲ"

"တစ်ခါတစ်လေတော့ ငါတို့ကို မင်းသတိရမှာပေါ့"

"ဟင်.....အလုပ်က မလုပ်ရမှာကျနေတာပဲ၊ ဆိုင်မှာတွေ့မယ့် ဟာကို....."

"အင်းကွာ.....ရတယ်ပဲထားကွာ၊ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ငါတို့ကို သတိရရင် ဒီအချစ်ငှက်ကလေး နှစ်ကောင်ကို အလွမ်းပြေကြည့်ပေါ့၊ သူတို့နာမည်က တိုင်းကျော်နဲ့ ပြည်ကျော်တဲ့၊ စိတ်တော့မကောင်းစရာပဲ၊ တိုင်းကျော်က ဒီမှာ ဘဝပြောင်း ပြီး အမ,လေး ဖြစ်နေရှာတယ်"

"ခွေးမသား"

နိုင်ငံကျော်နှင့်တိုင်းကျော်.....ပြည်ကျော်ကို ပြိုင်တူမေတ္တာပို့လိုက် ကြသည်။ ပြည်ကျော်ကတော့ တဟားဟားရယ်လျက်.....။ လှောင်အိမ်ထဲမှ ငှက်နှစ်ကောင်ကလည်း ကွိကျိ.....ကွိကျိ.....အော်မြည်လျက်.....။

✪✪✪





တကယ့်,တကယ် မင်္ဂလာဆောင်နေ့ကျတော့.....ပြည်ကျော်က Love seatဟုခေါ်သော 'S'ပုံစံ ဆိုဖာထိုင်ခုံကြီးတစ်လုံး လက်ဖွဲ့သည်။ ချစ်သူချင်း မျက်နှာချင်းဆိုင် ထိုင်လို့ရသည်တဲ့။ တိုင်းကျော်ကတော့ Love cupဟုခေါ်သော လက်ကိုင်နှစ်ဖက်နှင့် ကြွေခွက်လှလှလေးထဲ ခရမ်းချဉ်သီးကြီးထည့်ဖြစ်အောင် ထည့်ပေးလိုက်သေးသည်။

နိုင်ငံကျော်တို့ မင်္ဂလာပွဲက တကယ့်ကို နိုးရိုးစင်းစင်း လှလှပပလေး ပြီးဆုံးသွားခဲ့သည်။ သူတို့ကို ကြည့်နေရသော တိုင်းကျော်နှင့်ပြည်ကျော်ပင် အပျော်တွေ ကူးစက်နေလျက်.....သူတို့ ဘယ်လောက်ပျော်မလဲဆိုတာ မှန်းဆ၍ ရနိုင်ပါသည်။

မင်္ဂလာနေ့ရက်၏ လေညင်းများကပင် ပျော်စရာရနံ့များကို သယ်ဆောင်လာခဲ့လေရော့သလား မသိ။

✪✪✪✪✪

www.burmeseclassic.com

www.burmeseclassic.com



**Doomsday (n) - the last day of the world's existence**



မနက်ဒိပ်ရောကထတော့ ခါတိုင်းလို စောစောထကာ လက်ဖက်ရည် ဖျော်ထားပေးမည့် နိုင်ငံကျော်မရှိသဖြင့် နှစ်ယောက်သား ဆိုင်ပြေးကြရသည်။

"မနက်,မနက် ဒီကောင် လက်ဖက်ရည် လာပို့ပေးရင်ကောင်းမှာပဲ"

မှာထားသော လက်ဖက်ရည် ချက်ချင်းရောက်မလာသေး၍ တိုင်းကျော်က စိတ်မရှည်စွာစောင့်ရင်း ထိုသို့ပြောခါ၏ ပြည်ကျော်က မျက်မှောင်ကြုတ်ကာ ပြုံးရင်း.....

"စိတ်ကူးယဉ်မနေနဲ့ ကိုယ့်လူ၊ မင်းကောင်က ခုလောက်ဆို မင်းကို လက်ဖက်ရည်ပို့ဖို့ နေနေသာသာ သတိတောင်ရမှာမဟုတ်ဘူး။ ခုလောက်ရှိ ရွှေမြို့သူဖျော်ပေးတဲ့ ကော်ဖီကောင်းကောင်းနဲ့ ပီတိဖြစ်နေလောက်ပြီ"

"ဘာလဲ.....မင်းက အားကျနေတာလား"

"ဘာ.....အားကျစရာရှိလဲ၊ အမှန်ကိုမြင်တတ်တာ၊ မင်းသာ အမှန်ကို မမြင်တတ်တာ"

"ဒါဆို မင်းက လူပျိုကြီးလုပ်မယ်ပေါ့"

"ပြောမိလား"

"လေသံက ဆင်သလားလို့"

www.burmeseclassic.com



"အဲဒီလို မပါးနပ်မှုတွေနဲ့ မင်း ခုထိမစွံတာ"

"ဟော့ကောင်.....မင်းကိုပြောနေတာ ငါ့ဘက်လှည့်မလာနဲ့"

စားပွဲထိုးရောက်လာကာ လက်ဖက်ရည်နှင့် ထမင်းကြော် လာချမှ သူတို့ရန်ပွဲက ရပ်တော့သည်။ ဒါတောင် အဖျားကခတ်လိုက်သေးသည်။

"တော်ပြီ.....မင်းကို ပြောရတာထက်စာရင် လက်ဖက်ရည်နဲ့ ထမင်းကြော်က ပိုအရသာရှိလိမ့်မယ်"

"ငါလည်း မင်းလိုပါပဲ"

နှစ်ယောက်သား အစားကိုယ်စီနှင့် ငြိမ်သွားကြဆဲ.....

"နက်(စ်)ခါးခါးတစ်ခွက်"

ကြားဖူးနေကျအသံကြီးနှင့် မြင်ဖူးနေကျ လူတစ်ယောက် ဝိုင်းထဲ ရွတ်တနဲ့ ဝင်ထိုင်လာ၏။

"ဟူ....."

"မြတ်စွာဘုရား"

နိုင်ငံကျော်ဖြစ်နေ၍ နှစ်ယောက်သား ဘုရားကို ဝေါဟာရမတူ အောင် တ,လိုက်ကြသည်။ နိုင်ငံကျော်၏မျက်နှာကတော့ တစ်သက်တွင် တစ်ခါမှမမြင်ဖူးသော မျက်နှာမျိုးနှင့် ပျက်ယွင်းလို့.....။ ပြည့်ကျော်က အခြေအနေကို စက္ကန့်အနည်းငယ် အသုံးချ၍ အကဲခတ်လိုက်ပြီး.....။

"မင်း စောစောစီးစီး အိုက်တင်ကျင့်နေတာလား"

နိုင်ငံကျော် ဘာမှပြန်မဖြေ.....။ အာရုံမရှိသူလို ကြောင်ငေးနေ သည်။ တိုင်းကျော်က မျက်နှာရှေ့လက်ကာပြလိုက်ပြီး.....

"ဟေ့.....ဟေ့.....သတိရလာပြီလား"

ထိုအခါကျမှ တိုင်းကျော်ကို မျက်လုံးပြူးကြီးနှင့်ကြည့်ကာ သက်ပြင်းအကြီးကြီးကို ချ၏။ ဘာစကားမှတော့ ထွက်မလာ။

"မဆိုးဘူး။ သတိရလာပြီ"

နောက်သာ နောက်နေရသည်။ ကာယကံရှင်က ဘာဖြစ်နေမှန်း





မသိတော့.....တိုင်းကျော်နှင့် ပြည့်ကျော်ပင် အနေခက်လာသည်။ တော်ဒီ ရောက်လာတော့လည်း နိုင်ငံကျော်က လက်ဖျားနှင့်ပင်မတို့၍ ပြည့်ကျော်က ပင် ဖောက်ထည့်ကာဖျော်ပေးရ၏။ မိနစ်အနည်းငယ်မျှ တိုင်းကျော်နှင့် ပြည့်ကျော် တစ်ယောက်နှင့်တစ်ယောက် ပဟေဠိဆန်စွာ ကြည့်ရင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသေးသည်။ အတော်ကြာမှ တိုင်းကျော်က.....

"နိုင်ငံကျော်"

"............"

နိုင်ငံကျော်က မထူး.....။ မျက်လုံးတော့ လှန်ကြည့်၏။

"မင်း.....ဘာဖြစ်လာတာလဲ"

ပြည့်ကျော်ကပါ ထောက်ခံ၏။

"အေး....မင်း ဘာဖြစ်လာတာလဲ၊ ရွှေမြို့သူကော....."

ရွှေမြို့သူဟူသော နာမည်ကိုကြားလျှင် ခါတိုင်းဆို ဖုံးမရ,ဖိမရ ပြုံးသွားတတ်သော နိုင်ငံကျော့်မျက်နှာက သိသိသာသာကို ပြုံဆင်းသွား သည်။ ပြီး.....အမေးကိုမဖြေနိုင်သေးဘဲ သက်ပြင်းကိုသာ တွင်တွင်ချနေ ၏။ မေးခွန်းကား ပြီးဆုံးသွားပြီ.....။ အဖြေမရသေးတာမို့ တိုင်းကျော်နှင့် ပြည့်ကျော်လည်း အဖြေကို စိတ်တထင့်ထင့် စောင့်နေရုံကလွဲ၍ ဘာမှ မလုပ်တတ်.....။

မိနစ်များစွာ ထပ်ကြာသွားသည်။

နိုင်ငံကျော့်ရှေ့က ကော်ဖီခွက်က အေးစက်လို့.....။

"ငါ....."

အသံတစ်သံ ပထမဆုံးထွက်လာတာမို့ တိုင်းကျော်နှင့် ပြည့်ကျော် နိုင်ငံကျော့်မျက်နှာကို စိတ်အားထက်သန်စွာ ကြည့်လိုက်ကြသည်။ နိုင်ငံကျော်က စကားကိုစ,ရန် ခက်ခဲနေသလိုနှင့် မစသေး..... ပြီးမှ.....သက်ပြင်းကို ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ ချကာ စကားဆိုလေ၏

"ငါ....."



www.burmeseclassic.com

www.burmeseclassic.com



"အင်း....."

"ရွှေမြို့သူနဲ့ကွာချင်တယ်"

"ဘာ....."

"ဘာ....."

နှစ်ယောက်သား မယုံကြည်နိုင်စွာ ထ,အော်မိကြသည်။ ပြည်ကျော်ကတော့....

"ဘာ.....ဘာပြောတယ်၊ မင်း.....ဘာပြောလိုက်တယ်"

"ရွှေမြို့သူနဲ့.....ကွာ.....ရှင်း.....ချင်.....တယ်.....လို့"

တိုင်းကျော် မျက်မှောင်ကြုတ်ကာ စဉ်းစားမရဖြစ်နေဆဲ..... ပြည်ကျော်ကတော့ မယုံကြည်နိုင်စွာ အော်နေသည်။

"ဟာ.....အဓိပ္ပါယ်မရှိတာ၊ မဖြစ်နိုင်တာ၊ မင်းတို့ မနေ့ကမှ မင်္ဂလာဆောင်တာလေ"

"အေးလေ"

"အဲဒီလို မင်္ဂလာဆောင်ခဲ့ကြလို့ပဲ၊ ခု.....ကွာရှင်းချင်တာပေါ့၊ မဟုတ်ရင် ဘာကွာရှင်းချင်စရာ အကြောင်းရှိလဲ"

နိုင်ငံကျော်တစ်ယောက် ခေါင်းထောင်,ထလာကာ ခက်ထန်စွာ ပြော၏။ တိုင်းကျော်ကတော့ နိုင်ငံကျော်ကို မယုံကြည်နိုင်စွာကြည့်ကာ.....

"မင်း.....နောက်နေတာ မဟုတ်ပါဘူးနော်"

"ဒါ.....နောက်စရာလား"

စိတ်တိုတတ်သော ပြည်ကျော်က ထ,အော်၏။ ပြီးမှ..... နိုင်ငံကျော့်ဘက် ပြန်လှည့်ကာ.....

"ကဲ.....မင်းပြော၊ ဘာဖြစ်လာတာလဲ၊ ရန်ဖြစ်လာတာလား....."

နိုင်ငံကျော် ခေါင်းခါ၏။

"စကား ကတောက်ကဆ ဖြစ်လာတာလား....."

ခေါင်းခါပြ၏။





"ဒါဆို.....ရွှေမြို့သူ မိဘတွေနဲ့"

ခေါင်းခါပြန်သည်။

"ဒါဆို မင်းမိဘ....."

လက်ပါခါပြ၏။

တိုင်းကျော်က စိတ်မရှည်ချင်တော့.....။

"ကဲ.....ဒါဆို ဘာဖြစ်လာတယ်ဆိုတာကို မင်းပြော.....ငါတို့ ဖြေရှင်းပေးမယ်၊ ကလေးကလားမှမဟုတ်တာ၊ မနေ့ကယူ..... ဒီနေ့ ကွာရအောင်....."

နိုင်ငံကျော် ဘာမှပြန်မဖြေပါ။

"ဘာဖြစ်လာတယ်ဆိုတာ ပြောမှ.....ငါတို့က ဖြေရှင်းလို့ရမှာပေါ့"

ပြည်ကျော်ကပါ ထပ်မေး၏။

ထိုအခါကျမှ နိုင်ငံကျော်က.....

"မင်းတို့ ဖြေရှင်းပေးလို့မရဘူး"

"ငါတို့ ဖြေရှင်းပေးလို့မရအောင် ပြဿနာက ဘာမို့လဲ....."

"မင်းတို့တင်မကဘူး။ ဘယ်သူကမှ ဖြေရှင်းမပေးနိုင်ဘူး။ အေး..... ဘုရားတန်ခိုးနဲ့ ဖြေရှင်းတာတောင် ပြေလည်မှာမဟုတ်ဘူး၊ ဒါပဲ ငါပြောတတ်တယ်"

နိုင်ငံကျော်က ဒီနေ့အဖို့ အရှည်ဆုံးဝါကျကို ပြောပြီး တာဝေး အပြေးသမားလို မောပမ်းစွာ ငြိမ်သက်သွားသည်။ တိုင်းကျော်နှင့် ပြည်ကျော်ကတော့ တစ်ယောက်ကိုတစ်ယောက် နားမလည်နိုင်သလို ကြည့်မိကြ၏။ ဒီမျက်နှာနှစ်ခုက ဒီနေ့မှ အလကားနေရင်း ကြည့်ကြည့်မိနေတာ အကြိမ်ပေါင်းပင်မရေနိုင်တော့.....။ သူတို့ပါ ရောယောင်ပြီး သက်ပြင်းကြီးကို ချလိုက်ကြသည်။

စကားဝိုင်းကတော့ မုန်တိုင်းပြီးစအချိန်လို ငြိမ်သက်လျက်.....။

အတော်ကြာတော့မှ ပြည်ကျော်က နာရီကို ကြည့်ကာပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ.....ကိုးနာရီထောင်ကျော်နေပြီ ဒီနေ့ ငါဆိုဒ်မှာ အလုပ်ရှိတယ်"

တိုင်းကျော်က.....

"အေး.....ငါလည်း အလုပ်တွေပစ်ထားတာ ကြာပြီ"

ဘယ်သူ ဘာပြောနေနေ နိုင်ငံကျော်က မလှုပ်....။ ပြည်ကျော်က စားပွဲထိုးကိုခေါ်ကာ ငွေရှင်း၏။ ထိုအချိန်ထိ နိုင်ငံကျော်က မလှုပ်....။ အမှန်က အလုပ်ဟူသမျှ သူတို့လက်ထဲမှာမို့ အချိန်က အရေးကြီးလျှင် ကြီးသလို ရွှေ့လို့ရသည်သာ....။ သို့သော်.....ဒီလိုကြီး ဘုမသိ,ဘမသိ ထိုင်နေရမှာထက်စာလျှင် တစ်ခုခုထ,လုပ်လိုက်တာက အပြောင်းအလဲ တစ်ခုရနိုင်သည်မို့ အလုပ်ကိစ္စကို အကြောင်းပြလိုက်ရခြင်း ဖြစ်သည်။

"နိုင်ငံကျော်"

"ဟေ....."

"ဘာလုပ်မှာလဲ"

"ဘာလုပ်ရမှာလဲ"

"ငါတို့က ဆိုင်သွားမှာ"

"ငါလည်း လိုက်မယ်"

"ဟင်.....မင်း ဒီနေ့ ငွေဆောင်သွားမှာဆို"

တိုင်းကျော်က အူကြောင်ကြောင်နှင့် ပြန်ပြော၍ ပြည်ကျော်က မျက်မှောင်ကြုတ်ကာ တားရသည်။ မှန်တိုင်းကျနေပါတယ်ဆိုမှ ရှင်လောင်း လှည့်ရဦးမယ်.....ဆိုသော လူနှင့်တွေ့နေသည်။ နိုင်ငံကျော်ကတော့ ထိုစကားကြားမှ တိုင်းကျော်ကို ဟုကြည့်,ကြည့်ကာ.....

"မင်း.....ဗမာစကား နားမလည်ဘူးလား"

တိုင်းကျော်ပင် ကြောင်သွားရ၏။

"အမ်....."

"မင်းကို ငါ ဗမာလိုပြောနေတာ ကွာရှင်းချင်ပါတယ်ဆိုမှ ငွေဆောင်သွားစရာလိုသေးလား.....မင်းပဲသွား....."





ခါတိုင်း အချိန်လိုဆိုလျှင်တော့ သွားလိုက်မှာပင်....။ တို့မှာ တစ်ပတ်စာ နေစရိတ်၊ စားစရိတ် ငွေချေပြီးသား....။ သူငယ်ချင်း တစ်ယောက်က honeymoonအတွက် လက်ဖွဲ့ထားခြင်း ဖြစ်သည်။ ခုဟာက နိုင်ငံကျော် ဘာဖြစ်နေမှန်း မသိသေးတာက အရေးကြီးတာမို့ ငွေဆောင်.....ဆိုတာကြီးကို ခေတ္တမေ့ထားလိုက်ရသည်။

"လာ.....ငါလည်းအလုပ်သွားမယ်"

နိုင်ငံကျော်ပါ ထိုင်ရာက,ထတာမို့ အားလုံး ကားပေါ်ရောက် သွားကြသည်။ တိုင်းကျော်က ကားကို ဂရုစိုက်သာ မောင်းနေရသည်၊ စိတ်ကမဖြောင့်.....။ ပြည်ကျော့်ကိုငဲ့ကြည့်တော့ ပြည်ကျော်က စကားစရန် ပြင်နေသည်။

"နိုင်ငံကျော်"

"အင်း"

"မင်း.....ရွှေမြို့သူနဲ့ ဘာဖြစ်လာလဲ"

"ဘာမှဖြစ်မလာဘူး"

"ဘာမှမဖြစ်ပဲနဲ့ ဘာလို့ ကွာရှင်းချင်ရတာလဲ"

"တစ်ခုခုဖြစ်မှ ကွာရှင်းရတာလား"

"မင်း စကားမကပ်ပါနဲ့၊ မင်းတို့ ဒီလောက်ချစ်ကြတာ တစ်ခုခု မဖြစ်ဘဲနဲ့ ကွာရှင်းချင်မလား"

နိုင်ငံကျော် ခဏငြိမ်သွား၏။ ပြီးမှ.....

"တစ်ခုခုဖြစ်မှ ဆိုရင်တော့၊ ပြည်ကျော်....."

"အင်း....."

"ငါ့ကမ္ဘာလေး ပြိုကျသွားပြီ"

"ဘာ.....ဘယ်လို"

"ဒီနေ့ဟာ ငါ့အတွက် dooms dayပြီး နောက်တစ်နေ့ပဲ"

"ဘာ.....dooms dayဟုတ်လား"



www.burmeseclassic.com

"ဟုတ်တယ်၊ မနေ့ကညဟာ ငါရဲ့ တည်ရှိမှုနောက်ဆုံးညပဲ၊ ငါ....."

နိုင်ငံကျော် စကားအ,သွားသူလို အသံဆက်ထွက်မလာတော့။

"မင်း.....မင်း.....ဘာဖြစ်လဲ၊ နိုင်ငံ....."

တိုင်းကျော်က ဝင်မေး၏။

နိုင်ငံကျော်က အသိမဲ့သူတစ်ယောက်လို ကြောင်ငေးငေးဖြစ်နေ၏။

"ဘာလို့.....မင်းက မင်းရဲ့ wedding dayကို dooms dayလို့ ပြောရတာလဲ"

"ငါ့ရဲ့ နောက်ဆုံးညမို့ပေါ့ကွာ၊ နိုင်ငံကျော်ဆိုတဲ့ကောင်အတွက် နောက်ဆုံးညမို့ပေါ့၊ မရှိတော့ဘူး၊ ငါ.....ညကပဲသေသွားခဲ့ပြီ"

လူပျိုတစ်ယောက်၏ နောက်ဆုံးညမို့ ပျော်ပျော်ရွှင်ရွှင် ပြောနေသော လေသံမျိုးလည်းမဟုတ်၍ တိုင်းကျော်နှင့် ပြည်ကျော် စဉ်းစားရခက်နေကြသည်။

"နေပါဦး"

"အင်း"

"မင်းရဲ့ကမ္ဘာကို ဘယ်သူက ဖျက်ဆီးလိုက်လို့လဲ"

နိုင်ငံကျော် နာကျင်စွာ တစ်ချက်ပြုံး၏။ ပြီးမှ.....တစ်လုံးချင်း ဖြေသည်။

"ရွှေ.....မြို့.....သူ"

"မဖြစ်နိုင်တာ....."

တိုင်းကျော်နှင့်ပြည်ကျော်အတွက်ကတော့ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်.....။

"ဖြစ်ခဲ့ပြီးပြီ သူ....သူ ငါ့ကို ကြီးကြီးမားမား လိမ်ညာထားခဲ့တယ်"

"ဘာ....."

တိုင်းကျော်နှင့် ပြည်ကျော်မှာတော့ ချစ်သူငယ်ချင်း နိုင်ငံကျော်၏





စကားသံနှင့် အပြစ်ကင်းလှသော ရွှေမြို့သူ၏မျက်နှာလေး.....ဘယ်လိုမှ ဆက်စပ်မရ။ ပြည်ကျော်ကတော့ သက်ပြင်းကိုအသာချကာ ပေ၏။

"စိတ်တော့မရှိနဲ့ နိုင်ငံကျော်"

"ဘာလဲ....."

"ရွှေမြို့သူက အပျိုမဟုတ်လို့လား"

"ကျွတ်....."

နိုင်ငံကျော်က ခါးသီးစွာ စုတ်သပ်၏။

"မဆိုင်ပါဘူးကွာ၊ ဖြစ်ရပ်တွေက မင်းတို့ထင်ထားတာထက် အများကြီးဆိုးတယ်"

"ဒါဆို....."

"ဒါပေမယ့်ကွာ"

"ဘာ.....ဒါပေမယ့်လဲ"

"ငါ မင်းတို့ကို ခု.....ပြောပြလို့ မထွက်သေးဘူး"

ပြည်ကျော်က နားလည်စွာ ခေါင်းငြိမ့်၏။

"အေး.....မပြောချင်ရင်လည်း မပြောနဲ့၊ ဒါပေမဲ့ တစ်ခုတော့ ငါ့စကားနားထောင်ပါ"

"ဘာလဲ"

"တစ်.....စိတ်လိုက်မာန်ပါ အလျင်စလို မလုပ်ပါနဲ့၊

နှစ်.....သေသေချာချာ ပြန်စဉ်းစားပါ၊

သုံး.....တစ်ဖက်သားကိုလည်း မျှမျှတတ စဉ်းစားပေးပါ၊

လေး.....စဉ်းစားပါဆိုတဲ့နေရာမှာ မင်းနဲ့ ရွှေမြို့သူတွေ့ကတည်းက ချစ်တဲ့အချိန်.....လက်ထပ်ဖို့ရွေ့ခဲ့တာ.....ခု.....လက်ထပ်တာထိပေါ့"

လက်ထပ်ဖို့ရွေ့ခဲ့တာ.....ဆိုသည့်စကားကြောင့် နိုင်ငံကျော် အသက်ဝင်လာသူလို ချက်ချင်းခေါင်းထောင်,ထလာသည်။ ဘာမှတော့ မပြော.....။ တစ်စုံတစ်ခုကို ရှာဖွေမိသွားဟန်တူသည်.....။



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျော်ကပါ လောက်ခံ၏။

"ပြည်ကျော် ပြောတာမှန်တယ်၊ မင်း.....အချိန်ယူပါ၊ စဉ်းစားပါ၊ ဒီရက်ပိုင်း အနားယူတယ်လို့ သဘောထားပေါ့၊ အလုပ်ခန်းထဲ မနေချင်လည်း အိမ်ပြန်နေလို့ရတယ်၊ မင်းအခန်းက ဒီတိုင်းပဲ ရော့.....သော့"

အသက်အနည်းငယ်ဝင်လာသော အရုပ်တစ်ရုပ်လို နိုင်ငံကျော် လှုပ်လှုပ်ရှားရှား ဖြစ်စပြုလာသည်။

"ငါ.....ရုံးခန်းမှာပဲ နေပါ့မယ်"

"အိုကေ.....လိုရင်ခေါ်လိုက်၊ ငါတို့ပါ ကူ ဖြေရှင်းပေးမယ်"

ကားလေးက Country Minimarketရှေ့မှာ ထိုးရပ်လိုက်သည်။ အသက်မဲ့သူများပမာ ဆင်းလာသော သူတို့ ဆရာသမားများကို ကြည့်ကာ ဆိုင်ထဲမှဝန်ထမ်းများမှာလည်း နားလည်ရခက်စွာ ကြောင်စီစီလေးများ ဖြစ်နေကြရတော့၏.....။

✪✪✪✪✪





# PART II



www.burmeseclassic.com

www.burmeseclassic.com



**recall (v) - remember**





နှင်းတို့ ဖိတ်စိုအေးစိမ့်နေသော နံနက်ခင်းတစ်ခုတွင် ဖြစ်သည်။

မနေ့က တစ်နေ့လုံး သောင်းကျန်းထားသမျှ စောစောအိပ်ရာဝင်ခဲ့ကြသဖြင့် ဒီနေ့ မနက်အစောကြီး ကြောင်စီစီနှင့် နိုးနေကြသည်မို့ ထုံးစံမရှိသော အလုပ်တစ်ခုကိုလုပ်ရန် ဆုံးဖြတ်ပြီး တိုင်းကျော်၊ ပြည့်ကျော်နှင့် နိုင်ငံကျော်တို့ ကျောင်းသို့ထွက်လာခဲ့ကြသည်။ တစ်ခါမှ နံနက်စောစော ကျောင်းမရောက်ဖူးသဖြင့် ကျောင်းထဲပတ်လျှောက်နေမိကြ၏။

"မဆိုးဘူးကွ"

"ဘာလဲကွ.....အဆုံးမရှိ အစမရှိ"

"မနက်စောစော ကျောင်းထဲလျှောက်ရတာလေ"

"ဟင်.....မနက်စောစော လမ်းလျှောက်တာများ ကျန်းမာရေးနဲ့ ညီညွတ်တာ လူတိုင်းသိပြီးသား၊ ဘာမဆိုးဘူးလဲ"

"ဒါကို ပြောတာမဟုတ်ဘူး"

"ဘာလဲ....."

"ကျောင်းထဲမှာ လမ်းလျှောက်ရတာနဲ့ တခြားမှာ မနက် လမ်းလျှောက်ရတာ ခံစားချက်ချင်းမတူဘူး"

"ဘာလဲကွာ....."

"ကျောင်းထဲမှာ လျှောက်ရတာ နွေးထွေးတယ်၊ အမေ့ဗိုက်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်နေရသလိုပဲ၊ လုံခြုံမှုရှိသလိုပဲ၊ ပြီးတော့.....အေးမြတဲ့ ရာသီဥတုလိုပဲ ကျောင်းရိပ်ကလည်း အေးမြတယ်''

တိုင်းကျော်နှင့် ပြည်ကျော်၏အချီအချစကားကို နိုင်ငံကျော်က ခုမှ ဝင်ထောက်ခံသည်။

''ဒါတော့ ဟုတ်တယ်ကွ၊ ငါ ထောက်ခံတယ်''

''ငါကကော ကန့်ကွက်နေလို့လား''

မေးခွန်းတွေချည်း တမေးတည်းမေးနေသော ပြည်ကျော်ကလည်း ခုမှ တစ်ယောက်တည်းကျန်ခဲ့မှာ စိုးသလိုနှင့် 'ထောက်ခံတယ်'ကို သွယ်ဝိုက်သောနည်းနှင့် တင်ပြနေသည်။ သူပြသော'တင်'မှုလည်း ဘယ်သူကမှ စိတ်မဝင်စားကြ.....။

''ဟင်.....ဟိုမှာ ကြည့်စမ်း''

နိုင်ငံကျော် အလန့်တကြားအသံနှင့် လက်ညှိုးညွှန်ရာကို ကြည့်တော့.....။ ဟုတ်ပါသည်.....။ ပန်းပွင့်များနှင့် စီရီရေးထိုးထားသော ပန်းစာလုံးများ.....။ ပန်းတွေကလည်း 'ခ္ဂါပြာ'ပန်းတွေ.....။ ခရမ်းပြာရောင်တောက်ကာ လန်းဆန်းလှပဆဲမို့ စီသွားတာ မကြာနိုင်သေး.....။ ဘေးဘီကိုကြည့်တော့ ဘာမှမတွေ့ရ.....။ သုံးယောက်သား ခြေလှမ်းတွေကို သွက်ကာ စာလုံးကို သွားဖတ်ကြည့်ကြသည်။

'ရွှေမြို့သူ'တဲ့.....။

နိုင်ငံကျော်က စိတ်ဝင်တစားကြည့်ကာ ပြုံး၏။

တိုင်းကျော်ကတော့ မျက်မှောင်ကြုတ်ကာ.....

''ဘာလဲဟ.....ရွှေမြို့သူ''

ပြည်ကျော်က ရယ်ကျဲကျဲနှင့် ဖြေ၏။

''သိုက်စာဖြစ်မှာပေါ့''

''မင်းအကြီး သိုက်စာလား''

''ပြောနိုင်လား.....''





''မပြောနိုင်ပါဘူး''

''အေးလေ.....ဒါကြောင့်ပြောတာ မပြောနိုင်ဘူးလို့''

နှစ်ယောက်တည်း ရှုပ်နေကြပြန်သည်။ နိုင်ငံကျော်ကပါ ဝင်ရှုပ်ပေးလိုက်သည်။

''အေး.....ဥစ္စာစောင့်မလေးက သူ့သိုက်နာမည်ကို ရေးသွားတာနေမှာပေါ့၊ ရေးတာတောင် ခ္ဂါပြာတွေနဲ့.....''

''အေးလေ.....ဒီနားမှာ ခ္ဂါပြာပင်မှမရှိတာ''

''တစ်ခုရှိသေးတယ်ကွ''

နိုင်ငံကျော်က စဉ်းစဉ်းစားစားဟန်နှင့် ပြော၏။

''ဘာလဲ''

''အော်.....ပန်းကလေးတွေနဲ့ လှလှပပရေးထားတာဆိုတော့ ဥစ္စာစောင့်မလေးက ချောမှာပဲ''

တိုင်းကျော်က မျက်နှာကို ယောက်ျားကြီးတန်မဲ့, မဲ့ရွဲ့ကာ.....

''စိတ်ကူးယဉ်မနေနဲ့ မချောတဲ့ ဥစ္စာစောင့်ကော မင်းမြင်ဖူးလို့လား''

''ဒါဆို.....ဥစ္စာစောင့်မှန်ရင် ချောတယ်ပေါ့''

ပြည်ကျော်က ပြန်ရှုပ်၏။

''ငါပြောလို့လား''

''ပြောတယ်လေ.....မချောတဲ့ ဥစ္စာစောင့် မြင်ဖူးလို့လားဆို.....''

ထုံးစံအတိုင်း လက်တစ်လုံးခြား စကားစတွေနှင့် ပတ်ရှုပ်နေပြန်သည်။

နိုင်ငံကျော်ကတော့ သူတို့ အရှုပ်ထဲမဝင်တော့.....။ ကိုယ့်ဘာသာကိုယ် စာလုံးလေးများကို ငေးကြည့်နေမိသည်.....။ ရွှေမြို့သူ.....တဲ့။ ဘာလဲ,.....ရွှေမြို့သူ။ ရွှေရောင်လို လင်းဝါတောက်ပနေသော ကြေးရုပ်ကလေးလား.....။ တွေးပြီးမှ ကိုယ့်ဘာသာကိုယ် ပြုံးမိသည်။ စာလုံးသွားသူသည် မိန်းကလေးဟု ဘယ်သူကမှ အတပ်မပြောနိုင်ပါပဲ စိတ်ကူးယဉ်နေမိသည့်အဖြစ်ကို ပြုံးမိခြင်းဖြစ်သည်။ ကျားကျားလျားလျား—



www.burmeseclassic.com

www.burmeseclassic.com



ကျားအစစ်မဟုတ်ပါပဲ အလိုလို နူးညံ့ချင်နေသော မိန်းမလျာကော မဖြစ်နိုင်ဘူးလား.....။

"အဟား....."

မနေနိုင်တော့ပဲ အသံထွက်ရယ်မိသဖြင့် ငြင်းခုံနေသော နှစ်ယောက်လှည့်ကြည့်သည်။

"ကြည့်ရတာ ပြုစားခံလိုက်ရပြီထင်တယ်"

"မင်းကြီးဒေါ်.....အပြုစားခံရပါလား"

ပြည်ကျော်၏စကားကို ရယ်ရင်း ပြန်ပြောမိသည်။

"ဒါဆို မင်းဘာရယ်တာလဲ"

"အော်.....ဒီလိုတွေးမိလို့ပါ။ ဒါ.....မိန်းကလေးတစ်ယောက် စီသွားတာမဟုတ်ဘဲ ယောကျ်ားကြီးတစ်ယောက်၊ ဒါမှမဟုတ် ကလေးတစ်ယောက် စီသွားတာလည်း ဖြစ်နိုင်တာပဲ၊ ဒီထက်ပိုပြီး အခြောက်ကြီးတစ်ယောက်၊ စိတ်ကူးတွေယဉ်ပြီး လာစီသွားတာလည်း ဖြစ်နိုင်တာပဲလို့ တွေးမိလို့ပါ"

နှစ်ကောင်သား ရယ်ချင်သွားကြသော်လည်း တမင်မျက်နှာကို တည်ထားလိုက်ကာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးမှ.....တိုင်းကျော်က ပြည်ကျော်ကို မေး၏။

"ဥစ္စာစောင့်ဆိုတာကရော တကယ်ရှိလို့လား"

"သိနိုင်ဘူးလေ၊ နိုင်ငံကျော်က လိုင်းစုံတယ်"

နိုင်ငံကျော် သူတို့ကို အသံတိတ် ဆဲရေးပစ်လိုက်သည်.....။ သူတို့ကတော့ ပန်းနှင့်ပေါက်တာလိုပင် သဘောထားသလားမသိ၊ တဟဲဟဲ ရယ်လို့.....။

ထိုနေ့နံနက်ခင်းအပြီး တတိယမြောက် နံနက်ခင်းတစ်ခုတွင်— နိုင်ငံကျော်တစ်ယောက်တည်း မနက်အစောကြီး ကျောင်းထဲ ရောက်ရပြန်သည်။ ကိစ္စက.....အဆောင်တွင်နေ၊ မနေသော မေမေ့မောင်





အငယ်ဆုံး.....ဦးလေးဖြစ်သူထံ အရေးကြီးသော ကိစ္စတစ်ခု သွားအကြောင်းကြားရခြင်း ဖြစ်သည်။ ထုံးစံအတိုင်း ဦးလေးက အဆောင်တွင်မရှိ၊ ဘယ်တိုင်းပြည် ရောက်နေမှန်းလည်း မသိ၍ အကျိုးအကြောင်းပြောခဲ့ပြီး အဆောင်က ပြန်ထွက်လာသည်။

"ဟင်....."

အရင်တစ်ခါ ပန်းစာလုံးများ မြင်ခဲ့သောနေရာတွင်ပင် ပန်းတချို့ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ ဒီတစ်ခါပန်းတွေက ပိုထင်ရှားသည်။ မြက်ခင်းစိမ်းစိမ်းပေါ်တွင် အဖြူရောင်စံပယ်ပန်းများ အစီအရီ.....။ သူလာတုန်းက ဒီစာလုံးတွေမရှိ၊ ခုမှ တွေ့ရသဖြင့် သူအဆောင်ထဲရောက်နေတုန်း လာစီသွားတာ ဖြစ်ဖို့များသည်။ လမ်းကလည်း ထုံးစံအတိုင်း ရှင်းလင်းလို့.....။

စာလုံးများကို သွားဖတ်ကြည့်တော့ ထင်ထားသည့်အတိုင်း အရင်တစ်ခေါက်ကလိုပင် ရွှေမြို့သူ.....တဲ့၊ နိုင်ငံကျော် စိတ်ဝင်စားသွားတာတော့ သေချာသည်။ ထို့ကြောင့် တိုင်းကျော်နှင့် ပြည်ကျော်ရောက်လာတော့ ဖောက်သည်ချမိသည်။

"ဟေ့ကောင်တွေ....."

"ဘာလဲ....."

"မနက်က.....အစောကြီး ငါ လေးလေးဆီလာတော့ ဘာတွေ့လဲ သိလား....."

"လေးလေးဆီသွားတာ လေးလေးပဲတွေ့မှာပေါ့။ အန်တီတော့ ဘယ်တွေ့ပါ့မလဲ....."

တိုင်းကျော်က ဘာမှမဖြေ.....။ ပြည်ကျော်ကသာ နိုင်ခံပြောနေခြင်း ဖြစ်သည်။

"မဟုတ်ဘူးကွ၊ ငါ မနက်က.....ဟိုတစ်ခါတွေ့သလို ပန်းစာလုံးတွေ ထပ်တွေ့ခဲ့လို့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ တိုင်းကျော်က အာရုံဝင်လာသလို မေး၏။

''ဘာလဲ.....ရွှေမြို့သူလား''

''အင်း''

''ဘာပန်းတွေလဲ၊ အရင်လို နွာပြာတွေပဲလား''

''ဟင့်အင်း.....စံပယ်တွေ''

''သေချာနေပါပြီ''

တိုင်းကျော်က စကားကို လေးလေးနက်နက်ပြော၏။ ပြည်ကျော်က မျက်မှောင်ကြုတ်ကာ.....

''ဘာ သေချာတာလဲ''

''ဒီကောင့်ကို ရွှေမြို့သူသိုက်က သိုက်ကြိုးချည်ထားလိုက်ပါပြီ''

''ဟင်.....''

နိုင်ငံကျော်က.....'ဟင်'သွားသလောက် ပြည်ကျော်က မျက်မှောင်ကြုတ်ပြီးရင်းကြုတ်ကာ မေး၏။

''ဘာလဲ.....သိုက်ကြိုးချည်တာ''

''ရော်.....ခက်နေပါပြီ၊ ဒါလေးတောင် မသိဘူးလား၊ သိုက်က တစ်ယောက်ယောက်က သူ့ကို ချစ်လို့သော်လည်းကောင်း၊ လူစားလဲချင်လို့သော်လည်းကောင်း၊ သိုက်ကြိုးချည်ထားတာကို ခေါ်တာ.....''

''ဟုတ်ရဲ့လားကွာ''

ပြည်ကျော် နည်းနည်းလေသံပျော့လာ၏။ သူ မကြားဖူးသော စကားလုံးများနှင့် အကြောင်းအရာများမို့ ခံကလည်းမငြင်းရဲ.....ပြန်ကလည်းမပြောသာ.....။ အကြပ်ရိုက်နေပုံရသည်။ ထို့ကြောင့် နိုင်ငံကျော်ကပင် ဝင်တားရတော့၏။

''တော်ပါတော့.....တိုင်းကျော်ရာ၊ မော်ဆရာမှတ်တမ်းတွေ ပရောဂကုထုံးတွေ ဖတ်ထားပြီး လာပြောမနေပါနဲ့''

''ဒါတော့ မင်းတို့အပိုင်းပါ၊ ယုံပါလို့ ငါက တိုက်တွန်းနေတာမှ မဟုတ်တာ''





''ပြည်ကျော်.....ဒါဆိုရင် လူစားလဲရင် နိုင်ငံကျော်က သေမှာပေါ့နော်''

''ဒါပေါ့.....''

''သေချာရဲ့လားကွာ''

''သေချာတယ်''

''သေချာရင် ကောင်းပါတယ်၊ သူ့ပစ္စည်းတွေထဲက ငါကြိုက်တာ ကြည့်ထားလိုက်မယ်''

''အံမယ်.....ငါ့ဖို့လည်း ချန်ဦး''

''မချန်ပါဘူး၊ မင်းက ဆရာကြီးပဲ၊ သိုက်ပဲသွားတူးပေါ့''

ထုံးစံအတိုင်း တိုင်းကျော်နှင့် ပြည်ကျော် ဆူညံသွားကြပြန်သည်။

ဘယ်သူတွေ ဘာထင်ထင်၊ ဘယ်လို သုံးသပ်သုံးသပ်၊ ဘာကြောင့် လို့ပြောပြော....ထိုနေရာလေးကိုတော့ နောက်တစ်နေ့ နံနက်စောစော လာကြည့်ဖို့ နိုင်ငံကျော် ဆုံးဖြတ်လိုက်သည်။ အင်း.....သူတို့ ပြောတာလည်း ဖြစ်တော့ဖြစ်နိုင်သည်ပဲ.....။ ဘာမှမဟုတ်သော ပန်းစာလုံးများနှင့်ပင် သူ အပြုစားခံလိုက်ပြီ မဟုတ်လား။ အရေးကြီးတာက ပန်းစာလုံးလေးများ၏ အဖြေပင်ဖြစ်သည်။

''ဟာ.....ဟော့.....''

''နိုင်ငံကျော်''

အတွေးလွန်သွားသဖြင့် သူတို့ခေါ်တာ မကြားမိ။ ခုမှ ကြောင်တောင်တောင်ပြန်ထူးတော့ တိုင်းကျော်နှင့် ပြည်ကျော်က စိတ်ပျက် လက်ပျက် ခေါင်းခါကြသည်။

''သွားပြီ''

နိုင်ငံကျော်က ပြုံးကာ.....

''မသွားသေးပါဘူး၊ မနက်ဖြန်မှ သွားမှာ''

အရိပ်ပြ အကောင်ထင်တတ်သော တိုင်းကျော်နှင့် ပြည်ကျော် ...က်လုံးပြူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားပြီ၊ ဆေးမရှိတော့ဘူး"

"ဒုက္ခ.....ဒုက္ခ.....ဘာမှမတတ်နိုင်ဘူး၊ ဒါပေမယ့် ဘဘုန်းကြီးရဲ့ ခါတ်လုံးလေးတော့ ဆောင်သွားကွဲ့၊ ရော့....."

.....ဟုဆိုကာ ပြည်ကျော်က သူ့လွယ်အိတ်ထဲကို လက်နှိုက်သည်။ လက်ပြန်ထွက်လာတော့ ပါလာသည်က.....ဖန်ဂေါ်လီတစ်လုံး။

"ရော့"

"ပေး"

နိုင်ငံကျော် ခပ်တည်တည်နှင့် ယူထားလိုက်သည်။ ဟင်း.....။ ဥစ္စာစောင့်မဖြစ်လို့ကတော့ နိုင်ငံကျော် ထွက်ပြေးလာမှာ သေချာသည်။ အဲ.....ဥစ္စာစောင့်အထီးတို့၊ ဥစ္စာစောင့်အခြောက်တို့ ဖြစ်လို့ကတော့..... ဖန်ဂေါ်လီလုံးစာမိဖို့သာ ပြင်ပေတော့ဟု တွေးလိုက်မိသည်။

သို့သော်.....နိုင်ငံကျော့်ရင်ထဲ တစ်စုံတစ်ခု သေချာနေသလို ခံစားနေရတာကတော့ သေချာ၏။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Lovelock (n) -** a curl of hair at the temple or forehead.





နောက်တစ်နေ့ မနက်စောစော နိုးစက်မပါ၊ ဘာမပါနှင့် နိုင်ငံကျော် နိုးလာခဲ့သည်။ စောစောစီးစီးထကာ ကျောင်းသို့ထွက်သွားသော နိုင်ငံကျော်ကို အမေကလည်း ဇဝေဇဝါ. ...။ အစ်ကိုကလည်း မယုံသင်္ကာ.....။ ဒုတိယနှစ်လောက်တည်းက အိမ်မှာလာနေသော တိုင်းကျော်နှင့် ပြည်ကျော်ကလည်း မရေမရာပါဟု တွေးကာ အိပ်ရာထဲမှပင် မထကြဘဲ ကျန်ခဲ့သည်။

လမ်းကလေးဆီရောက်တော့ ပန်းတွေကို မတွေ့ရသေး.....။ နိုင်ငံကျော် ထိုင်စောင့်ရန် နေရာကောင်းကိုရွေးလိုက်သည်။ သစ်ပင်ကြီး တစ်ပင်၏ အမြစ်များပေါ်တွင် ထိုင်ဖြစ်သည်။ နေရာကတော့ ပန်းစာလုံး များ စီတတ်သောနေရာနှင့် မနီးမဝေး.....။ သို့သော်.....သစ်ပင်ကကွယ် နေ၍ နိုင်ငံကျော့်ကိုတော့ မမြင်သာ.....။

နာရီတကြည့်ကြည့်နှင့် မနေ့က လေးလေးဆီလာသောအချိန်ကို စောင့်နေမိသည်။

ခဏကြာတော့ ကားလေးတစ်စင်း လင်းထဲလိမ့်ဝင်လာသည်။ စက်သံက ငြိမ်သက်လွန်း၍ နိုင်ငံကျော်ပင် ချက်ချင်းသတိမပြုမိ.....။ ကားလေးက လမ်းဘေးတွင်ထိုးရပ်ကာ ကားပေါ်မှ လူတစ်ယောက် ဆင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွှေမြို့သူ"

နိုင်ငံကျော်.....နှုတ်မှ ပွင့်ထွက်မသွားရုံတမယ် ရေရွတ်မိသည်။ ဟုတ်ပါသည်။ ကားပေါ်မှ ဆင်းလာသော မိန်းကလေးက 'ရွှေမြို့သူ'ဟု တင်စားလျှင်ပင် ရနိုင်သောမိန်းကလေး ဖြစ်နေသည်ကိုး.....။ ဆံနွယ်လိပ်လိပ်ခွေခွေလေးများကအညိုရောင်သန်းနေကာ အသားအရေက ဖါဝင်းတောက်ပနေသည်။ ဝတ်ထားသော ပန်းနုရောင်ဖျော့ဖျော့လေးက သူမ အသားအရည်နှင့် လိုက်ဖက်လှ၏။ သူမလက်ထဲမှာက ပန်းနုရောင် ရေမွှေးနှင်းဆီများ.....။

မြက်ခင်းပေါ်တွင် ဒူးတုပ်ထိုင်ကာ ပန်းစာလုံးများဖော်နေသော ကောင်မလေးသည် နိုင်ငံကျော်အတွက်တော့ တကယ့်ရွှေမြို့သူကလေး ပင် ဖြစ်သည်။ ထိုအချိန်မှာတော့ ဖန်ဂေါ်လီလုံးလည်း သတိမရ.....။ ဥစ္စာစောင့်သည်း သတိမရတော့.....။ ငုံ့ကာ.....ပန်းစာလုံးစီနေသော ကောင်မလေး၏ ဝင်းဝါနေသော၊ နဖူးပေါ်တွင် လိပ်ခွေကျနေသော ဆံနွယ်တစ်စကို ငေးကြည့်နေမိသည်။

ကြားဖူးနားဝရှိနေသော အင်္ဂလိပ်စာလုံးများအရ ထိုဆံနွယ်စလေးကို Lovelockဟု ခေါ်သည်ဟု သူသိထားသည်။ နိုင်ငံကျော် ဘာရယ်မဟုတ် ပြုံးလိုက်မိသည်။ သေချာတာကတော့ သူ့နှလုံးသားကို ထိုဆံနွယ်လေး တစ်စတည်းနှင့်ပင် သော့ခတ်ထားလိုက်ပြီ ဆိုတာပင်.....။

"ဟော့"

နိုင်ငံကျော် လှမ်းခေါ်လိုက်တော့ ကောင်မလေးက လှည့်ကြည့် သည်။ ရုတ်တရက် သစ်ပင်အကွယ်က ထွက်လာတာမို့ ကောင်မလေးက တအံ့တသြ.....။

"ဘာလုပ်နေတာလဲ"

"ခြောက်နေတာ မဟုတ်ပါဘူး"

"ဒီလိုပဲ နေတိုင်းလာတတ်လား"





ကောင်မလေးက နိုင်ငံကျော့်အမေးကို အံ့ဩသွားဟန်ဖြင့် မျက်မှောင်လေးကြုတ်ကာ ပြန်မေး၏။

"ဘာလို့ မေးတာလဲဟင်"

"အော်.....ဒီပန်းစာလုံးလေးတွေ နေ့တိုင်း တွေ့ရတတ်လို့ပါ"

"ရှင်.....တွေ့တယ်"

"ဟုတ်တယ်၊ ကျွန်တော်တွေ့တာ.....ဒါပါနဲ့ဆို သုံးခါရှိပြီ"

"ရှင်....."

"အော်.....မဟုတ်ဘူးလေ၊ ပန်းစာလုံးတွေကို တွေ့တာကို ပြောတာ....."

"အော်....."

ကောင်မလေးက စာလုံးတွေကို ဆက်စီနေ၏။ ထုံးစံအတိုင်း 'ရွှေမြို့သူ'ပင်။ နိုင်ငံကျော်က စာလုံးများကို ကြည့်ကာ မေးလိုက်၏။

"ရွှေမြို့သူဆိုတာ ဘာလဲဟင်"

"ဘာလို့ထင်လဲ"

မေးခွန်းကို မေးခွန်းနှင့်တုံ့ပြန်၏။

"ကျွန်တော်ထင်တာကို ပြောရမှာလား"

"ပြောကြည့်လေ....."

"ကျွန်တော်ထင်တာက....."

နိုင်ငံကျော်က စကားကိုခေတ္တဆိုင်းငံ့ပြီး ရွှေမြို့သူ၏နဖူးထက်မှ ဆံနွယ်များကို ကြည့်လိုက်သေးသည်။ ပြီးမှ စကားကိုဆက်၏။

'အဲဒါ.....ခင်ဗျားလေးနာမည်"

ကောင်မလေး နှုတ်ခမ်းလေးများဝိုင်း၊ မျက်လုံးလေးများပြူးကာ တအံ့တသြ ဖြစ်သွားသည်။ ဒီထက်သေချာတာ ဘာရှိဦးမှာလဲ.....။

"ခင်ဗျား မိဘတွေကတော်တယ်"

"ဘာဖြစ်လို့....."



www.burmeseclassic.com

www.burmeseclassic.com



"အော်.....ခင်ဗျားကို နာမည်ပေးတာ သိပ်တော်တယ်လို့ပြောတာ"

"ဘာဖြစ်လို့....."

"ခင်ဗျား နာမည်နဲ့လူနဲ့ သိပ်လိုက်တယ်"

ကောင်မလေး ရှက်ချင်ချင်ဖြစ်သွားတာကို သိလိုက်သော်လည်း မသိချင်ယောင်ဆောင်ကာ နေပေးလိုက်သည်။ ပြီးမှ.....ကောင်မလေးက သူ့ကို ခပ်စူးစူးလေးပြန်ကြည့်ကာ မေး၏။

"ရှင်က.....ဒီဂါလုံးတွေတွေ့တော့ ဘာထင်လဲ"

"သိုက်စာ....."

ကောင်မလေး မျက်လုံးပြူးသွား၏။

"မဟုတ်ပါဘူး။ ကျွန်တော့်သူငယ်ချင်းတွေ ထင်တာကိုပြောတာ"

"အော်....."

"ဒါပေမယ့် သူတို့ထင်တာ မမှားပါဘူး၊ တစ်ဝက်မှန်တယ်"

"ရှင်.....ဘာဖြစ်လို့"

"ဥစ္စာစောင့်မလေးနဲ့ တွေ့ရလို့"

ကောင်မလေးက မျက်စောင်းမထိုးပါ။ နိုင်ငံကျော်ကိုသာ ခပ်လှောင်လှောင်လေးရယ်သဖြင့် နိုင်ငံကျော် ရှက်သွားသည်။ အင်း.....သူကလည်း ခုမှတွေ့သည့် ကောင်မလေးကို တရင်းတနှီး သွားပြောမိသည်ကိုး.....။ သို့သော်.....ရွှေမြို့သူဆိုသော ကောင်မလေးကို နိုင်ငံကျော် ရင်ထဲ အလိုလိုရင်းနှီးနေသည်ဟု ထင်နေမိသည်။ ကောင်မလေးက ကားသော့လေးကိုဖော့ရမ်းကာ နိုင်ငံကျော့်ဘက်လှည့်ကာ ပြော၏။

"ဥစ္စာစောင့်က ကားတော့ မမောင်းတတ်လောက်ပါဘူး။ တို့က မောင်းတတ်တယ်၊ အော်.....ကားနံပါတ်လည်း မှတ်ထားဦး။ ကညနမှာ သွားစစ်လို့ရအောင် ဟုတ်ပြီလား"

ပြောပြောဆိုဆို ကားပေါ်တက်ကာ အလာတုန်းကလိုပင် အသာအယာ လိုမ့်ထွက်သွားတော့သည်။ နံနက်ခင်းကတော့ ရေမွှေးနှင်းဆီနံ့သင်းကာ ကျန်ရစ်ခဲ့၏။





ဒါကို.....တိုင်းကျော်နှင့် ပြည်ကျော်ရောက်တော့ ပြောပြဖြစ်၏။

"ဘာ.....သူ့နာမည်က 'ရွှေမြို့သူ' ဟုတ်လား"

"ဟုတ်တယ်"

"ထမင်းဆိုင် နာမည်ကြီး"

"အေးလေ....."

တိုင်းကျော်၏အဆိုကို ပြည်ကျော်က ထောက်ခံ၏။ လောလောဆယ် တော့ နိုင်ငံကျော်ကို ချော့မွန်းရေးအတွက် သူတို့ သွေးစည်းနေကြဦးမည်။ ခဏကြာလျှင်တော့ ဘာမဟုတ်တာက စကာပြင်းခုန်ကြလိမ့်မည်။ ဒါ သူတို့အကျင့်.....။

"မင်း.....ကားနံပါတ်မှတ်ထားလိုက်လား"

တိုင်းကျော်က မေး၏။

"အေး.....ဘာလို့လဲ"

"ကညနမှာ ငါ့အသိရှိတယ်၊ ဦးဝင်းမောင်ညွှန့်တဲ့၊ ရွှေမြင်သာ ဂျာနယ် အယ်ဒီတာလေ၊ လိုအပ်တဲ့ အကူအညီရှိရင်ပြော....."

"ဘာလုပ်ရမှာလဲ"

"အော်.....ကားအစစ်ဟုတ်,မဟုတ် သွားစစ်ကြည့်ဖို့၊ ပြောနိုင်တာ မဟုတ်ဘူး။ သူတို့က မင်းကို illusionတွေ အများကြီးလုပ်ပြနိုင်တယ်။ ဘာမှတ်လို့လဲ....."

"အေးလေ.....မင်းကို ပေးလိုက်တဲ့ခါတ်လုံးကော....."

"သတိတောင်မရဘူး"

"ဒါမျိုးက ဖြစ်တတ်ပါတယ်၊ အပမှီနေပြီကိုး....."

တိုင်းကျော်က ခပ်တည်တည်နှင့် ပြော၏။

နိုင်ငံကျော် ဘာမှဆက်မပြောချင်တော့.....။ ရွှေမြို့သူ၏ နဖူးထက်မှ lovelockကို ပြေးမြင်ကာ သတိတရ ပြုံးလိုက်ဖြစ်သည်။

"ဟော....."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်....."

"ဟုတ်ပါပြီ၊ ဇာတ်ကစနေပြီ"

"အေး.....မင်းပြောတာ ဖြစ်နိုင်တယ်၊ ဒီကောင့်ကို ပရိုဘ်ကြိုးလေး ဘာလေး ချည်ပေးထားမှ ဖြစ်တော့မယ်"

"ဟုတ်တယ်၊ ကဲ.....လာလေ့"

တိုင်းကျော်က ခပ်တည်တည်နှင့် သူ့အိတ်ထဲမှာ ဘယ်တုန်းက ရောက်နေမှန်းမသိသော ဖိနပ်ကြိုးကြိုးကို ဆွဲထုတ်ကာ လည်ပင်းမှာ ချည်ပေးရန် ပြင်၏။

"တော်ပါကွာ၊ ဘာမှမခံစားတတ်တဲ့ ကောင်တွေ"

ဒီစကားကို ကြားတော့ နှစ်ကောင်သား တခွီခွီထ,ရယ်ကြတော့သည်။

ရယ်လို့ဝမှ ပြည်ကျော်က မေး၏။

"မင်းက ဘာတွေ ခံစားတတ်လာတာလဲ"

"အချစ်ဆိုတာ တွေ့ဖူးသွားတာ"

"အလဲ့.....ဘာလဲ.....ဟိုက မင်းကို ကုတ်လိုက်လို့လား"

"တော်ပြီကွာ၊ တော်ပြီ.....မင်းတို့ကို ဘာမှဆက်မပြောတော့ဘူး"

ဘယ်သူကမှလည်း ဆက်ပြောရန် မတောင်းဆိုသဖြင့် စကားစက ပြတ်သွားတော့၏။ တိုင်းကျော်၊ ပြည်ကျော်၊ နိုင်ငံကျော်နှင့် ရွှေမြို့သူတို့၏ အစကား ဤသို့ပင် ဖြစ်တော့သည်.....။

တိုင်းကျော်နှင့် ပြည်ကျော်ကလည်း နိုင်ငံကျော်ပြောသမျှ မယုံတစ်ဝက်, ယုံတစ်ဝက်နှင့် သိပ်ပြီး အလေးအနက်မထား.....။ နိုင်ငံကျော်ကတော့ တကယ်လေးနက်သူပီပီ တစ်ယောက်တည်း စောင် လွှပ်ရှားဖို့သာ ဆုံးဖြတ်လိုက်တော့၏.....။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



Love (n) - an intense feeling of deep affection
- a deep romantic





သူငယ်ချင်းနှစ်ယောက်ကိုထားပြီး ကျောင်းစောစောသွားရန် ပြင်နေသည်မို့ မေမေက အဓိပ္ပါယ်ပါသော မျက်ဝန်းများနှင့် ကြည့်၏။

"မေမေ"

"အင်း"

"သားကို ဘာကြည့်တာလဲ"

"ထူးခြားနေလို့....."

"ကျောင်းစောစောသွားလို့လား"

"ဆိုပါတော့ကွယ်"

မေမေက.....သူခိုးလူမိသွားသူလို မပွင့်တပွင့်ဖြေကာ ပြုံး၏။

"သား.....ဘာသွားလုပ်တာလဲလို့ မေ သိချင်တာမဟုတ်လား"

"သိချင်တယ်လည်း မဟုတ်ပါဘူး စိုးရိမ်တာပါ"

"ဘာစိုးရိမ်တာလဲ"

"အော်.....တိုင်းကျော်တို့ပြောသလို သား.....ဥက္ကာစောင့်နဲ့....."

မေမေ စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်သည်။ နိုင်ငံကျော်က ရယ်ချင်စိတ်ကိုမနည်းထိန်းရင်း ဟိုနှစ်ကောင်ကိုပါ စိတ်ထဲက မေတ္တာပို့ပေးလိုက်သည်။ မကျူညီရုံမက အချွန်နှင့်ပါ, မ'ထားသေး၏။

"မဟုတ်ပါဘူး မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း.....ဟုတ်တာပြောပါဦး"

"သားက ကောင်မလေးတစ်ယောက်ကို သွားစောင့်ကြည့်တာ....."

"အဲဒီကောင်မလေးက ဥစ္စာစောင့်ဆို....."

"ဥစ္စာစောင့်က မနက်ဖက် ကိုယ်ယောင်ပြတယ်လို့ မေမေ ကြားဖူးလား"

"ကြားတော့ မကြားဖူးပါဘူး၊ ဒါပေမဲ့ လောကမှာ ကိုယ်မသိနိုင်တာတွေလည်း ရှိသေးတာပဲ"

သေချာသည်။ ဒီစာလုံးက ပြည်ကျော့်စကားလုံး.....။ မေမေ့စကားလုံး, လုံးဝမဖြစ်နိုင်။ ဘယ်လောက်တောင် စည်းရုံးထားသည် မသိ.....။ မေမေက ယုံလွယ်သည်.....။ ရိုးသည်.....။ ဘာမှမသိ.....။ ဖေဖေလိုမ့်သမျှလည်း ယုံတတ်သည်မို့ သားသမီးများနှင့်က ခဏခဏ ပြဿနာတက်ရသည်။

"ဟုတ်တယ်မေမေ၊ လောကမှာ ကိုယ်မသိနိုင်တာတွေမှ အများကြီးပဲ၊ အဲ.....အဲဒီထဲမှာ တိုင်းကျော်တို့ ပြည်ကျော်တို့လို အချွန်နဲ့ မ,တာ ဝါသနာပါတဲ့ လူတွေရဲ့စိတ်ကိုလည်း မေမေ, မသိနိုင်သေးပါဘူး"

မေမေ မျက်လုံးပြူးသွားသည်။

"သူတို့နဲ့ မဆိုင်ပါဘူး သားရယ်....."

"မဆိုင်လည်းထားပါ၊ သားက ပွင့်ပွင့်လင်းလင်းသမား၊ ဒီတော့ မေမေကို အတိအလင်းအသိပေးမယ်"

"ကဲ.....ပြောပါဦးသားရယ်၊ ဘာများလဲ"

"သား စောစောက ပြောခဲ့သလိုပဲ၊ ကောင်မလေးတစ်ယောက်ကို သွားစောင့်ကြည့်နေတာ....."

"သားက ကြိုက်လို့လား"

"ဟင့်အင်း.....ချစ်တာ"

မေမေက ပြုံး၏။ ဘယ်လိုအပြုံးမျိုးဟု သူ မပြောတတ်သော်လည်း positive smileဟုတော့ သူ နားလည်သည်။





"အဲဒီတော့....."

"ဘာမှ အဲဒီတော့လို့ မရသေးပါဘူး မေရာ၊ သားက ခုမှ ကြည့်တုန်း....."

"တော်တော် တိုးတက်နေပြီပဲ"

"ဒါက မေမေ့သားကိုး.....ဖေဖေလိုမှ မလျင်တာ....."

မီးဖိုထဲဝင်လာသော ဖေဖေ နားစွန်နားဖျားနှင့် သူ့ကို မျက်ထောင့်နီနှင့်ကြည့်၏။

"ဘာကိစ္စ.....ငါ့ဆွဲထည့်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး ဖေဖေ၊ ဖေဖေက.....လျင်မြန်တာ၊ နပ်တာ၊ ရှပ်တာ၊ တော်တာ၊ အဲဒါတွေပြောနေတာ....."

မေမေက ရယ်၏။ ဖေဖေကလည်း ဆက်ပြောနေလျှင် (နိုင်ငံကျော် ပါးစပ်အကြောင်း သိသူမို့) သူခံရမှာ သေချာတာမို့ အချိန်မရှပ်နဲ့ဖြင့် ရေချိုးခန်းထဲ ဝင်သွားသည်။ ထိုအခါကျမှ နိုင်ငံကျော်လည်း ကျောင်းကို လွတ်လွတ်လပ်လပ် ထွက်ခဲ့ရတော့၏။ နောက်တောင်ကျနေပြီလား မသိ.....။

ထင်သည့်အတိုင်းပင်.....။ ဟိုရောက်တော့ ပန်းစာလုံးလေးက တစ်ဝက်ပင် ပြီးလုနေပြီ။ ဒီနေ့စီထားသည့် ပန်းတွေက သစ္စာပန်း ခရမ်းရောင်လေးတွေ.....။ သူမဝတ်ထားသည်ကလည်း သစ္စာပန်းလောက် နီးနီး အသွေးကျသော ခရမ်းရောင်ဝတ်စုံနှင့်.....။

"အရမ်းလှတာပဲ"

နိုင်ငံကျော်က အသံထွက် ချီးကျူးလိုက်သော်လည်း ရုပ်ရှင်ထဲကလို 'ဘာရှင့်'ဟူသော ရန်တွေ့သံကထွက်မလာ.....။ သူမဘာသာ ပန်းလေးတွေကို ပြီးအောင်ဆက်စီနေသည်။ ထူးဆန်းသည်က သူမပန်းများသည် ဘယ်တော့မှ အပိုအလိုမရှိ ကွက်တိဖြစ်နေခြင်းပင်.....။

"ရွှေမြို့သူက သစ္စာပန်းတွေကို ကြိုက်လား"

www.burmeseclassic.com



"အင်း.....ကျွန်မက ပန်းတိုင်းကိုကြိုက်တယ်"

အေးအေးသက်သာပင် ပြန်ဖြေ၏။

"ဒီမှာ နေတိုင်းတွေ့ရတတ်တယ်၊ ဘယ်မေဂျာကလဲ"

"ဘယ်မေဂျာကမှ မဟုတ်ဘူး"

"အော်.....ဒီကျောင်းက မဟုတ်ဘူးလား၊ ဘယ်ကျောင်းကလဲ"

"UCLA က....."

"ခင်ဗျာ....."

"UCLAကလို့ ပြောတာ"

"ခင်ဗျား ဆိုလိုတာက....."

"ဟုတ်တယ်၊ ကျွန်မ University of Califonia, LosAnglesက Business Communicationနဲ့ဆိုင်တဲ့ ဘာသာရပ်နဲ့ ကျောင်းပြီးလာတာ....."

"ဒါဆို ခင်ဗျားက ဒီကျောင်းကို....."

"ဟုတ်တယ်၊ ကျွန်မ, မတက်ခဲ့ရတဲ့ ဒီတက္ကသိုလ်ကို ကျွန်မချစ်တဲ့စိတ်နဲ့ အမြဲရောက်လာပြီး.....ကျွန်မကို ဒီက ကျောင်းသူတစ်ယောက်အဖြစ် သတ်မှတ်ပေးဖို့ နာမည်စာရင်းလာ, လာသွင်းနေတာ....."

အိုး.....ဘယ်လောက်တောင် စိတ်ကူးယဉ်တဲ့ ကောင်မလေးပါလဲ.....။ ချစ်စရာကောင်းတဲ့ စိတ်ကူးလေးပါပဲ.....။

"ကျွန်တော်က ကျောင်းတော်ကြီးအစား လက်ခံပေးမယ်ဆိုရင်ကော"

"ရှင်က.....ဘယ်လို လက်ခံပေးမှာလဲ"

"ကျွန်တော်တို့မေဂျာက ကျွန်တော်တို့အတန်းတွေကို အတူလိုက်တက်ခွင့်ပေးမယ်"

"တကယ်"

"တကယ်၊ ဒါပေမဲ့....."

"ဒါပေမဲ့ ဘာဖြစ်လဲ"





ကောင်မလေးက မျက်မှောင်ကြုတ်ကာမေး၏။

"အချိန်တော့ သိပ်မကျန်တော့ဘူး။ နောက်သုံးလဆို ကျွန်တော်တို့ စာမေးပွဲဖြေရတော့မှာ....."

"ရပါတယ်၊ သုံးလဆိုလည်း နည်းလား၊ ဒါနဲ့....."

"အင်း.....ပြော"

"ရှင်က ဘာမေဂျာယူထားလဲ"

"ကျွန်တော်လား....သချ်ာယူထားတယ်၊ ခင်ဗျား စိတ်ဝင်စားရဲ့လား"

"စိတ်ဝင်စားပါတယ်၊ ရှင်ကရော.....သချ်ာကို စိတ်ဝင်စားလို့ယူထားတာလား"

"စိတ်ဝင်စားတယ်ရယ်လဲ မဟုတ်ပါဘူး၊ ဒီမှာက.....အမှတ်နဲ့မီရာယူထားကြတာ များပါတယ်"

"အော်....."

မမြင်ရသော တန့်ခိုးသတ္တိကြောင့်လား မသိ။ မှော်လင့်ထားသည် ထက်ပင် အခင်ပြေသွားတာမို့ နိုင်ငံကျော် ကိုယ့်ဘာသာကိုယ်ပင် မယုံချင်။ သို့သော်.....ခပ်တည်တည်နှင့် ကိုယ့်ကိုယ်ကို အမှတ်ပေးလိုက်သည်။ "ဖူးစာဆိုတာ ဒါပဲနေမှာ"ဟု.....။

ရွှေမြို့သူနှင့်အတူ ကင်တင်းထိုင်၊ ရွှေမြို့သူနှင့်အတူ အတန်းထဲဝင်လာသော နိုင်ငံကျော်ကို တခြားသူများက ပြုံးစိစိ ကြည့်ရှုကြည့်သော်လည်း နိုင်ငံကျော်၏ချစ်သော သူငယ်ချင်းများဖြစ်သည့် တိုင်းကျော်နှင့် ပြည်ကျော်ကတော့ မျက်လုံးပြူးလျက်.....။

"ရွှေမြို့သူ"

"ဟင်....."

"ဒါ.....ကျွန်တော့်သူငယ်ချင်း rollကပ်လျက်ပဲ၊ တိုင်းကျော်နှင့် ပြည်ကျော်တဲ့"

"အယ်....."

www.burmeseclassic.com



ရွှေမြို့သူက.....တအံ့တသြဖြစ်သွားလေဟန်နှင့် ရယ်နေသည်။

“ဘာဖြစ်လို့ရယ်တာလဲ.....ရွှေမြို့သူ”

ပြည်ကျော်က မနေနိုင်ဘဲ ဝင်မေး၏။

“ရှင်တို့က.....တိုင်းနဲ့ပြည်နယ်၊ ကျွန်မက.....မြို့လေ၊ မတိုက်ဆိုင်ဘူးလား၊ မရယ်ရဘူးလား”

တိုင်းကျော်က အခြေအနေကို သဘောပေါက်ကာ ရယ်၏။

“ဟုတ်သားပဲ၊ တိုင်းကျော်၊ ပြည်ကျော်၊ နိုင်ငံကျော်၊ ရွှေမြို့သူဆိုတော့”

“ဟင်.....နိုင်ငံကျော် ဟုတ်လား၊ နိုင်ငံကျော်ဆိုတာ ဘယ်သူလဲ”

တိုင်းကျော်နှင့် ပြည်ကျော်က.....ထိုစကားကြောင့် မျက်လုံးပြူးကာ ကြည့်၏။ နိုင်ငံကျော်လည်း ထိုအခါကျမှ ကိုယ့်နှဖူးကိုယ် ရိုက်ချင်သွားရသည်။ ရွှေမြို့သူမှာလည်း မေးပြီးကာမှ.....‘အော်’ဟုဆိုကာ သူ့ဘာသာသူ သဘောတွေပေါက်နေ၏။

“အံ့ရော.....ကိုယ် နာမည်မသိတဲ့လူနောက်ကို လိုက်လာတယ်”

တိုင်းကျော်က ခပ်တိုးတိုး ရေရွတ်တော့ ရွှေမြို့သူမျက်နှာလေးရဲကာ.....ရှက်သွားပြီး ပြန်ပြော၏။

“နာမည်က အရေးမကြီးပါဘူး၊ လူက အရေးကြီးတာ၊ ကိုယ်ယုံကြည်ရတဲ့လူဖြစ်ရင် ပြီးတာပဲ”

“အလဲ့.....နိုင်ငံကျော်ကို ယုံတယ်တဲ့”

“မှားမယ်နော်”

“ကျွန်မက.....လူကဲခတ်မမှားတတ်ပါဘူး”

ရွှေမြို့သူ၏ပြတ်သားလှသော စကားကြောင့် တိုင်းကျော်နှင့်ပြည်ကျော် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားသော်လည်း.....သူတို့၏ထုံးစံအတိုင်း လွယ်လွယ်နှင့်တော့ အလျှော့မပေးပါ.....။ လေသံလေးနှင့်ပြော၏။





“အချိန်ကိုစောင့်ပေါ့၊ ရွှေမြို့သူရယ်.....”

“ဟုတ်တယ်၊ အချိန်က အဖြေပေးလိမ့်မယ်”

“ကျေးဇူးတင်ပါတယ်ရှင်”

ရွှေမြို့သူ၏အပိတ်စကားကြောင့် တိုင်းကျော်နှင့်ပြည်ကျော်.....ပါးစပ်ကို ပိတ်ထားလိုက်တော့သည်။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Romantic (adj) -** relating to love, especially in a sentmental or idealized way.





တကယ်တော့ ချစ်သူဖြစ်လာကြမည့် လူနှစ်ဦးကြားထဲတွင် မည်သူမျှနားမလည်နိုင်သည့်.....နီးစပ်မှု၊ အတွေးအခေါ်တူညီမှု၊ ယုံကြည်မှု၊ နားလည်မှုတွေ ရှိနှင့်နေပြီးဖြစ်သည်။ ဒါကို အစကမယုံသော်လည်း..... ခုတော့ နိုင်ငံကျော် ယုံသည်။ 'ရွှေမြို့သူ'သည် သူ၏ဖူးစာရှင်ဟု သူ ယုံသည်။ သူ့ဖက်က အရမ်းသေချာနေသလောက် တစ်ဖက်ကမဖြစ်နိုင်..... ဟူသော အတွေးမျိုးလည်း နိုင်ငံကျော် လုံးဝတွေးမထား.....။ ဒီလောက်ထိကို သေချာသည်။

ဒီနေ့တော့ ကျောင်းသို့ ရွှေမြို့သူထက် စောစောရောက်အောင် သွားကာ.....ပန်းစာလုံးတွေ ကြိုစီထားဖို့ စိတ်ကူးထားသည့်အတွက် မေမေ့ dancing ladyသုံးခိုင်လောက်ကို ခူးကာ.....တစ်ပွင့်စီခြွေထားသည်။ မေမေသာ မြင်လို့ကတော့ ရင်ကျိုးမှာပင်.....။ နိုင်ငံကျော် အတွေးထဲမှာကတော့ ပန်းတစ်ပွင့်ချင်းစီသည် ကနေသော....'ရွှေမင်းသမီး'လေးပင်ဖြစ်သည်။

ကျောင်းရောက်တော့ ရွှေမြို့သူ မရောက်သေး.....။

သူ့ဘာသာသူ အရင် ပန်းတွေချကာ စီနေလိုက်သည်။ ခထာငေ့တော့ ကားသံကြားရ၏။ သူ တမင်တကာပင် လှည့်မကြည့်ဘဲ ပန်းတွေ ဆက်စီနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်....."

ရွှေမြို့သူက.....သူ့ မပြီးသေးသော ပန်းစာလုံးများကို ကြည့်ကာ..... တအံ့တသြရေရွတ်ခြင်း ဖြစ်သည်။ ပြီး.....သူဘာသာ သဘောကျစွာ ပြုံးနေ၏။ ဘာမှဆက်မမေး၊ မပြောတော့.....။ ရွှေမြို့သူက သူ့မှာ ပါလာသော ခရေပွင့်လေးများနှင့် စာလုံးစီသည်။ ထူးထူးဆန်းဆန်း ဒီနေ့ ရွှေမြို့သူ ယူလာသောပန်းက ယခင်ယခင်နေ့တွေက ပန်းများနှင့် စာလျှင် အသေးဆုံး။ ဒါလည်း တိုက်ဆိုင်မှုပင်လား မသိ။

စီပြီး၍ ကြည့်လိုက်သောအခါ စာလုံးက.....'ရွှေမြို့သူ' မဟုတ်။ 'ရွှေမြို့သား' တဲ့။ နိုင်ငံကျော် စီထားတာက.....'ရွှေမြို့သူ'။

နိုင်ငံကျော်က ကျေနပ်စွာပြုံးကာ.....။

"ရွှေမြို့သားဆိုတာ.....ကိုယ့်ကို ပြောတာလား"

"အာ.....မဟုတ်ပါဘူး"

"ဒါဆို ဘယ်သူလဲ"

"အစ်ကိုလေ.....အမွှာအစ်ကို"

"ဟင်.....ဟုတ်လား။ ရွှေမြို့သူမှာ အစ်ကို.....အဲ.....အမွှာအစ်ကို ရှိတယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"သူရော.....ခု ဘယ်မှာလဲ၊ Americaမှာပဲလား"

"ဟင့်အင်း။ သူ.....သူ.....ခု မရှိတော့ဘူး။ ဆုံးသွားပြီ"

ရွှေမြို့သူမျက်နှာကလေး ညှိုးနွမ်းတိတ်ဆိတ်သွားသည်။

"အာ.....ဆောရီးနော်၊ ကျွန်တော်က မသိလို့မေးတာ....."

"ရပါတယ်"

"အင်း.....ရွှေမြို့သူနဲ့အမွှာဆိုတော့ သူလည်း တော်တော်ချောမှာ"

ရွှေမြို့သူ ဘာမှပြန်မပြော.....။ ဒီနေ့မှ ထူးထူးဆန်းဆန်း သူမလက်မှာ ပိုနေသောခရေပွင့်သုံးပွင့်ကို ကျွန်တော့်လက်ထဲ လာထည့်ပေးသည်။





"ဒီနေ့ဆို သူဆုံးတာ ဆယ့်ခြောက်နှစ်ပြည့်ပြီ"

"ဗျာ.....ဆယ့်ခြောက်နှစ်.....ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို သူ.....ငယ်ငယ်လေးနဲ့ ဆုံးတာပေါ့"

"ဟုတ်တယ်၊ ငါးနှစ်ကျော်ကျော်မှာ ဆုံးတာ၊ ကျွန်မက ခု..... နှစ်ဆယ့်တစ်နှစ် ပြည့်ခဲ့ပြီလေ"

စကားသံများ တိတ်သွားကြသည်.....။

ထုံးစံအတိုင်း ကင်တင်းတွင် မနက်စာစားရန် ထိုင်ဖြစ်တော့မှ စကားပြန်စဖြစ်သည်။

"နိုင်ငံကျော်က.....ဘာလို့ ပန်းတွေ အစောကြီးလာစီတာလဲ"

"ရွှေမြို့သူ အံ့သြသွားအောင်လို့....."

"တော်ပါတယ်၊ တကယ်လည်း အံ့သြသွားတာ၊ မြို့သူက dancing ladyလေးတွေကိုလည်း ချစ်တယ်လေ....."

"ကျွန်တော် သိပါတယ်"

"ဘယ်လိုသိလဲ....."

"dancing ladyပွင့်လေးတွေက ရွှေမြို့သူနဲ့တူလို့....."

ရွှေမြို့သူက တစ်ချက်ရယ်ပါသည်။ ရှက်ရယ်,ရယ်တာလားတော့ မသိ။ ပြီးမှ.....မျက်နှာလေး ပြန်တည်သွားကာ.....

"ရွှေမြို့သူက တကယ်လှလို့လား"

"လှတာပေါ့....."

"ဒါဆို.....လှလို့ သူငယ်ချင်းတော်တာပေါ့၊ ဟုတ်လား"

"ကြီးကြီးစည်ရာ.....တိုင်းကျော်နဲ့ ပြည်ကျော်က ဘယ်မှာလှလို့လဲ"

ဟိုစကားကြောင့် ရွှေမြို့သူ သဘောကျစွာရယ်သည်။

"နိုင်ငံကျော်က စကားတော့တတ်တယ်နော်"

"တခြားလည်း တတ်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ တတ်တာလဲ"

မထင်မှတ်သော မေးခွန်းမို့ နိုင်ငံကျော် စက္ကန့်အနည်း ကြောင်အမ်းသွားသည်။ ပြီးမှ.....မျက်နှာ မချိုမချဉ်ဖြစ်လာကာ.....

"ဟိုဟာလေ.....သင်္ချာတွက်တတ်တယ်၊ ထမင်းစားတတ်တယ်၊ ခင်တတ်တယ်၊ ပန်းစာလုံးစီပေးတတ်တယ်"

ရွှေမြို့သူက ရယ်၏။

"ပြီးပြီလား၊ ဒါပဲလား"

"မကဘူး၊ အရေးကြီးတဲ့ အရည်အချင်းကျန်နေတယ်"

"ဘာလဲဟင်.....ဘာလဲ"

ရွှေမြို့သူက စိတ်ဝင်တစားနဲ့ အလျင်တခေသာမေး၏။ နိုင်ငံကျော်ကတော့ မဟုတ်တာပြောရမှာမို့ တုံ့ဆိုင်းနေပြီးမှ.....

"ချစ်တတ်တယ်"

ပြောပြီးမှ.....ကိုယ့်လျှာကိုယ် မသိမသာ ကိုက်ထားလိုက်ရသည်။ တိုင်းကျော်နှင့် ပြည်ကျော်သာ ကြားလို့ကတော့.....'ငပေါ'ဟု ထောမနာပြုမှာ သေချာသည်။

ရွှေမြို့သူကတော့ ရှက်ရွံ့ရွံ့လေးပင် ဖြစ်မသွား.....။ မသိလိုက်၊ မသိဘာသာ နေ့နေသည်။

"ပညာတော့စုံသားပဲ"

မျက်နှာလှလှလေးကို မသိမသာ နှာခေါင်းရှုံ့ကာ မှတ်ချက်ချ၏။ နိုင်ငံကျော့်ဘဝကလည်း ဒီအခြေအနေရောက်မှတော့ မထူးတော့.....။

"ဟုတ်တယ်၊ ကြင်ယာစုံဖို့ပဲ လိုတော့တယ်"

"မဆိုးပါဘူး၊ ဒါဆို customerတစ်ယောက်ရတာပေါ့"

"ဗျာ.....ခင်ဗျာ.....ဘယ်လို"

နိုင်ငံကျော်ပြာသွားသည်။ ဘာအဓိပ္ပါယ်နှင့် ပြောလိုက်မှန်းကို မသိ.....။





"မြို့သူက ဒီမှာ.....လုပ်ငန်းတစ်ခု လုပ်မလို့"

"ဘာဆိုင်လဲ"

နိုင်ငံကျော် မျက်မှောင်ကြုတ်ကာ ဘုတောမိ၏။

"ချော်.....စကားကို ပြီးအောင်နားထောင်လေ၊ ကုမ္ပဏီနာမည်က..., Cupidတဲ့၊ ကြင်ယာရှာဖွေရေးအေဂျင်စီပေါ့"

သဘောတရားက ကြင်ယာစုံချင်လျှင် သူ့ကုမ္ပဏီနှင့် ဆက်သွယ်ပါပေါ့.....။ အရှောင်အတိမ်းတော့ ကောင်းသား.....။ နေနှင့်ဦး.....ဟု နိုင်ငံကျော့်စိတ်ထဲ တေးထားလိုက်သည်။ နောက်မှပဲ ကျွန်တော်က အဲဒီကုမ္ပဏီပိုင်ရှင်ကို လိုချင်တာဟု ပြောတော့မည်။ ခုတော့..... အနည်းငယ် စောနေသေးသည်လေ.....။

"အတန်းလိုက်တက်ရတာ အဆင်ပြေလား"

"ပြေပါတယ်၊ တစ်ခုပါပဲ"

"ဘာတစ်ခုလဲ"

"ဟို.....တိုင်းကျော်နဲ့ ပြည်ကျော်"

"ဘာဖြစ်လဲ"

"သူတို့ကို အားနာလို့"

"ဟင်.....ဘာအားနာရတာလဲ၊ အတန်းက သူတို့ပိုင်တဲ့ အတန်းမှ မဟုတ်တာ....."

"မဟုတ်ပါဘူး၊ မြို့သူက သူတို့သူငယ်ချင်းကို ခွဲထုတ်ထားသလို ဖြစ်နေလို့ အစက.....နိုင်ငံကျော်တို့ သုံးယောက်က တတွဲတွဲမဟုတ်လား"

သူမပြောတာ တစ်ဝက်ဟုတ်ပါသည်။ ခွဲထုတ်ထားသလို..... ဆိုတာကတော့ မဟုတ်ပါ။ သူတို့ဘက်က နိုင်ငံကျော့်ကို တမင်..... 'လုပ်ကြည့်လေ'ဆိုသော သဘောနှင့် passပေးထားခြင်းဖြစ်ပြီး နိုင်ငံကျော်ကလည်း သူတို့မပါလျှင် ပိုလှုပ်ရှားရလွယ်သည်ဟု သဘောမှတ်ကာ ခပ်ခွာခွာနေခဲ့ကြခြင်း ဖြစ်သည်။ ကျောင်းမှာသာ မတွေ့တာ အိမ်ကျ



www.burmeseclassic.com

www.burmeseclassic.com



ဒီမှုက်နှာကြီးတွေပဲ မြင်နေကြရတာ သူမလေးမှ မသိတာ.....။

"အော်.....ဒါလား၊ ဒါက ကိစ္စမရှိပါဘူး"

"ဘယ့်နှယ့်.....မရှိရမှာလဲ၊ ရှိတာပေါ့ အားနာစရာ....."

"အားမနာပါနဲ့၊ ရွှေမြို့သူက ညည်သည်ပဲ၊ ညည်သည်မှ ကျွန်တော့် ညည်သည်လေ၊ ကျွန်တော်မှ ညည်မခံရင် ဘယ်သူညည်ခံမလဲ၊ ဒါကို သူတို့ နားလည်ပါတယ်"

"အင်း.....ဟုတ်တယ်နော်၊ မြို့သူက ညည်သည်ပဲ"

"အာ.....ဒီလိုပြောတာ မဟုတ်ဘူး"

"မဟုတ်ဘူးလေ၊ မြို့သူဆိုလိုတာက ဒီကျောင်း၊ ဒီအတန်း၊ ဒီလူတွေအတွက်တော့ မြို့သူက ညည်သည်သက်သက်ပဲ မဟုတ်လား၊ မြို့သူက အခွင့်မသာလို့သာ ဟိုမှာ ကျောင်းတက်ခဲ့ရတာ၊ ဒီက ကျောင်းမှာပဲ တက်ချင်တာ သိလား"

အရေးထဲ မရွှေချောကပြောင်းပြန်.....။ သူများတွေက နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ စိတ်ရောကိုယ်ရော ကြိုးပမ်းနေချိန်မှာ.....သူမလေးက ဒီက တက္ကသိုလ်ကို မတက်လိုက်ရလို့ဟုဆိုကာ နာမည်စာရင်းလာသွင်းနေတတ်သူ.....။ လောကကြီးသည် ဘယ်သောအခါမှ အချိုးပြေပြေ မရှိလှ.....။ တစ်နေရာရာတော့ လွဲချော်နေသည်ချည်းပင်.....။ ဘယ်နေရာမှာ ဘယ်လိုပင် လွဲချော်နေပါစေ နိုင်ငံကျော်နှင့် ရွှေမြို့သူကြားမှာ မလွဲချော်လျှင် တော်ပါပြီ.....ဟု နိုင်ငံကျော် ပထမဆုံးအနေနှင့် ဆန္ဒပြုမိသည်။

ခုလို.....ထူးထူးဆန်းဆန်း, လှလှပပနှင့် စိတ်ကူးလှလှလေးများ ယဉ်တတ်သည့် မိန်းကလေးနှင့်ဘာမှမဆိုင်ပဲ ကျောင်းပြီးခါနီး သုံးလအလို ကျမှ အတူတူ ကျောင်းတက်နေရခြင်းသည်ပင် လောကကြီး၏ အံချော်မှု တစ်ခု ဖြစ်နေနိုင်သေးသည်။ ဒီလို အံချော်မှုမျိုးကတော့ ချော်စမ်းပါစေ....။

ရွှေမြို့သူရှိနေသော နံနက်ခင်းသည် နိုင်ငံကျော်အတွက်ကတော့ သာယာလွန်းလှသည်။





ရွှေမြို့သူနှင့်အတူ တက်ခွင့်ရသော အတန်းသည် နိုင်ငံကျော် အတွက် နိဗ္ဗာန်.....။

ရွှေမြို့သူနှင့်အတူ စားခွင့်ရသော အစားအစာသည် နတ်သုဒ္ဓါ....။

ရွှေမြို့သူနှင့်အတူ သွားခွင့်ရသောလမ်းသည် ပန်းခင်းလမ်း....။

ရွှေမြို့သူနှင့်အတူ ရှူရှိုက်ခွင့်ရသော လေပြည်သည်ပင် အဖိုးအနဂ္ဃ ထိုက်လွန်းနေသည်.....။

သေချာသည်.....။ နိုင်ငံကျော် ရူးသွပ်သွားခဲ့လေပြီ.....။

✪✪✪✪✪

www.burmeseclassic.com



**crazy (adj) - extremely enthusiastic about somethings.**





နိုင်ငံကျော် တကယ်ရူးသွပ်သွားချင်ရသော အချိန်က ဆိုက်ဆိုက် မြိုက်မြိုက် ရောက်လာခဲ့သည်။ ထိုအချိန်ကား.....ရွှေမြို့သူက သူ့ချစ်ခြင်း ကို ငြင်းဆန်လိုက်သောနေ့ ဖြစ်သည်။ ဒီလောက်ထိ အဆင်ပြေ ပြီးကာမှ.....ငြင်းဆိုလိမ့်မည်ဟု ထင်မထားခြင်းမှာ နိုင်ငံကျော့်အမှား... ထင်မထားပဲ ဖြစ်လာတော့ ပိုခံစားရသည်။

"သူက မင်းကို ဘယ်လိုငြင်းတာလဲ"

"အေး.....မချစ်နိုင်ဘူးတဲ့လား"

တိုင်းကျော်နှင့် ပြည်ကျော်က တိုက်ပွဲကျလာသူကို ဒီတစ်ခါတော့ မစနောက်ကြပါ.....။ စိတ်ဝင်တစားသာ လူမမာမေးသလို မေးနေကြ သည်.....။ သိတော့ရော.....သူတို့ ကုပေးနိုင်မှာမဟုတ်တာ သိသိကြီးနှင့် နိုင်ငံကျော်ကလည်း ဖြေသည်။

"ဒါဆို တော်သေးတယ်"

"ခုဟာက.....ဘာမို့လဲ"

"ငါက.....သူ့ကို ချစ်တယ်ဆိုတာ မဖြစ်နိုင်ဘူးတဲ့ နောက်ပြီး..."

"နောက်.....ဘာဖြစ်သေးလဲ"

"သူလို မိန်းကလေးကို လက်တွဲဖို့ဆိုတာက.....တော်ရုံအချစ်မျိုးနဲ့ မဖြစ်ဘူးတဲ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



တိုင်းကျော်က တောက်တစ်ချက်ခေါက်ကာ.....

''ဒါကတော့.....မင်းအချစ်ကို အထင်သေးတာပဲ''

''အေးလေ.....သူ့ကိုချစ်တာ မဖြစ်နိုင်ဘူးလို့ ထင်တာကလဲ ကောင်မလေးညံ့တာပဲ''

''အေး.....ဟုတ်တယ်၊ ဒီကောင် ဒီလောက် 555ဖြစ်နေတာကို.....''

''အေးလေ''

အတည်ပြောရင်းက ဖောက်လာကြပြန်သည်။ နိုင်ငံကျော် မျက်မှောင်ကြုတ်ကြည့်လိုက်မှ ပြန်ငြိမ်သွားကာ.....ပြည်ကျော်က စကားကို ပြန်စသည်။

''သူလို မိန်းကလေးမျိုးကို လက်တွဲဖို့ တော်ရုံအချစ်နဲ့ မဖြစ်ဘူး ဆိုတာက.....ဘာအဓိပ္ပါယ်လဲကွ''

''ငါလည်း မသိလို့ပေါ့ကွာ''

''သူက.....ဘယ်လို မိန်းကလေးဖြစ်နေလို့လဲ၊ ဒါ.....အရင်စဉ်းစားရမယ်''

''သူသူ့ ငါငါလိုပါပဲ၊ ဟိုမှာ သွားနေရတာကြာတာရယ်၊ UCLAမှာ ဘွဲ့ယူလာတာရယ်၊ ဒါပဲ ထူးခြားတာပါ''

ပြည်ကျော်က မျက်မှောင်ကြုတ်ကာ စဉ်းစားခန်းဝင်နေဆဲမှာပဲ တိုင်းကျော်က.....

''ဟို.....ဟို.....ဟိုဟာလေ''

''အရေးထဲ ဘာ.....'ဟို'နေတာလဲ၊ ပြောစရာရှိတာ ပြော.....''

''ပြောသင့် မပြောသင့် စဉ်းစားနေတာ.....''

''ပြောမှာ ပြောစမ်းပါ၊ မသင့်တော့မှ ဆွဲထိုးမှာပေါ့''

ပြည်ကျော်က အားပေးရှာသည်။

''ဒီလိုကွာ၊ သူ့စကားအရ တွေးမိတာကို ပြောမှာပါ''

''အေးပါကွာ၊ ပြောပါ၊ မင်း ပလ္လင်ခံနေတာ ပလ္လင်က တော်တော်မြင့် နေပြီ၊ ကြာရင်.....အကျနာတော့မယ်''





''အေးပါ၊ ဟိုမှာ.....သူ အိမ်ထောင်ကျခဲ့ပြီး ပျက်ခဲ့ဖူးတာမျိုး ဒါမှမဟုတ် အလားတူကိစ္စမျိုးတွေ ရှိနေလို့များလားလို့''

''မင်းဆိုလိုချင်တာက.....ရွှေမြို့သူကို အပျိုမဟုတ်ဘူးလို့ ပြောချင် တာပေါ့''

ပြည်ကျော်က အချွန်လေးနှင့် အသာမပေးသည်။ နိုင်ငံကျော် စိတ်မဆိုးပါ.....။ ဖြစ်နိုင်ချေတစ်ခုကို ဝိုင်းစဉ်းစားကြရာမှာ ဘယ်လို အဖြေမဆို ထွက်လာနိုင်သည်ပဲ.....။ သို့သော်.....ဘယ်လိုအဖြေကမှ နိုင်ငံကျော့်ကို ပြောင်းလဲမပစ်နိုင်တာ သေချာသည်။

''သူ့ဘာသာသူ ဘာဖြစ်ခဲ့ဖြစ်ခဲ့ကွာ၊ တစ်ခုလပ်ပဲ ဖြစ်နေဦး တော့.....ငါ့ဘက်က မပြောင်းလဲဘူး''

''ဒါကို ဟိုက ဘယ်သိပါ့မလဲ''

''သိအောင်ကော.....ဘယ်လိုလုပ်ရမလဲ''

သူတို့ စဉ်းစားကြေပ်သွားကြသည်.....။ ခဏနေမှ ပြည်ကျော်က—

''ဒီမှာ.....နိုင်ငံကျော်''

''အင်း''

''ငါ တစ်ခုတွေးမိတယ်''

''ပြောပါ၊ ပလ္လင်ခံမနေပါနဲ့''

နိုင်ငံကျော် မျက်နှာကို ခပ်မဲ့မဲ့ထားကာ တမင်ပြောသည်။

''ငါတွေးမိတာက တိုင်းကျော်လောက် ဆိုးပါဘူး''

''ပြောပါလို့ ပြောနေတယ်''

''သူ့စကားထဲမှာ မင်းကို.....မယုံတာ၊ မဖြစ်နိုင်တာ၊ ဒါပဲ ပါတယ် မဟုတ်လား''

နိုင်ငံကျော် ဆတ်ကနဲ မော့ကြည့်သည်။

''ဒီထက်ဆိုးတဲ့ စကားလုံး မင်းတွေ့ထားလို့လား''

''မဟုတ်ပါဘူး၊ ဆုံးအောင် နားထောင်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ပြော....."

"မင်းကို....သူ မချစ်နိုင်ပါဘူးလို့ တစ်ခွန်းမှ မပါဘူးမဟုတ်လား"

နိုင်ငံကျော် ဆတ်ကနဲ ပြန်မော့လာပြန်သည်။ ဒီတစ်ခါတော့ နိုင်ငံကျော့်မျက်ဝန်းတွေ တောက်ပလာ၏။

"ဟာ.....ဟုတ်တယ်ကွ"

ဝမ်းသာအားရပြော၏။ ပြီးမှ.....စိတ်ပျက်လက်ပျက်နှင့် ပြန်ငြိမ်သွားကာ.....

"ဘာထူးလို့လဲကွာ၊ ငါ့အချစ်ကို မယုံတာ၊ ငါ့ကို မယုံတာနဲ့တင် ဆုံးနေပြီ၊ သူမချစ်ပါဘူးလို့ အထူးပြောစရာ မလိုတော့ဘူးလေ"

"ထူးတယ်ကွ၊ မင်းကို ယုံတိုင်းလည်း ချစ်ချင်မှချစ်မှာပေါ့၊ ဥပမာကွာ.....အတန်းထဲက ခင်သီတာဝင်း မင်းကို ယုံတယ်၊ ကျုတိုရီရယ် ဆို မင်းဆီကမှ စိတ်ချလက်ချကူးတာ၊ ဒါပေမယ့် သူ မင်းကို မချစ်ပါဘူး၊ သူ ဇော်မြင့်ကိုပဲ ချစ်တာ"

အရေးထဲမို့ နိုင်ငံကျော် ရယ်ချင်သွားရသည်။

တိုင်းကျော်ကတော့ ပြည်ကျော်ကို အရည်အချင်းစမ်းရအောင် ဟူသော သဘောနှင့်.....

"ကဲ..... opposite exampleလေးပေးပါဦး"

"ရပါတယ် တိုင်းကျော်ရာ၊ နောက်ဥပမာက မင်းအမေပဲ..... နိုင်ငံကျော်"

"ဘာဆိုင်လဲ"

"ဆိုင်တယ်၊ မင်းကို ချစ်တယ်လေ၊ ယုံလို့တော့ မအောက်မေ့ပါနဲ့၊ မယုံသကာနဲ့ကို ချစ်နေရရှာတာ"

နိုင်ငံကျော် ပြုံးမိ၏။

"ဒါက အမေကြီး....."

"အင်းလေ.....မင်းအမေက ဘာလဲ"





"အမေက ဘာရမလဲ၊ အမေပေါ့....."

"မဟုတ်ဘူး၊ မင်းအမေလည်း.....မိန်းမပဲ၊ မင်းရဲ့ ရွှေမြို့သူလည်း မိန်းမပဲ"

"ဘာဆိုင်လဲ"

"ဆိုင်တယ်၊ ယုံတာနဲ့ ချစ်တာ တခြားစီကိုပြတာ၊ ဒီထက် ပိုသေချာချင်ရင် မင်းအမေကို မေးလိုက်.....မင်းအဖေကို ယုံလားလို့"

"အာ....."

"အေးလေ.....မယုံပါဘူး၊ ဒါပေမယ့် ချစ်လားမေးရင် ဖြေစရာ တောင် မလိုဘူး၊ ချစ်လို့ကို ယုံချင်ယောင်ဆောင်ထားတာ....."

"ခွေးမသား"

နိုင်ငံကျော် ပြစ်ပြစ်နှစ်နှစ်ဆဲလိုက်၏၊ စိတ်ထဲကတော့ တစ်ဝက်ခန့် ပေါ့သွားသလို.....။ ရွှေမြို့သူဆီက ပြန်လာလာချင်းကများဆို..... ကိုယ့်ကိုယ်ကို စိတ်ရောဂါအထူးကုဆီတန်းသွားရင် ကောင်းမလားဟုပင် စဉ်းစားမိသည့်အထိ ခံစားရသည်။

ဒီအတိုင်းဆို သူနှင့် ရွှေမြို့သူ ပွင့်ပွင့်လင်းလင်း အခြေအတင် ဆွေးနွေးဖို့လိုနေပြီ.....။ ခက်တာက စာမေးပွဲတွေက ပြီးနေပြီမို့ တွေ့ဖို့ တောင် သိပ်မလွယ်တော့.....။

"မိန်းမတိုင်းနဲ့ ရွှေမြို့သူ မတူရင်ကော....."

တိုင်းကျော်က ဝင်ထောက်၏။ ပြည်ကျော်က မျက်ထောင့်နီနှင့် ကြည့်ကာ တိုင်းကျော်ကို ပြန်ပက်၏။

"အေး.....မိန်းမတိုင်းနဲ့ မတူရင်တော့ သူ့ကို ပြတိုက်ပို့ထားလိုက်၊ အရေးထဲ မင်းက....."

"ရော်.....ငါက ဖြစ်နိုင်ခြေကို ပြောတာပါ"

"ကဲ.....တော်ပါတော့"

နိုင်ငံကျော်ကပဲ ဝင်တားရတော့သည်။ တိုင်းကျော်ရော၊ ပြည်ကျော်



www.burmeseclassic.com

www.burmeseclassic.com



ပါ ဟန့်လိုက်၍လား။ ဘာလုပ်ပေးရကောင်းမလဲဟု စဉ်းစားပေးကြ၍လား မသိ။ ငြိမ်တော့ငြိမ်သွားတာ သေချာသည်။ မငြိမ်သက်နိုင်တာကကော့ နိုင်ငံကျော်ပဲ ဖြစ်သည်။ ရင်ထဲ ပွက်ပွက်ဆူထနေသော ရွှေမြို့သူ၏ စကားလုံးများနှင့် ဘယ်လိုမှ မငြိမ်သက်နိုင်.....။

သုံးလတာ အတူသွား၊ အတူတွဲလာခဲ့ပြီးမှ.....နိုင်ငံကျော်က ဖွင့်ပြောခြင်း ဖြစ်သည်။ ဒီသုံးလဆိုသော အချိန်အပိုင်းအတာကလည်း ရှေးလူကြီးများ(သုံးနှစ်သုံးမိုးသမားများ)အတွက်ကတော့ နည်းကောင်း နည်းပေလိမ့်မည်။ သူတို့က မပွင့်မလင်းနှင့် အကြည့်ချင်းဆုံ ရင်ခုန်ရုံ လောက်နှင့် သုံးနှစ်သုံးမိုးစောင့်ခဲ့ကြသည်ကိုး.....။ နိုင်ငံကျော်တို့ ခေတ်မှာက ဒီလောက်မလို.....။ သုံးလလောက် မပြောနှင့်.....။ သုံးပတ် နှင့်တောင် လုံလောက်သည်.....။ (သုံးရက်နှင့်တောင် လုံလောက်သည့် တူသော Complaintများပင် ဝင်လာနိုင်သည်။)

ဒီသုံးလအတွင်းမှာကလည်း နိုင်ငံကျော်နှင့် ရွှေမြို့သူဆိုတာက မိုးလင်းလို့ ကျောင်းမှာ,တွေ့ကတည်းက.....ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုနေကြတာ ညနေ ကျောင်းဆင်းချိန်အထိ.....။ သူ့ဘဝ— ကိုယ့်ဘဝ၊ သူ့အယူအဆ.....ကိုယ့်အယူအဆ၊ ကိုယ့်အကျင့်စရိုက်— သူ့အကျင့်စရိုက်များလည်း ဖလှယ်လေ့လာပြီးသား.....။

ဒါနဲ့များတောင်.....

"နိုင်.....မြို့သူကို ချစ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ပြန်စဉ်းစားပါဦး"

"မဖြစ်ပါဘူး နိုင်ရယ်၊ မြို့သူလို မိန်းကလေးမျိုးကို မေတ္တာစစ် ချစ်နိုင်မယ့် ယောကျ်ားဆိုတာ ဒီကမ္ဘာမှာ ရှိနိုင်မှာမဟုတ်ပါဘူး။ တော် အချစ်နဲ့လည်း မဖြစ်နိုင်ပါဘူး"

"ချစ်တယ်ဆိုတာ တစ်ခဏကိစ္စလို့ မြို့သူက မခံယူ တစ်ဘဝလုံးအတွက် ဘဝဖော်လို့ ခံယူတာ၊ မြို့သူကို လက်တွဲနိုင် ဆိုတာက.....တော်ရုံချစ်ခြင်းနဲ့ မဖြစ်နိုင်ပါဘူး၊ ပြန်စဉ်းစားပါဦး





.....ဆိုသော စကားမျိုးတွေ ပြောထွက်ခဲ့သည်။

သူမက ပြောထွက်ပေမယ့် ခံရသူက မသက်သာ....။ [illegible] တစ်ပိုင်း ဖြစ်လုလု.....။ နားလည်း မလည်နိုင်ပေ.....။ သူမက ခေါင်းကို သာ တွင်တွင်ခါရမ်းကာ ငြင်းဆိုခဲ့သလို.....။နိုင်ငံကျော်ကလည်း ခုချိန်မှာ ခေါင်းကို တွင်တွင်ခါရမ်းလျက် နားလည်ရခက်လျက်.....။

အရာရာသည် ထိုတဒင်္ဂနေ့ရက်များအတွက်တော့ လွဲချော် တိမ်းမှောက်လျက်.....။



www.burmeseclassic.com

www.burmeseclassic.com



**Languish (v)** - **grow weak or feeble (because of love) pine with love or grief.**





ဒီနေ့တော့ စိတ်ညစ်ညစ်နှင့် ကားလျှောက်မောင်းရင်း နှင်းဆီတွေ ဈေးပုံမည့် အထမ်းသည်တစ်ဦးကို တွေ့သည်။ ထူးထူးခြားခြား အဖြူရောင် နှင်းဆီဖူးအာအာလေးများ နှစ်စည်းပါလာသည်မို့ ပန်းကြိုက်တတ်သော မေမေ့ကို သတိရကာ နိုင်ငံကျော် ဝယ်လာခဲ့သည်။

အိမ်ရောက်တော့.....ခြံထဲဆင်းကာ လေ့ကျင့်ခန်းလုပ်နေသော တိုင်းကျော်နှင့် တိုး၏။

"ဟာ.....နှင်းဆီအဖြူတွေ"

"အေး.....ငါလည်း အတော်ကြီးနိုးနေတာနဲ့ ကားလျှောက်မောင်းရင်း ပန်းသည်တွေ့လာတာနဲ့ မေမေ့ဖို့ဝယ်လာတာ....."

"မေမေ့ဖို့ ဟုတ်လား"

တိုင်းကျော်က ရယ်ပဟာနှင့် ပြန်မေး၏။

"မေမေ့ဖို့ပါ၊ ရွှေမြို့သူဖို့ မဟုတ်ပါဘူး၊ သူက.....ပန်းနဲ့ နာမည်စာရင်းသွင်းဖို့ မလိုတော့ဘူးလေ"

နိုင်ငံကျော်က မချိသွားဖြဲလေးနှင့် ပြန်ပြော၏။ တိုင်းကျော်က မျက်နှာကို ပြန်တည်လိုက်ကာ.....

"နေပါဦးကွ၊ ငါပြောဦးမယ်"

"ဘာလဲ....."



www.burmeseclassic.com

www.burmeseclassic.com



"ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာရှိတယ်"

"ဘာလဲ....."

"Rose Languageဆိုတာလေ"

"Rose Languageဟုတ်လား။ နှင်းဆီပန်းဘာသာစကားပေါ့"

"သိပ်ဟုတ်တာပေါ့"

"အင်း.....အဲဒါဘာဖြစ်လဲ"

"အဲဒီထဲမှာတော့ နှင်းဆီပန်းတစ်ရောင်စီဟာ.....စကားတစ်မျိုးစီ အဓိပ္ပါယ်ဆောင်တယ်"

"အင်း.....ဆိုပါဦး၊ အဖြူရောင်က ဘာတဲ့လဲ"

"I'm worthy for you တဲ့"

"အတာ....."

နိုင်ငံကျော်.....သဘောကျစွာ တစ်ချက်ရယ်သွမ်းသေးလိုက်မိသည်။

ပြီးမှ ပြန်တည်လိုက်ကာ.....

"It's useless idea, my friend"

.....ဟု ခပ်တိုးတိုးရေရွတ်သည်။

တိုင်းကျော်က ခပ်မိန့်မိန့်ပြုံးရင်း.....ပြန်ပြော၏။

"ဘယ်ကလာ....ခုမှ တကယ် အသုံးဝင်တာဆရာ"

"ဘာလုပ်ရမှာလဲ"

"ရွှေမြို့သူရဲ့ အိမ်ဝမှာဖြစ်ဖြစ်၊ ရုံးခန်းဝမှာဖြစ်ဖြစ် သွားချိတ်လေ...."

"ဘာထူးခြားမှာလဲ၊ သူက ဒီပန်းရဲ့ အဓိပ္ပါယ်ကို သိဦးမှ....."

"နိုင်ငံကျော်.....မင်းသိပ်မဝေးပါနဲ့ကွာ၊ သူက Americaက ပြန်လာတာပါ၊ UCLAက အောင်လာတာပါ"

"ဒီတော့....."

"ဒီပန်းကို သေချာထုတ်ပိုးပြီး သွားပို့လိုက်ပေါ့"





"ငါက သွားပို့ရမှာလား။ ငါမှ အတွေ့မခံတာ....."

"ငါဖြစ်ဖြစ်, ပြည်ကျော်ဖြစ်ဖြစ် ပို့ပေးပါ့မယ်၊ အဲဒီအခါကျ တစ်ခုခု ထူးလာရင်သာ ငါတို့ကိုမမေ့နဲ့"

"မမေ့ပါဘူး"

နှစ်ယောက်သား အထဲဝင်လာပြီး ပြည်ကျော့်ကိုပါ ဖတ်စုံခင်းကာ.....ပန်းကို ထုတ်ပိုးရန်ပြင်ကြ၏။

"ငါကတော့ မထုတ်တတ်ဘူးနော်"

တိုင်းကျော်က စောစောက အကြံပေးခဲ့တာ သူမဟုတ်သလို ပန်းနားပင် မကပ်တော့.....။ ပြည်ကျော်ကလည်း ပန်းစည်းကိုင်လိုက်၊ ပြန်ချလိုက်၊ Warping Paperကြည်ကြည်လေးများကို ကောက်ကိုင်လိုက်၊ ပြန်ချလိုက်၊ ကဒ်ကြေးကို ကောက်ကိုင်လိုက်၊ ညှပ်မလိုလုပ်ပြီး ပြန်ချလိုက်နှင့် ရှုပ်နေသည်.....။

"ငါလည်း မတတ်ဘူးကွ"

"ဒါများ စောစောတည်းက အလံဖြူပြလိုက် ပြီးရော....."

တိုင်းကျော်က မကျေမနပ်ဆို၏။

နိုင်ငံကျော်က.....

"ငါလည်း မတတ်ဘူး၊ အမှန်တကယ် ဒါမျိုးတတ်တာက....."

"ဘယ်သူလဲ"

နှစ်ယောက်သား တအံ့တသြ လှည့်မေးကြ၏။

"မေမေ....."

အဖြေရတော့ ငြိမ်သွားကြသည်.....။ မငြိမ်တာက နိုင်ငံကျော်.....။ ဖဲကြိုး၊ ကဒ်ကြေး၊ Wrapping Paperနှင့် ပန်းများကို ကောက်ယူကာ..... မေမေ့အခန်းသို့ ထွက်လာခဲ့လိုက်သည်။

"မေမေ"

မေမေက မှန်တင်ခုံရှေ့မှာ အလှပြင်နေသည်.....။



www.burmeseclassic.com

www.burmeseclassic.com



"အပြင်သွားဖို့က အရေးကြီးလား"

"မကြီးပါဘူး သားရယ်၊ အိမ်မှာကုန်နေတာတွေ ဝယ်ခြမ်းဖို့ပါ"

"ဒါဆို.....သားကို ကူပါဦး"

"ဟဲ့.....ဘာကူရ အဲ.....ဒါတွေက ဘာတွေလဲ"

သူဖက်လှည့်လာမှ မြင်သွားသော ပန်းနှင့်ကဒ်ကြေးများကို ကြည့်ကာ တအံ့တသြမေး၏။

"ဒါတွေကူရမှာ၊ ပန်းစည်းလှလှလေး လုပ်ပေးဖို့"

"ဟယ်.....ပန်းတွေက လှလိုက်တာ၊ ဘယ်သူ့ဖို့လဲ"

"ဟိုတစ်ခါ.....သားပြောဖူးပါရောလား၊ မနက်အစောကြီး သွားသွားကြည့်တဲ့၊ ဟိုကောင်တွေ ဥစ္စာစောင့်လို့ပြောတဲ့ ကောင်မလေးအတွက်"

"အမယ်.....အတော်တိုးတက်နေပြီလား"

မေမေက မျက်လုံးလေးပြူး၊ ရင်ဘတ်လေးဖိကာ တအံ့တသြ မေး၏။

"ဟင့်အင်း.....အတော်လေးဆုတ်ယုတ်နေတာပါ"

"ဘယ်လို.....ဘယ်လို"

"ကောင်မလေးက သားကို ငြင်းတယ်မေမေ"

"အံမယ်.....သူက မေမေ့သားကို....."

"အင်း.....မေမေ့သားမို့ ငြင်းတာတော့ မဟုတ်ပါဘူး"

"အရေးထဲ နောက်နေတယ် သားရယ်"

"ဟုတ်တယ်.....အတွေ့လည်း မခံတော့ဘူး"

"ဖြစ်ရလေ.....ဟင်.....ဒါနဲ့.....ဒီပန်းတွေက သူ့အတွက်ဆို....."

"ဟုတ်တယ်၊ တိုင်းကျော်ရဲ့ အကြံပေးချက်အရ ဒီကမ္ဘာမှာ သူနဲ့ အထိုက်တန်ဆုံးလူဟာ သားပါလို့.....ဒီပန်းတွေကတစ်ဆင့် ပြောမလို့ မေမေ"

မေမေ မရယ်ပါ။ နိုင်ငံကျော်ကိုသာ ဂရုဏာသက်စွာ ကြည့်၏။





ဟုတ်ပေမှာပေါ့.....။ သူမ မွေးထားသော သားချော၊ သားလှလေးကို ဘယ်လိုကောင်မလေးကများ ငြင်းတာပါလိမ့်.....ဟု တွေးနေမည်ပေါ့။ မေမေ ဘာမှဆက်မမေးပဲ.....ပန်းများကို သပ်ရပ်စွာ စည်းနှောင်ပေးသည်။

"ကဲ.....ရော့ ပြီးပြီ"

"ကျေးဇူးပဲ မေမေ"

"ကျေးဇူးမတင်နဲ့ဦး သား၊ အဆင်ပြေမှတင်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

နိုင်ငံကျော် ပန်းစည်းကိုယူလာပြီး တိုင်းကျော်နှင့် ပြည်ကျော်လက်ထဲ အပ်လိုက်သည်.....။

"ခဏနေဦး"

ပြည်ကျော်က ပန်းစည်းကို ခဏချကာ.....ကဒ်ဖြူလေးတစ်ခု ထုတ်ယူလိုက်၏။

"ဘာလုပ်ဖို့လဲ"

"ရော်.....ပန်းနဲ့ စကားပြောတာက.....ဟုတ်ပြီ၊ ဘယ်သူက ပြောတယ်ဆိုတာ သိဖို့လိုသေးတယ်လေ"

"အာ.....ငါ့နာမည် ရေးရမှာလား၊ မရေးချင်ဘူး"

"အဲလောက်တော့ မတုံးကြပါဘူး သူငယ်ချင်းရာ၊ မင်းလက်ရေးကိုတော့ သူက သိတာမို့ မင်းလက်ရေးဖြစ်ဖို့ပဲ လိုတာပါ"

"ဒါဆို.....ဘာရေးရမှာလဲ"

"မင်းက သူ့ကို ဘယ်လိုခေါ်လဲ၊ ရေး.....အင်္ဂလိပ်လိုနော်"

"အင်း.....ရေးပြီ"

"ပြီးရင်.....by rose language လို့ရေး"

"အင်း"

"ပြီးရင်.....from languisher' လို့ရေး"

နိုင်ငံကျော် မျက်မှောင်ကြုတ်သွားသည်.....။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ languisher ဆိုတာ....."

"လွယ်လွယ် ဘာသာပြန်ရရင် ချစ်ဒုက္ခသည်ပေါ့၊ အတိအကျ ဘာ.....ဆိုတာ ပြောရရင်.....pine with love or grief တဲ့"

"ဟာ....."

"ဘာ.....ဟာ.....လဲ"

"မရေးချင်ဘူး"

"ဘာလို့ မရေးချင်တာလဲ"

"ရှက်စရာကြီး"

"ဟင်.....မင်းက မဟုတ်လို့ ရှက်တာလား"

"ဟုတ်တာတော့ ဟုတ်တာပေါ့"

"ဟုတ်ရင် ရှက်စရာမလိုဘူး"

သို့နှင့်.....

Myot Thu

........

........by rose language.....

from......

languisher.

.....ဟု ရေးထားသော ကဒ်ဖြူဖြူလေးပါသည့် နှင်းဆီပန်းဖြူ တစ်စည်း ရွှေမြို့သူ၏လက်ထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားခဲ့သည်။

ပန်းစည်းကို လက်ခံယူသော နှလုံးသားလေးထံ ဆိုလိုသော အဓိပ္ပါယ်လေး ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားဖို့ပဲ လိုပါသည်.....။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Platonic Love - intimate and affectionate love but not sexual**





နောက်တစ်နေ့နံနက် အိပ်ယာထတော့ ခြံဝမှာ နှင်းဆီပန်းနီနီ တစ်စည်း.....။ ကားဂိုဒေါင်ဆီ လှမ်းဆဲခြေလှမ်းများကို ရပ်ကာ..... ပန်းစည်းကို ခြိဂိတ်မှဖြုတ်ယူလိုက်သည်။ အနီရောင် ဖဲကြိုးနီနီလေးမှာ..... ကဒ်ပြားလေးတစ်ခု ချိတ်ထားသည်။

"TEMPERANCE"

နိုင်ငံကျော် နားမလည်ပါ။ ပိုသေချာအောင် ပြောရလျှင် ဘာကဒ်မှန်းကို မသိ။ ထိုစာလုံးအပြင် အတောင်ပံပါသော နတ်သားလိုလို ဘာလိုလိုလူက ရေခွက်တစ်ခွက်ထဲက ရေကို တစ်ခွက်ထဲ လောင်းထည့်နေသော ပုံလည်းပါသေးသည်။ ဖျတ်ခနဲ ကဒ်နောက်ကို လှန်ကြည့်လိုက်သည်။

**Naing**

........

**........by rose language.....**

**é Platonic Love**

**Myot Thu**

ဘာရယ်ညာရယ်တော့ မသိ။ သိသော.....'love' တစ်လုံးတည်း နှင့်တင်.....နိုင်ငံကျော် ထခုန်ချင်သွားရသည်။ ကဗျာကယာ အိမ်ထဲ ပြန်ဝင်ကာ.....အိပ်နေသော နှစ်ကောင်ကို နှိုးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုင်းကျော်.....ထ,ထ"

"ပြည်ကျော်.....ထ,ထ"

ဘာရယ်မှန်းမသိသဖြင့် နှစ်ကောင်သား အလန့်တကြား ခြင်ထောင်ထဲမှ ထ,ထွက်လာကြသည်။

"ဘာ.....ဘာ.....ဘာဖြစ်လို့လဲ"

"အေး.....ဘာဖြစ်တာလဲ ညကြီး၊ အဲ.....မိုးလင်းနေပြီ"

တစ်ယောက်တစ်ပေါက် အော်ဟစ်နေပြီး မျက်လုံးများ တကယ်ပွင့်လာကြပြီး နှင်းဆီပန်းစည်းကို မြင်သွားသောအခါ ပညာရှိများပီပီ ထအော်ကြတော့၏။

"ဟာ....."

"ဟာ.....မိုက်တယ်"

နိုင်ငံကျော်က မမိုက်အားသေးပါ။ တိုင်းကျော် ပညာရှိကို မျက်နှာချိုသွေးရ၏။

"တိုင်းကျော်"

"ဟေ....."

"ပန်းအနီရဲ့ အဓိပ္ပါယ် ပြောပါဦး"

"red rose ဆိုတာက အဲ.....ပြည်ကျော် ငါတို့ ဒီနေ့ breakfast ကို Oriental House မှာ သွားစားရရင် မကောင်းဘူးလား"

အရေးထဲ အထာကကိုင်သွားသေးသည်။

"ဟေ့.....ဒီလောက် ဈေးကိုင်မနေနဲ့။ ငါက အဓိပ္ပါယ်ကို နားလည်ပြီးသား၊ သေချာချင်လို့ မေးတာ"

"ရတယ်လေ၊ ဒါဆိုလည်း မင်း အဲဒီခပ်ရေးရေး၊ ခပ်ဝါးဝါးနဲ့ပဲ နေခဲ့တော့.....ဟုတ်လား၊ ငါတို့ဟာ ငါတို့ သွားစားမယ်"

"အေး.....မရဘူး၊ ငါတို့က စိတ်ကြီးတယ်"

မတည့်သောနှစ်ကောင် တည့်နေကြပြန်သည်။ နိုင်ငံကျော် ခေါင်းကိုကုတ်ရင်း အရှုံးပေးလိုက်ရတော့၏။





"ကဲပါ.....တိုင်းကျော်ရာ ပြောပါ၊ ငါကျွေးပါ့မယ်"

"ဒီလိုမှပေါ့၊ ဒါမှ.....precious answer ဖြစ်တော့မှာပေါ့"

"ကဲပါ.....ပြောပါ"

" I Love You တဲ့"

"အိုး.....how nice"

ပန်းစည်းကို ကိုင်ပြီး ထခုန်လိုက်ရာ ဝုန်းခနဲပင် ဖြစ်သွားရသည်။

"ဟဲ့.....စောစောစီးစီး ဘာတွေဖြစ်နေတာလဲ"

မြတ်စွာဘုရား.....။ မေမေ ရောက်လာသည်။ မေမေ ရောက်လာသဖြင့် အားလုံး မင်သေသေနှင့် ငြိမ်သွားကြသည်။

"ဟဲ့.....ဝုန်းခနဲ ဘာဖြစ်ကြတာလဲ"

"ဟို.....နိုင်.....နိုင်ငံကျော်"

တိုင်းကျော်နှင့် ပြည်ကျော်က လက်ညှိုးဝိုင်းထိုး၏။ ကိစ္စမရှိပါ။ ဖြေရှင်းရုံပေါ့.....။

"ဒီမှာ မေမေ"

"လာပြန်ပြီ.....ပန်းတွေ"

မေမေက.....မျက်စောင်းလေးချိကာ ရေရွတ်၏။

"မဟုတ်ဘူး မေမေ၊ ဒါက သားကို ကောင်မလေးက ပို့ပေးတာ"

"တကယ်"

ထုံးစံအတိုင်း မေမေက မယုံသင်္ကာပုံစံနှင့် မေး၏။

"တကယ်ပါ"

မေမေက ပန်းစည်းကိုယူကာ လှည့်ပတ်ကြည့်၏။ ကတ်ပြားကို လည်း ကြည့်ကာပြုံး၏။

"အဲဒီကတ်ပဲ၊ ဘာကတ်မှန်း မသိတာ၊ အဓိပ္ပါယ်ရှိလား၊ ဒါမှမဟုတ် ရရာကတ်မှာ ရေးပေးလိုက်တာလား သိချင်တာ....."

"ဒီလောက်ပန်းစည်းလုပ်ပြီး ရရာကတ်ကို သုံးမလား သားရဲ့"

www.burmeseclassic.com



"ဒါဆို ဒါဘာပုံလဲ မေမေ၊ Temperanceဆိုတာကရော..... ဘာလဲ မေမေ"

မေမေက ပြုံး၏။ ပြီး မျက်စောင်းလေးချီကာ.....

"ဒါနဲ့များ.....သုံးယောက်တည်း အိမ်ခွဲနေကြဦးမတဲ့၊ ကိုလူပျိုတွေ"

"အာ.....ဘာဆိုင်လဲ မေမေရဲ့"

"ဟဲ့.....ဆိုင်တာပေါ့၊ ပေးဖို့ ပန်းပြင်တော့လည်း အမေ၊ ပြန်ရတဲ့ ပန်းကို အဓိပ္ပါယ်ဖော်ရတော့လည်း အမေ၊ ကောင်းနိုင်သေးလား"

"ကောင်းပါတယ် မေရာ၊ ပြောမှာသာပြောပါ"

မေမေက.....ကဒ်ပြားလေးကို တစ်ချက်ပြန်ကြည့်ပြီး ပြော၏။

"ဒါ.....Tarotကဒ်တွေထဲက နံပါတ်(၁၄)ကဒ်ပဲ"

"အဲဒါ.....ဘာအဓိပ္ပါယ်လဲ မေမေ"

"အဓိပ္ပါယ်ကတော့ကွယ်၊ သားနဲ့သူ ပေါင်းစပ်လို့ရတယ်ပေါ့၊ ဒီကဒ်ရဲ့ အဓိပ္ပါယ်တွေထဲမှာ.....Integrationဆိုတာ ပါတယ်လေ"

"ဟာ.....တကယ်လား"

"တကယ်ပေါ့.....သားရဲ့"

"ဟား.....ဒီနေ့တော့ မင်္ဂလာရှိသောနေ့ပဲ၊ အိုကေ....တာ့တာ... သား သွားတော့မယ်"

"ဟဲ့.....ဘယ်လဲ"

"အံမယ်.....ဒီလိုသွားလို့ ရမလား"

မေမေနှင့် တိုင်းကျော်တို့၏စကားကို အဆောတလျင် အော်ဟစ် ဖြေကြားရင်း ပြေးထွက်ခဲ့တော့သည်။

"မြို့သူဆီ မေမေ၊ တိုင်းကျော်နဲ့ပြည်ကျော်.....Oriental House မှာ breakfastမဟုတ်ဘူး dinnerကျွေးနိုင်လား"

"ကျွေးနိုင်ပေးရမှာပေါ့ကွာ"

"အေးလေ.....ရှိပါစေ"





သူတို့ပဲ အနစ်နာခံလိုက်သယောင် ပြောနေသော စကားလုံးများက နောက်မှ ခုန်ပေါက် လိုက်ပါလာနေသေးသည်။

ယနေ့သည် မင်္ဂလာရှိသော နေ့ဖြစ်၏။

ပြက္ခဒိန်တွင် ဘယ်လိုပဲရှိရှိ.....ယနေ့သည် ရက်ရာဇာဖြစ်၏။

ယနေ့သည် ပြက္ခဒိန်တွင်ရှိရန်လိုသော ရက်တစ်ရက် ဟုတ်မဟုတ် မသေချာ.....။

နိုင်ငံကျော်၏ နှလုံးသားတွင်ရှိအပ်သော ရက်တစ်ရက်ဖြစ်သည်က တော့ သေချာ၏။

ရွှေမြို့သူ၏ Golden City ခရီးသွားအေဂျင်စီရုံးခန်းကလေး..... ငြိမ်သက်၊ တိတ်ဆိတ်နေသည်။ တံခါးသော့မခတ်ထားသည်ကို ကြည့်ခြင်းဖြင့်.....အထဲမှာ လူရှိနေတာ သေချာသည်။

ဘယ်သူရှိမလဲ.....ရွှေမြို့သူပေါ့။

နိုင်ငံကျော် တံခါးကို အသာဆွဲဖွင့်ကာ.....အတွင်းသို့ ဝင်လိုက် သည်။ လေအေးစက်၏ အအေးဓါတ်က အတော်ပင်စိမ့်အေးနေပြီ။ ဒါဆို ရွှေမြို့သူရောက်တာ.....အတော်ကြာခဲ့ပြီပေါ့။ ပန်းစည်းလာထားပြီး ကတည်းက ရုံးခန်းသို့ ရောက်နေပုံရသည်။ ထိုင်နေကျ စားပွဲနောက်က ကုလားထိုင်မှာ ရွှေမြို့သူကို မတွေ့ရ.....။ မျက်ဝန်းအကြည့်ကိုရွှေ့ကာ..... တစ်ချက်ဝေ့ကြည့်လိုက်၏။

"မြို့သူ"

ဧည့်သည်များအတွက် သီးသန့်ကန့်ထားသောနေရာမှ..... ဆိုဖာပေါ်တွင် ပြေပြေလျော့လျော့လေးထိုင်ကာ သူ့ကို ကြည့်နေသည့် ရွှေမြို့သူကို တွေ့လိုက်ရသည်....။

"မြို့သူ"

သူမက.....အကြည့်နှင့်သာ တုံ့ပြန်၏။ သို့သော်.....ထိုအကြည့် သည် နူးညံ့သည်။ သက်ဝင်သည်။ အဓိပ္ပါယ်များစွာလည်း ပါဝင်နေသည်။ မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံပုလေးကိုဆွဲကာ ရွှေမြို့သူနား ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သူ ပိုလိုက်တဲ့သန်း ရတယ်သိလား။ ပျော်လိုက်တာ မြို့သူရယ်..... ကိုယ် ဘယ်လိုပျော်မှန်းကို မသိတော့ဘူး"

ခုထိ.....ရွှေမြို့သူက ဘာစကားမှမပြောဘဲ ကြည့်နေဆဲ.....။

နိုင်ငံကျော် အားမရဖြစ်လာသည်။

"မြို့သူ.....စကားလေး, ဘာလေး ပြောဦးလေ"

"ပြောမှာပေါ့ နိုင်ရဲ့၊ ဘာလို့ လောနေတာလဲ၊ မြို့သူမှာက ပြောချင်တာတွေ အများကြီးပဲ"

"ကိုယ်.....နားထောင်မှာပေါ့ မြို့သူရဲ့၊ ကဲ.....ဘယ်ကစ,ပြောမလဲ"

"ပန်းစည်းက စ,ရအောင်....."

"အင်း.....I Love You တဲ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ အောက်က Platonic Loveဆိုတာလည်း မေ့သွားနဲ့ဦးနော်"

"မမေ့ပါဘူး။ ကိုယ်လမ်းမှာ ကားမောင်းရင်း မီးပွိုင့်မိတော့ Dictionaryတောင် သေချာကြည့်ခဲ့သေးတယ်"

"ဟုတ်လား။ ဘာတဲ့လဲ....."

"initimate and affectionate တဲ့"

ရွှေမြို့သူက ပြုံးသည်။ ပြီးမှ.....

"မြို့သူ.....နိုင့်ကို မချစ်ဘဲ နေကြည့်တယ်၊ မယုံဘဲ နေကြည့်တယ်၊ မရဘူး။ အဲဒီအချိန်မှာပဲ.....နိုင့်ဆီက ပန်းစည်းလေးရောက်လာတော့ မြို့သူ နေလို့မရတော့ဘူး။ နိုင်ဟာ.....မြို့သူအတွက် ထိုက်တန်တဲ့ ဖူးစာရှင် အမှန်ဖြစ်လို့ နေလို့မရတာဘဲလို့ ယုံကြည်ပြီး နိုင့်ကို ပြန်ချစ်လိုက်တာ။ ဒါပေမဲ့ မြို့သူ နိုင့်ကို ချစ်တဲ့အချစ်က အရမ်းသန့်စင် အေးမြတယ်၊ ပိုင်ဆိုင်လိုစိတ်လည်း မပါဘူး။ အမြဲတမ်းလည်း ဘာနဲ့ကြုံကြုံ တည်မြဲနေမယ့် အချစ်မျိုးပဲ"

နိုင်ငံကျော် မြို့သူ၏ လက်ကလေးကို ဖျစ်ညှစ်ဆုပ်ကိုင်ထားလိုက်မိ





သည်.....။ ထိုတွဲဆက်ထားသော လက်များလည်း ဘယ်သောအခါမှ ဘာဒုက္ခနဲ့ကြုံကြုံ မဖြုတ်တမ်းဟု ရင်ထဲက သန္နိဋ္ဌာန်ချလိုက်မိသေးသည်။

"ကိုယ်.....မြို့သူကို ချစ်တဲ့အချစ်ကလည်း သန့်စင်အေးချမ်းရပါစေမယ်၊ မြို့သူဘဝတစ်လျှောက်လုံး ဘယ်သောအခါမှ ပူပင်သောက မရောက်စေရဘူးလို့ ကိုယ်ကတိပေးပါတယ်"

"အဲဒီကတိမြဲပါစေလို့ မြို့သူ ဆန္ဒမပြုပါဘူး။ မြို့သူတို့ရဲ့ ရှေ့ဆက်ရမယ့် အနာဂတ်ကံကြမ္မာ လှပပါစေလို့ပဲ ဆန္ဒပြုပါတယ်"

မြို့သူ၏မျက်ဝန်းအကြည့်များသည် ယခင်ကဝေက်ပင် ပို၍ နူးညံ့အေးမြလာသလို ခံစားရသည်။ သို့သော်.....ထိုအကြည့်များထဲတွင် စိုးရိမ်ငွေ့ တစ်စုံတစ်ရာကိုလည်း ခပ်ပါးပါးတွေ့ရသလို ထင်မှတ်မိသည်။ သူ့ကို.....ရာနှုန်းပြည့် မယုံကြည်နိုင်သေး၍လား။ စိတ်မချနိုင်သေး၍လား တစ်ခုခုတော့ ဖြစ်နိုင်သည်။

စိတ်ချပါ မြို့သူ.....။ အဲဒီ စိုးရိမ်ငွေ့သန်းနေတဲ့ အကြည့်တွေ ကြည်လင်တောက်ပလာတဲ့ထိ ကိုယ့်မေတ္တာနဲ့ ရှင်းလင်းသန့်စင်ပေးပါ့မယ်.....။

နိုင်ငံကျော် စိတ်ထဲက ကတိထပ်ပြုမိသည်.....။

'အချစ်' ဆိုသည်မှာလည်း.....

တဒင်္ဂအတွက်တော့ ယုံကြည်ချင်စရာ၊ ကတိပြုချင်စရာ၊ ပေးအပ်ချင်စရာ၊ ဆုံးဖြတ်ချင်စရာကောင်းသော.....ကံကြမ္မာ နတ်ဆိုးလေး တစ်ကောင်လည်း ဖြစ်သည်ကိုတော့ သူတို့ မသိရှိကြသေးပါ....။

✪✪✪✪✪

www.burmeseclassic.com

www.burmeseclassic.com



**Happiness not lies in getting but in giving.**

**Proverb**





'ရွှေမြို့သူ'ဆိုသော မိန်းကလေး၏ ချစ်ခြင်းကိုရရှိတာ နိုင်ငံကျော် ကံကောင်းသည်ဟု (သူတို့ကို အရင်ကစိတ်မဝင်စားသော) တိုင်းကျော်နှင့် ပြည့်ကျော်အပါအဝင်.....မေမေကပါ ထောက်ခံမဲပေးလာခဲ့သည်။

တကယ်ပင်.....ရွှေမြို့သူသည် သူ့အတွက် အရာရာပေးဆပ်နိုင်စွမ်း၊ ဖြည့်ဆည်းပေးနိုင်စွမ်း၊ နားလည်ပေးနိုင်စွမ်းရှိသူ ပင်တည်း။ ချစ်သူနှစ်ဦး တွေ့လျှင်ပင် သူမအားချိန်ကို ဦးစားမပေး၊ နိုင်ငံကျော့် အားလပ်ချိန်ကို ဦးစားပေးတတ်သည်။ ချိန်းဆိုရာသို့လည်း သူမက ဦးအောင်အမြဲရောက် နေတတ်ပြီး နိုင်ငံကျော် ကြိုက်တတ်သောအရာများကို ကြိုမှာပေးထား တတ်သည်။

ထို့ပြင်.....နိုင်ငံကျော်၏ လူမှုရေးလိုအပ်ချက်များကိုလည်း နိုင်ငံကျော် မတောင်းဆိုရဘဲ ဖြည့်ဆည်းပေးတတ်သည်။ မေမေ နေမကောင်းလျှင် အနားသို့ အမြန်ဆုံးရောက်လာတတ်သူက ရွှေမြို့သူ။ ညီမလေး စာမေးပွဲရက်ဆို ဘာမဆို အဆင်သင့် လာဖြည့်ဆည်းပေး ထားတတ်သူက ရွှေမြို့သူ။ တစ်ခါ.....တိုင်းကျော် နေမကောင်းဖြစ်ကာ ဆေးရုံတက်ရတော့လည်း ဆရာဝန်ကြီးများနှင့် ရင်းနှီးကျွမ်းဝင်သော သူမကပင် အစအဆုံး လိုက်ဆောင်ရွက်ပေးခဲ့သည်။ လစ်လပ်နေသော တိုင်းကျော်၏အလုပ်နေရာကိုလည်း သူမပင် ဝင်ဖြည့်တင်း ရှေ့ဆောင် ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မြို့သူ....."

"ဟင်.....ဘာလဲ.....ကို"

"ကိုယ့်ကို လူတွေက ကံကောင်းတယ်တဲ့"

"ဟင်.....ဘာလို့လဲ"

"မြို့သူရဲ့ချစ်သူ ဖြစ်ခွင့်ရလို့တဲ့"

မြို့သူ၏ မျက်နှာပေါ်တွင် ထုံးစံအတိုင်း နိုင်ငံကျော် မသိနိုင်စွမ်းသော အငွေ့တစ်စုံတစ်ရာ ယှက်သန်းသွားပြီးမှ ပြန်လည် ကြည်လင်သွားရသည်.....။

"ဟုတ်လား။ ဘာလို့လဲ.....မြို့သူက ဘာထူးနေလို့လဲ"

"မြို့သူက အရမ်းကိုနားလည်မှုရှိပြီး ကိုယ့်အတွက်၊ ကိုယ့်အသိုင်းအဝိုင်းအတွက်ပါ အရမ်းနားလည် ဖြည့်ဆည်းနိုင်စွမ်းတယ်နော်"

မြို့သူက ညင်သာစွာပြုံး၏။

"အော်....ဒါလား။ ဒါများကိုရယ်.....မြို့သူဘက်က ဖြည့်ဆည်းပေးနိုင်တဲ့ အခွင့်ရှိတုန်း ဖြည့်ဆည်းပေးတာပါ"

"အခွင့်ရှိတုန်း.....ဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီလိုအခွင့်က တစ်သက်လုံးရနေမှာလို့ ဘယ်သူက အာမခံနိုင်မှာမို့လဲ"

မြို့သူမျက်နှာကလေး ညို့ညို့ကလေးမှိုင်းသွားရသည်။

"ဟင်.....ဒါက ဘာစကားလဲ၊ ကိုယ့်ကို မယုံတဲ့စကားလား....."

"မဟုတ်ပါဘူး။ ကိုယ့်ကိုယုံပါတယ်၊ မြို့သူ မယုံတာက အချိန်တွေကိုပါ"

"အချိန်.....ဟုတ်လား"

"ဟုတ်တယ်၊ တချို့တွေက အချိန်ကိုသမားတော်တဲ့၊ မြို့သူကတော့ မျက်လှည့်ဆရာလို့ မြင်တယ်"

"ထူးထူးဆန်းဆန်း မြို့သူရယ်"





"ထူးထူးဆန်းဆန်းပါပဲ၊ အရာအားလုံးဟာ တကယ်တွေးကြည့်ရင် ထူးဆန်းနေတာပါပဲ"

နိုင်ငံကျော် မျက်မှောင်ကြုတ်လိုက်သည်။

"ဘာလဲ.....မြို့သူ ကြည့်ရတာ တစ်ခုခုကို စိုးရိမ်နေသလိုပဲ"

"မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ ကဲပါ မြို့သူရယ်.....ကိုယ်တို့ မယုံကြည်ရတဲ့ အရာတွေ၊ ကံကြမ္မာတွေကို ကျော်လွှားဖို့ကိုယ်တို့ လက်ထပ်ကြရအောင်"

"ဟင်"

ရွှေမြို့သူ မျက်လုံးလေးများဝိုင်းကာ.....မျက်နှာလေး ဖြူရော်သွားသည်။

"နော်.....မြို့သူ"

"ဟင့်အင်း.....ဟင့်အင်း....."

ရွှေမြို့သူက ငြင်း၏။ နိုင်ငံကျော် မြို့သူကို နားမလည်နိုင်သလို ကြည့်ရင်း.....

"ဟင်.....ဘာလို့ငြင်းတာလဲ၊ မြို့သူ ကိုယ့်ကို လက်မထပ်နိုင်လို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်.....ဘာငြင်းစရာရှိလဲ၊ ကိုယ်တို့ လက်ထပ်ကြမယ်လေ"

"ဟိုလေ.....အရမ်းကြီး စောနေသေးလားလို့"

"ဟား.....ဟား.....ဘာလဲ....လူလားမမြောက်သေးဘူး ထင်လို့လား။ ဘွဲ့ရပြီးပြီ အလုပ်ကိုယ်စီ လုပ်နေကြတယ်၊ အသက်က ၂၄နှစ်ထဲမှာ ဘာစောစရာရှိလဲ"

"စောတာပေါ့၊ ယောကျာ်းလေးဆိုတာ ၂၆၊ ၂၇လောက်မှ အိမ်ထောင်ပြုတာ ကောင်းတယ်တဲ့"

"ဘယ်သူပြောလဲ"

"ရွှေမြို့သူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ....."

"ကဲပါ၊ တစ်နှစ်,နှစ်နှစ်လောက် စောင့်ပါဦး။ မြို့သူကို စုရဆောင်းရဦးမယ်လေ၊ မိဘကိုလည်း လုပ်ကျွေးရဦးမယ်"

အင်း.....ဘယ်လိုမှ မတတ်သာတော့ပါ။ မိဘကို လုပ်ကျွေးရဦးမယ် ဆိုသော စကားကပါနေသည်ကိုး.....။ ငြင်းလိုက်ပြန်လျှင်.....ကိုယ်က ယောကျ်ားရင့်မကြီး ဖြစ်နေပါလျက်နှင့် မိဘကျေးဇူး မသိတတ်သူ ဖြစ်နေရဦးမည်။

ဒါက **ပထမအကြိမ်**.....။

**ဒုတိယအကြိမ်** လက်ထပ်ခွင့်တောင်းတော့.....

"ဟာ.....မဖြစ်သေးဘူး ကိုရဲ့"

"ဘာဖြစ်လို့လဲ"

"မြို့သူ.....ကျောင်းတက်နေတာ မသိဘူးလား"

"ဟင်.....ဘာကျောင်းတက်နေတာလဲ"

"MBA တက်နေတာလေ၊ မနှစ်ကတည်းက တက်တာ"

"အာ.....ဘယ်ထိစောင့်ရမှာလဲ"

"ဒီ.....တစ်နှစ်ပါပဲ"

**တတိယအကြိမ်**.....။

"ကဲ.....မရွှေချော"

"ဘာလဲ.....ကို"

"ကျောင်းလည်း ပြီးပြီ"

"အေးလေ.....ဘာဖြစ်လဲ"

"ကိုယ်တို့ မငယ်တော့ဘူး"

"သိသားပဲ၊ ၂၆နှစ်ထဲ ရောက်ကုန်ကြပြီ"

"ဒါဆို.....လက်ထပ်ကြစို့လေ"

"အာ....."





"ကဲ.....ပြောပါဦး၊ ဒီတစ်ခါ ဘာဆင်ခြေပေးဦးမလဲ"

"ဆင်ခြေမဟုတ်ပါဘူး"

"ဆင်လက်လား"

"မဟုတ်ဘူး၊ တကယ်ပြောမှာ.....ဖေဖေ့ကျန်းမာရေးအရ..... ဒီနှစ်လအတွင်း Americaကို ဆေးသွားကုဖို့ ရှိတယ်"

နိုင်ငံကျော် မျက်လုံးပြူးသွားသည်။ နိုင်ငံကျော်၏ အားနည်းချက်က အဲဒါတွေပါ.....။ ရွှေမြို့သူဘက်က တာဝန်ကျေသလောက် သူ့ဘက်က တာဝန်ကျေဖို့ နေနေသာသာ တစ်ခါတစ်ခါ ဘာဖြစ်သွားမှန်းပင် မသိလိုက်။

"ဟာ.....ဟုတ်လား၊ ဘာဖြစ်တာလဲ"

"နှလုံးသွေးကြောကျဉ်တာ၊ ဟိုမှာ.....သွားခွဲစိတ်ဖို့ရှိတယ်"

"ဟာ....ဒါဆို ကိုယ် ဘာလုပ်ပေးရမလဲ၊ ပြောလေ..... ကိုယ်ကူနိုင်တာ ကူမှာပေါ့"

"ရပါတယ်၊ ဟိုမှာကျန်ခဲ့တဲ့ ဖေဖေ့ညီက အားလုံးစီစဉ်ထားပါတယ်၊ ကို ကူညီရမှာက....."

"ဘာလဲ....."

"လက်ထပ်ဖို့ မလောဖို့ပါပဲ"

နိုင်ငံကျော် ပါးစပ်ပိတ်ထားလိုက်ရသည်။ ဒီတစ်ခါလည်း ရှုံးပြန်ပြီပေါ့.....။

**စတုတ္ထအချီ**။

"မြို့သူဖေဖေ.....တော်တော် နေကောင်းနေပြီနော်"

"ဟုတ်တယ်၊ ခုများဆို.....လူကောင်းပကတိအတိုင်းပဲ"

"အင်း.....လူကောင်းပကတိအတိုင်း မကျန်တဲ့ လူမှာတစ်ယောက် ရှိသေးတယ်"

"ဟင်.....ဟုတ်လား၊ ဘယ်သူ ဘာဖြစ်လို့လဲ"

ရွှေမြို့သူ စိုးရိမ်တကြီးနှင့် မေး၏။ နိုင်ငံကျော်က ရွှေမြို့သူကို စူးစူးစိုက်စိုက်လေးကြည့်ကာ.....ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ငံကျော်"

"အာ.....လုပ်ပြီ၊ ကိုက ဘာဖြစ်နေလို့လဲ"

"အဘိုးကြီးဖြစ်ပြီး ကျန်းမာရေးတောင် ချို့တဲ့ချင်လာပြီ"

"ဟင်.....မဟုတ်ဘဲနဲ့"

"ဟုတ်တယ်"

"အဲဒီတော့....."

"မိန်းမလိုချင်တယ်"

ရွှေမြို့သူ မျက်နှာလေးရဲကာ.....သူ့ကို လှမ်းထု၏။

"ဘိုးဘွားရိပ်သာရောက်မှဆို မကောင်းဘူးလား"

ရွှေမြို့သူက စ,၏။ နိုင်ငံကျော်ကလည်း မခံပါ။ ပြန်ရွဲ့၏။

"ကောင်းပါတယ်၊ Better late than never ပါပဲ"

"မစောင့်နိုင်လည်း တခြားလူကို ယူလိုက်လေ"

ရွှေမြို့သူက မျက်နှာကိုတည်ကာ စ,၏။ နိုင်ငံကျော် ဒေါပွလာကာ—

"ဟော့.....တော်.....ကျုပ်ကို မိန်းမလိုချင်နေတဲ့လူ အောက်မေ့မနေနဲ့"

"ဘာလိုချင်တာလဲ"

"ကိုယ့်ချစ်တဲ့လူနဲ့ ကိုယ်နီးချင်တာ"

"ခဏနေဦး.....ဒီမှာ ကော်ဖီသောက်ပြီးရင် အနီးကပ်လာထိုင်မယ်"

"မနောက်နဲ့ မြို့သူရာ....."

"မနောက်ပါဘူးကွာ"

"ကဲ.....ဒါဆို ပြော"

"ဘာပြောရမှာလဲ"

"ဘယ်တော့ လက်ထပ်မှာလဲ"

"ခဏတော့ စောင့်ပါဦး"

နိုင်ငံကျော်.....မျက်မှောင်ကြုတ်၏။

"ခဏ.....ဟုတ်လား"





"အင်း....."

"နောက်ထပ်.....ဘယ်နှစ်,နှစ်လဲ၊ ဘာအတွက်လဲ"

"နှစ်နဲ့ မချိန်ပါဘူးကွာ....."

"အတိအကျပြော....."

"အတိအကျတော့ မပြောတတ်သေးဘူး၊ မြို့သူမှာ အလုပ်တွေ လက်စသပ်လို့ မရသေးဘူး"

ဘိုးဘွားရိပ်သာနှင့် နီးစပ်နေတာကတော့ သေချာသည်။ ပထမ တော့အကျိုးသင့်, အကြောင်းသင့်.....။ နောက်တော့ ဆင်ခြေဆင်လက်...။ နောက်ဆုံးတော့.....ဘာကျိုးကြောင်း ဆင်ခြေဆင်လက်မှ မပါတော့ဘဲ ရွှေ့လာလိုက်တာ.....။

နောက်ဆုံးတစ်ကြိမ်။ အတိအကျပြောရလျှင် နဝမအကြိမ်။ ထိုအခါကျမှပင်.....'Lovematch' အရုပ်ကလေးနှင့် အဆင်ပြေခဲ့သည်။ အဆင်ပြေတော့ စေ့စပ်ကြသည်၊ လက်ထပ်ကြသည်။ ပြီး.....ခုလို ခွဲခဲ့ကြရသည်။

အမိက တရားခံသည်.....

နိုင်ငံကျော်လား.....

ရွှေမြို့သူလား.....

သူမ ပြောပြောနေကျ.....မျက်လှည့်ဆရာ အချိန်လား.....

ကံကြမ္မာ နတ်ဆိုးလား.....

.......................

.......................

ခုချိန်မှာတော့.....နိုင်ငံကျော် အရာအားလုံးကို ပြန်တွေးနိုင်သည့်တိုင် အဖြေမရနိုင်သေး.....။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



# PART [illegible]



www.burmeseclassic.com

www.burmeseclassic.com



**Greek to me - ( informal )**
**I can't understand it at all.**





အိမ်မှာ.....ဂျွမ်းထိုးမှောက်ခုံဖြစ်လုနီးပါး ပြောင်းဆန်နေသော နိုင်ငံကျော်ကို ထားရစ်ခဲ့ကြကာ တိုင်းကျော်နှင့် ပြည်ကျော် အိမ်မှထွက်လာခဲ့ကြသည်။ ဦးတည်ရာက ရွှေမြို့သူ၏ မိတ်မျာနရှိရာသို့.....။ လောလောဆယ် ရွှေမြို့သူကို ဘယ်မှာမှရှာမရ.....။ သူမ မိတ်တွေအိမ်မှာပင် ရှိဟန်တူ.....။ ဘာဘဲဖြစ်ဖြစ် တစ်စွန်းတစ်စ သိရလိုသိငြား.....ရွှေမြို့သူ၏ မိတ်များရှိရာသို့ထွက်ခဲ့ကြသည်.....။

ဟိုရောက်တော့ ရွှေမြို့သူ၏မိခင်က သူတို့ကို ဆီးကြို ညည်းခံသည်။

"အန်တီ မြို့သူရော....."

အန်တီဒေါ်အိမ်သူ၏ မျက်နှာက ပျက်ချင်ချင်ဖြစ်သွားရသည်။ ပြီးမှ.....

"အန်တီ ပြောခွင့်မရှိပါဘူး သားတို့ရယ်၊ ဟော.....ဟိုမှာ..... သားတို့အန်ကယ်လ်လာပြီ၊ အန်ကယ်လ်နဲ့ စကားပြောကြဦး၊ အန်တီ စားစရာတစ်ခုခု သွားစီစဉ်လိုက်ဦးမယ်"

ပြောပြောဆိုဆို ထောင်ချောက်ထဲကလွတ်သွားသော ယုန်မလေးလို လှစ်ကနဲ ပျောက်သွားတော့သည်။ ဦးဝဏ္ဏ က သူတို့ရှေ့မှာ ဝင်ထိုင်ရင်း ခုမှတွေ့ရသလို နှုတ်ဆက်၏။

"ဟော.....မောင်ပြည်ကျော်နဲ့ မောင်တိုင်းကျော် ဘယ်ကလှည့်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီပဲလာတာပါ ဦး"

ခုမှ.....စကားများသွားမှန်းသိသော်လည်း ဦးဝဏ္ဏ ပြင်ဆင်ခွင့်မရှိတော့.....။

"ကဲ.....ဆိုပါဦး၊ ကိစ္စက....."

"ကိစ္စက.....မြို့သူနဲ့ နိုင်ငံကျော်ကိစ္စပဲ ဦး"

ဦးဝဏ္ဏခေါင်းကိုခါ၏။ ပြီးမှ.....

"မောင်တိုင်းကျော်တို့က သူတို့ကိစ္စကို ဘာဖြစ်တယ်ဆိုတာ သိထားလို့လား"

"ဟင့်အင်း.....မသိပါဘူး ဦး"

ဦးဝဏ္ဏ အံ့ဩဟန်ရေးရေးကိုပြကာ စကားကိုဆက်၏။

"တင်.....မင်းတို့ကို နိုင်ငံကျော်က ဘာမှမပြောဘူးလား"

"ဟော....."

"သူက ဘာမှမပြောလို့၊ ရွှေမြို့သူကို ရှာပြန်တော့လည်း ရွှေမြို့သူက မရှိပြန်ဘူး။ သူတို့နှစ်ယောက်နေတဲ့ အိမ်မှာလည်း မရှိ၊ Golden Cityမှာလည်း မရှိနဲ့၊ ဒီမှာများရှိမလားလို့ လိုက်လာတာ....."

"ဒီမှာလည်းမရှိပါဘူးကွယ်"

ဦးဝဏ္ဏက ပိုင်နိုင်ရဲဝံ့စွာ ငြင်း၏။ ပြည်ကျော်က.....

"ဒါဆိုလည်း သူတို့ ဘာဖြစ်တယ်ဆိုတာကော.....ဦး သိထားလားမသိဘူး"

ဦးဝဏ္ဏက မဖြေပါ။ တိုင်းကျော်က ဆက်ပြော၏။

"သိထားရင်လည်း ပြောပြပါလား ဦး၊ ဦးတို့လူကြီးတွေရယ် ကျွန်တော်တို့လူငယ်တွေရယ် ညှိနှိုင်းဖြေရှင်းပေးလိုက်ရင် ပြေလည်သွားမှာပါ၊ သူတို့က သိပ်ချစ်ကြတဲ့သူတွေပဲ....."

တိုင်းကျော်၏ စကားသုံးခွန်းထဲမှာ ဘယ်စကားက ပြုံးစရာပါသွားသည် မသိ.....။ ဦးဝဏ္ဏက ပြုံးသည်။ ကြည်လင်သော အပြုံးတော့ဖြင်း





မဟုတ်ပါ.....။ နာကျင်စွာ ပြုံးလိုက်သည်နှင့်ပင် ခပ်ဆင်ဆင်တူနေသည်။ ပြီး.....ခေါင်းကိုခါရမ်း၏။

"ဦးတို့ဖြေရှင်းပေးနိုင်မယ့် ကိစ္စမျိုးမဟုတ်ဘူး။ မောင်တိုင်းကျော်ရဲ့"

"ဗျာ"

"ဟုတ်တယ်၊ မောင်တိုင်းကျော်တို့ မောင်ပြည်ကျော်တို့ သိလည်းဖြေရှင်းပေးနိုင်မှာ မဟုတ်ဘူး။ ဦးလို ဖခင်တစ်ယောက်တောင်မှ ဖြေရှင်းမပေးနိုင်တာကွယ်"

ဦးဝဏ္ဏအသံက တိမ်ဝင်သွား၏။

တိုင်းကျော်နှင့် ပြည်ကျော်ကတော့ နည်းနည်းလေး မခံချင်ဖြစ်သွားမိသည်.....။ ဖြေရှင်းပေးရန်လာသူကိုမှ ဖြေရှင်းမပေးနိုင်ပါ ဘူးဟုပြောခံရတာလောက် မခံချင်စရာကောင်းတာ ရှိမည်လား.....။

ဦးဝဏ္ဏက ခေါင်းကိုအသာခါရမ်းကာ.....စကားကိုဆက်၏။

'ဒါပေမဲ့.....မင်းတို့သူငယ်ချင်းနှစ်ယောက် ဘာတွေဖြစ်နေကြတယ်ဆိုတာကိုတော့ ဦးပြောပြပါမယ်၊ ဒါမှလည်း.....မင်းတို့ ဘာကြောင့်မဖြေရှင်းပေးနိုင်ဘူးလို့ ဦးပြောရလဲဆိုတာ သဘောပေါက်လာကြလိမ့်မယ်၊ ကာရက်ရှင်တွေအနေနဲ့လည်း ဘယ်လောက်ထိ စိတ်သောကရောက်ပြီး အဖြေရှာရခက်မယ်ဆိုတာ နားလည်လာကြလိမ့်မယ်"

ဦးဝဏ္ဏ စကားအဆုံးမှာ ဒေါ်အိမ်သူပြန်ရောက်လာသည်.....။ ဗန်းတစ်ချပ်ဖြင့် အအေးသုံးခွက် ယူလာသည်။ တစ်ယောက်တစ်ခွက်စီချပေးပြီး.....ဘာစကားမှမဆိုပဲ ဦးဝဏ္ဏကိုသာ အဓိပ္ပါယ်ပါစွာ တစ်ချက်ကြည့်ကာ အထဲသို့ပြန်ဝင်သွားတော့သည်။

ဦးဝဏ္ဏက စားပွဲအောက်ရှိ အဆင်သင့်တင်ထားသော အယ်လ်ဘမ်တွေထဲမှ တစ်အုပ်ကိုထုတ်၏။ ပြီး.....ဓါတ်ပုံအဟောင်းများကို တဖျက်ဖျက်လှန်ရှာပြီး တစ်နေရာအရောက် တိုင်းကျော်နှင့် ပြည်ကျော်ဘက်သို့ ထိုးပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း"

ဓါတ်ပုံတစ်ပုံ.....။ရွှေမြို့သူ ငယ်ငယ်ကပုံ ဖြစ်မည်။ ဘေးမှာလည်း ယောကျ်ားလေးတစ်ယောက်ပါသည်။ မျက်နှာနှစ်ခုလုံးကတော့ ခွဲမရ အောင်ချွတ်စွပ်တူပြီး အဝတ်အစားနှင့်သာ သူတို့ကို ခွဲခြားနိုင်လိမ့်မည် ဖြစ်သည်။ ရွှေမြို့သူတို့ အမွှာမောင်နှမပုံ။ သူတို့လည်း ဘုမသိဘမသိ ကြည့်ကာ.....

"ဟုတ်ကဲ့ဦး။ ရွှေမြို့သူတို့ အမွှာမောင်နှမပုံ....."

ဦးဝဏ္ဏက ပြုံး၏။

"မဟုတ်ဘူးကွဲ့"

"ဗျာ"

တိုင်းကျော်ရော ပြည့်ကျော်ပါ အံ့သြသွားရသည်။

"ဒါဆို.....ဘယ်သူတွေလဲ ဦး"

"ရွှေမြို့သူပါ"

တိုင်းကျော်ရော ပြည့်ကျော်ပါ စိတ်ညစ်သွားရသည်။ အတော် နောက်သည့် ဦးဝဏ္ဏ.....။

"အာ.....နောက်တယ် ဦးရာ"

"မနောက်ပါဘူး။ ရွှေမြို့သူတို့ အမွှာမောင်နှမဆိုတာ မဟုတ်ဘူးလို့ ပြောတာ၊ အဲဒါ.....ရွှေမြို့သူတစ်ယောက်တည်းပဲ နှစ်ခါရိုက်ပြီး ဓါတ်ပုံပညာ နဲ့ ဆက်စပ်ထားခဲ့ကြတာ....."

"အော်.....ဒါဆို"

"ဟုတ်တယ်၊ ရွှေမြို့သူမှာ ဘယ်တုန်းကမှ အမွှာမောင်နှမဆိုတာ မရှိခဲ့ဘူး"

"ဟင်.....ဒါဖြင့် သူက ဘာလို့ နိုင်ငံကျော်ကို အဲလိုပြောရတာလဲ"

သက်ပြင်းကို အသာချသည်.....။

"သူ့စိတ်အတွေးနဲ့သူပါ။ အင်းလေ.....သူ့စိတ်ဆိုတာကလည်း ဦးရဲ့ စိတ်ကနေ ကူးခတ်တာပါပဲ"





"ခင်ဗျာ"

ရှုပ်သထက်ရှုပ်လာသည်။ ထင်ထားတာတွေထက်ပင် ရှုပ်ထွေးနေသလိုမို့ တိုင်းကျော်နှင့်ပြည့်ကျော် ပိုပြီးစိတ်ဝင်စားသွားရသလို ရင်ထဲမှာလည်း ပို၍လေးလံသွားရသည်။

"ကဲ.....ကဲ.....အအေးသောက်ပါဦး၊ ဦး သေချာပြောပြပါမယ်"

နှစ်ယောက်သား အအေးခွက်ကို ဝမ်းသာအားရ ယူသောက်လိုက်ကြသည်။ ရင်ထဲမှာ အေးလိုအေးငြားပေါ့.....။

"သမီးလေး ရွှေမြို့သူကိုမွေးခဲ့တုန်းက.....သူဟာ ထူးထူးခြားခြား Bisexual ဖြစ်နေခဲ့တယ်"

"ခင်ဗျာ"

တိုင်းကျော်က တအံ့တသြရေရွတ်၏။ ပြီးမှ.....

"ဟို.....ဟို.....ဟိုလေ.....ဦး"

"ဟုတ်တယ်၊ မောင်တိုင်းကျော် Male organရော Female organ ပါ, ပါတဲ့ကလေးတစ်ယောက်ပေါ့....."

နှစ်ယောက်သား ပါးစပ်အဟောင်းသားလေးတွေနှင့် ဘာမှ ဆက်မပြောနိုင်။ ဦးဝဏ္ဏကသာ သူ့စကားကိုဆက်၏။

"ဒါပေမဲ့ ဘယ်Organကမှ dominantမဖြစ်ဘူး"

"ဟုတ်ကဲ့"

"ဒီတော့ကွယ်.....သားလိုချင်တဲ့ဦးက 'သား' ပေါ့၊ သမီးလိုချင်တဲ့ မင်းတို့အန်တီက 'သမီး' ပေါ့"

"ဟုတ်ကဲ့"

ကလေးကိုလည်း ဦးက ယောကျ်ားလေးလို ကစားနိုင်းတယ်.....။ သူကလည်း ဦးလစ်တာနဲ့ မိန်းကလေးလိုဆင်၊ အကသင်ပေး၊ အိုးပုတ်တွေ နဲ့ကစားခိုင်းတယ်"

ရွှေမြို့သူ၏ငယ်ဘဝသည် က,ကြိုးဆွဲသလို က,ခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



ရှပ်သေးရှပ်လေးနှင့်ပင် ခပ်ဆင်ဆင်တူနေတော့သည်.....။

"ဒီလိုနဲ့နေလာတာ ကလေး လေးနှစ်ကျော်မှာ ဦး သူငယ်ချင်း ဆရာဝန်ဦးရွှေမြို့ဆိုတာ နိုင်ငံခြားက ပညာတော်သင် ပြန်လာတယ်၊ သူက ဦးတို့ကလေးကိုလည်းတွေ့ရော ဒီတိုင်းမနေသင့်၊ မထားသင့်ဘူးလို့ အကြံပေးတယ်"

ဦးရွှေမြို့ဆိုသော ဆရာဝန်ကြီးသည် ရွှေမြို့သူအတွက် ကယ်ကင်ရှင်လေလော.....။

"ခွဲစိပ်ကုသပြီး ယောကျ်ားဖြင့်ယောကျ်ား၊ မိန်းမဖြင့်မိန်းမ ခုတည်းက ခွဲထားသင့်တယ်တဲ့၊ အဲဒီတော့.....ဦးတို့လင်မယား နောင် ကိုနှံ့ချကြတော့တာပေါ့၊ ဦးက.....သား၊ သူက.....သမီး၊ ကလေးကို မခွဲစိပ်ရခင်မှာပဲ နှစ်ယောက်လုံး စားမဝင်အိပ်မပျော်နဲ့ လင်မယားနှစ်ယောက် ကွဲမတတ်ဖြစ်တော့တာပဲ"

တိုင်းကျော်က ဆက်မအောင့်နိုင်တော့သလို ဖြတ်မေး၏။

"နောက်ဆုံး.....အန်တီ့ဆန္ဒက အနိုင်ရသွားခဲ့တာပေါ့၊ ဟုတ်လား"

ဦးဝဏ္ဏက ခေါင်းကိုခါရမ်းလိုက်၏။

"မဟုတ်ပါဘူးကွယ်၊ သမီးလေးရဲ့ကံကြမ္မာက အနိုင်ရသွားတာပါ"

"ဗျာ၊ ဘယ်လို....."

"ဦးရွှေမြို့က ဦးတို့ ဒီလိုဖြစ်နေတာသိလို့ ကလေးကို စမ်းသပ် စစ်ဆေးတယ်၊ ကလေးမှာ မိန်းကလေးရဲ့နူးညံ့သိမ်မွေ့မှု မိခင်စိတ် မိန်းမဆန်မှု အဲဒါတွေရှိသလား?၊ ကျားကျားလျားလျားနဲ့ ယောကျ်ား ဆန်သလား?.....စတာတွေကို သိပ္ပံနည်းကျ၊ ဆေးပညာအရရော လက်တွေ့ပြင်ပစမ်းသပ်မှုအရရော စမ်းသပ်ပြီးမှ.....မိန်းကလေးအဖြစ် ခွဲစိပ်ကုသဖို့ သဘောတူပေးပြီး နိုင်ငံခြားကိုသွားစေခဲ့တာပဲ"

"အော်"

စကားဝိုင်းက.....ခဏငြိမ်သက်သွားသည်။





အတော်ကြာမှ.....ဦးဝဏ္ဏက စကားကိုဆက်၏။

"ဒီမှာက ဦးမိတ်ဆွေ၊ ဦးအသိုင်းအဝိုင်းက ပိုကြီးတယ်၊ ဒီတော့ အားလုံးကသူ့ကို 'ဖိုးသား' လို့ ခေါ်နေကျဖြစ်နေတော့ သူ့စိတ်ခံစားရေးရာ အတွက် ဦးတို့ ဟိုမှာပဲ.....နေလိုက်ကြတယ်၊ သမီးကိုတော့ ဦးရွှေမြို့ ရဲ့ ကျေးဇူးရှိတာမို့ 'ရွှေမြို့သူ' လို့ခေါ်ခဲ့ကြတာ"

"ဒါဆို.....ရွှေမြို့သားဆိုတာကရော မြို့သူ စိတ်ကူးယဉ်တာလား"

"မဟုတ်ပါဘူး၊ သူ့ဘာသာ နားလည်လာတဲ့အခါကျ ဦးရဲ့'သား' လိုချင်တဲ့ဆန္ဒကို သိသွားတာမို့ ဖေဖေ့မှာ သားတစ်ယောက်ရှိခဲ့တယ်၊ 'ရွှေမြို့သား'၊ သမီးနဲ့အမွှာ၊ သူက ၅နှစ်သားမှာဆုံးသွားတယ်လို့ နှစ်သိမ့် ရင်း အတည်လိုပြောဖြစ်သွားတာ၊ ဒီကလူတွေတောင် ခု.....ပြန်လာတော့ ဇဝေဇဝါပဲ၊ ဖိုးသားကောမေးရင် သူက 'ဆုံးရှာပြီ' လို့ ဖြေတာ—"

"အော်.....ဒီလိုကိုး....."

တိုင်းကျော်နှင့် ပြည့်ကျော်က ခေါင်းတညိတ်ညိတ်နှင့်.....။

"သမီးက ကံမကောင်းဘူးပဲ ပြောရမလားမသိဘူး၊ သူ့မှာအခုမတန် ချောမောလှပတဲ့ မိန်းမဆန်တဲ့ရုပ်ဆင်းအင်္ဂါကို ပိုင်ဆိုင်ပေမယ့် ဘယ်သောခါ မှ အိမ်ထောင်ရှင်မကောင်း၊ မိခင်ကောင်း ဖြစ်နိုင်မှာမဟုတ်တာ.....ဦးတို့ရော သူရောသိတယ်"

"ခင်ဗျာ.....ဘယ်လို....."

နားလည်ထားတာလေးများပင် ပြန်ရှုပ်ချင်သလို ဖြစ်သွားရသည်။ မိန်းကလေးအဖြစ် ခွဲစိပ်ခဲ့သည်လည်းဆိုသေး.....အိမ်ထောင်ရှင် မိခင် ကောင်း မဖြစ်နိုင်ဟုလည်းဆိုသေး.....ဘာမှန်းကိုမသိတော့.....။ ဦးဝဏ္ဏက စကားကိုဆက်၏။

"ဒီလိုလေ....."

"ဟုတ်ကဲ့"

"ခွဲစိပ်ကုသခဲ့ကြတယ်ဆိုပေမယ့်.....အဲဒီအချိန်က Plant လုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ကူသေးတာမို့၊ သူ့မှာမပါခဲ့တဲ့ uterusတို့၊ dominant မဖြစ်တဲ့ female organ တို့ကို Plant လုပ်မပေးနိုင်ခဲ့ဘူး.....''

''အော်.....ဒါကြောင့်ကိုး.....''

တိုင်းကျော်က လူကြီးလိုလုပ်ကာ မှတ်ချက်ချနိုင်သေးသော်လည်း ပြည်ကျော်က ကျောထဲပင်စိမ့်လာသလို ခံစားရ၏။ အော်.....အံ့ဩဖွယ်ကောင်းလိုက်သည့်လောကကြီး.....။ ဘယ်လိုလူကများ၊ ဘယ်လိုကျိုနစ်ကများ၊ ထူးဆန်းစွာ ဒီမိန်းကလေးကို ဒီလိုဖြစ်အောင် လုပ်လိုက်တာပါလိမ့်ဟုတွေးမိ၍ဖြစ်ပါသည်။

ဆန်းကြယ်လိုက်သည့် ကံကြမ္မာရယ်.....။

''ဒါတွေကိုသိလို့ နိုင်ငံကျော်နဲ့ကိစ္စမှာ စတွေ့ကတည်း ဦးတို့ တားကြပါသေးတယ်၊ မဖြစ်နိုင်ဘူးပေါ့၊ ဒါပေမဲ့.....သမီးက အစမှာပဲ တင်းခံနိုင်တယ်၊ နောက်တော့.....သူ့စိတ်အလိုကိုလိုက်ပြီး နိုင်ငံကျော်ကို အခြေပေးလိုက်တယ်၊ လက်တော့မထပ်ဘူးလို့ သူဆုံးဖြတ်ထားတာ''

ဒါကြောင့် လက်ထပ်ခွင့်တောင်းတိုင်းငြင်းတာကိုး.....ဟု ပြည်ကျော်စိတ်ထဲကကြိတ်၍ မှတ်ချက်ချသည်။ ဦးဝဏ္ဏက စကားကိုဆက်၏။

''နောက်ဆုံးတော့..... ကံစမ်းမဲဖောက်တယ်ပဲ သဘောထား။ အဆုံးစွန်တွက်ပြီး သူ.....နိုင်ငံကျော်ကို လက်ထပ်ခွင့်ပေးလိုက်တယ်၊ နိုင်ငံကျော်ရဲ့မေတ္တာဟာ တကယ့်ကို သန့်စင်ရှာတယ်လို့လည်း သမီးက ယုံရှာတယ်ကွယ်၊ ဒါပေမဲ့.....သမီးကံဆိုးရှာတယ်၊ သူ မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘူး၊ မင်္ဂလာဆောင်ပြီးတဲ့ညမှာပဲ.....နိုင်ငံကျော်က အကြောင်းစုံသိပြီး.....ဒေါသတွေထွက်ပြီး.....ကွဲမယ်၊ ကွာမယ်ဖြစ်တော့တာပဲ''

''ဟုတ်မယ်ဦး၊ နောက်နေ့မနက်ပဲ ကျွန်တော်တို့ဆီရောက်လာတာ''

ဦးဝဏ္ဏက ခေါင်းကိုအသာရမ်းကာ.....မျက်မှောင်ကြုတ်ရင်း တိုင်းကျော်ကို ပြော၏။

''ဦး.....စဉ်းစားမရတာ တစ်ခုရှိတယ်''





''ဟုတ်ကဲ့ဦး၊ ပြောပါ''

'သမီးကိုကွာချင်တာ သာယာတဲ့အိမ်ထောင် မဖြစ်နိုင်မှာမို့ ကွာချင်ကွဲချင်တာကို ဦး လက်ခံပါတယ်''

''ဟုတ်.....''

''အဲ.....ဒေါသထွက်တာကိုတော့ နားမလည်ဘူး။ သူ ဘာလို့ ဒေါသထွက်ရတာလဲ၊ သမီးက သူ့ကို လှည့်ဖျားခဲ့တာမှ မဟုတ်တာ၊ ပြောမထွက်တာကလွဲရင် သမီး သူ့ကို အတန်တန်ရှောင်ဖယ်နိုင်အောင် ကြိုးစားခဲ့ရှာတယ်၊ အတန်တန် ငြင်းပယ်ရှောင်လွှဲခဲ့ရှာပါတယ် ခုဟာက..... သူ ပေါက်ကွဲပုံက သမီးအတွက် ရင်နဲ့မမျှအောင် ခံစားရစေတယ်''

''ဟုတ်ပါတယ်၊ ဦး.....''

''သမီးက....သူ့အမှားလုပ်ခဲ့တာလို့ နောင်တရမခံ ဖြစ်နေတော့တာ''

''မြို့သူ မမှားပါဘူး''

ပြည်ကျော်က အခိုင်အမာဆို၏။

''ဟုတ်တယ်၊ မြို့သူမမှားပါဘူး ဦး''

တိုင်းကျော်က ထောက်ခံ၏။ ဦးဝဏ္ဏက သဘောပြုံးတစ်ချက်ပြုံးကာ...

''အင်းလေ.....နိုင်ငံကျော်ကိုလည်း မှားတယ်လို့ပြောလို့မရပါဘူး''

''ဟုတ်...''

''မှားနေတာက ကံကြမ္မာပဲကိုး.....''

ဦးဝဏ္ဏ၏စကားကို မည်သူမှ စောဒကမတတ်ကြပါ.....။ ထောက်ခံခြင်းဟု ယူဆနိုင်အောင် ဆိတ်ဆိတ်နေပေးလိုက်ကြသည်။ 'အမှား' မှန်လျှင်တော့ 'အမှန်'ဆိုတာရှိမြဲပင်.....။ 'အမှန်'က ဘာလဲ.....။ ဘယ်လိုမှန်အောင် ပြုပြင်ပေးနိုင်မလဲ.....။ ဘယ်သူမှမသိကြပါ.....။ 'ရွှေမြို့သူ'ကိုဖန်ဆင်းပေးခဲ့သော ဖန်ဆင်းရှင်များကကော.....ပြုပြင်ပေးနိုင်ကြပါမည်လား.....။ မသေချာ.....။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသခင်ကတော့.....ကြွေအံမကစားပါဟု ဆိုခဲ့သည်။ ဒါဆို— 'ရွှေမြို့သူ'ဟာ ဘယ်သူကစားခဲ့တဲ့ ဘယ်သူပစ်တင်ခဲ့သည့် 'အံစာ'လဲ....။ ကစားခဲ့သည်ဆိုဦးစို့.....'ရွှေမြို့သူ'သည် အံစာနံပါတ် အတိအကျမရှိသော စည်းဝိုင်းပြင်ပရောက် 'အံစောင်း'တစ်ခု ဖြစ်နေနိုင်သည်။

ကြောက်မယ်ဖွယ်ရာသော တိတ်ဆိတ်ခြင်းကို ရင်ဆိုင်နိုင်တော့၍ တိုင်းကျော်နှင့် ပြည်ကျော် ထိုင်ရာမှထ, နှုတ်ဆက်ကာ ပြန်ခဲ့ကြသည်.....။ ပြန်ခဲ့ကြသည်ဆိုတော့လည်း အိမ်ရှိရာ၊ နိုင်ငံကျော်ရှိရာကိုပေါ့.....။ တခြား ရွေးချယ်စရာလမ်းရှိလျှင်တော့ ရွေးချယ်ချင်ပါသည်။

တိုက်ခန်းအဝသို့အရောက်မှာ.....တိုင်းကျော်နှင့် ပြည်ကျော် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်.....။

အထဲမှာ....သီချင်းသံတစ်ခုကို ကြားလိုက်ရသောကြောင့် ဖြစ်သည်.....။

ဘာကိုမှ နားမလည်နိုင်တာတော့ သေချာလေသည်.....။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Solve ( V )** - **way of dealing with a problem or mystery.**





သီချင်းတစ်ပုဒ်ကို မျက်စိစုံမှိတ်ကာ.....နားဆင်နေသော နိုင်ငံကျော်က သူတို့ ဝင်လာကိုပင် မသိ.....။ သီချင်းကလည်း ကြည့်ဦး.....။ "Blue eyes crying in the rain " တဲ့.....။ သူ့ရေတည့်တည့်မှာ ခုံတွေကို အသံမြည်အောင် တွန်းထိုးရွှေ့လိုက်ပြီးတိုင်မှ မျက်စိပွင့်လာသည်။ သီချင်းလည်းဆုံးသွားပြီမို့ ကက်ဆက်ကို ထပိတ်လိုက်၏ ။

"သီချင်းတောင် နားထောင်နေပြီလား"

နိုင်ငံကျော်က.....တိုင်းကျော်၏အမေးကို မပီပြင်သောအပြုံးနှင့်သာ တုံ့ပြန်၏။ ပြီးမှ.....အဆက်အစပ်မဲ့သော စကားကိုဆို၏။

"'Love is like a dying ember'တဲ့၊ ဟုတ်မလားမသိဘူး"

တိုင်းကျော်နှင့် ပြည်ကျော် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရတာ ခုတလော အတော်များနေလို့ မျက်နှာဖုံးအသစ် ပြောင်းစွပ်ထားကြရလျှင် ကောင်းမလားပဲ စဉ်းစားမိ၏.....။

ပြည်ကျော်က ခွီးကနဲ ထ, မရယ်မိအောင် ကြိုးစားရင်း ခေါင်းကို တဖျင်းဖျင်းကုတ်ကာ.....

"ဟုတ်မလား မသိဘူးကွ.....နော်၊ တိုင်းကျော်"

"အေးကွ"

တိုင်းကျော်ကလည်း တုံးတိတိ ဖြေ၏။ နိုင်ငံကျော်က သူ့ဘာသာ သူ ဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"Only memory remains"တဲ့၊ နောက်ဆုံးကျ.....ပြာ'နဲ့တူတဲ့ အမှတ်ရစရာတွေပဲ ကျန်ခဲ့တဲ့သဘောပေါ့....."

ဒီတစ်ခါတော့ တစ်ယောက်ကိုတစ်ယောက် မကြည့်ကြတော့ပါ။ တိုင်းကျော်က အရင်ဖြေ၏။

"ပြာဆိုတော့.....လေတိုက်ရင် လွင့်သွားမှာပေါ့နော်"

ပြည်ကျော်က လက်ကာထားရင်း.....

"အလကားကောင်.....ကဗျာမဆန်လိုက်တာ၊ 'ပြာ'ဆိုတာ... အရာအားလုံးရဲ့ နောက်ဆုံးအမြုတေပဲကွ၊ မသေမချင်းမှတ်ထား....."

"ဘာပဲဖြစ်ဖြစ်.....လေတိုက်ရင်တော့ လွင့်သွားမှာပဲ....."

ရန်စကားကစနေပြီ.....။ နိုင်ငံကျော်ကတော့.....သူ့ဘာသာသူ ဆက်ပြောပြန်၏။

"အေး.....အမြုတေပဲဖြစ်ဖြစ်ပေါ့ကွာ၊ လေတိုက်လို့လွင့်သွားရင်တော့ သိပ်ကောင်းမှာပဲ....."

"အေးနော်"

ဘာမှ မတတ်နိုင်သည့်အတူတူ ထောက်ခံရတော့၏။ အမှန်က အကျိုးအကြောင်း သိလာခဲ့ရပြီမို့ နိုင်ငံကျော့်ရင်ထဲ ဘာဖြစ်နေသည်ကို ပွင့်ပွင့်လင်းလင်း မေးမြန်းအဖြေရှာရန်ဖြစ်သည်.....။

ကက်ဆက်ကိုပြန်ရစ်ကာ.....ပြန်ဖွင့်ပြန်၏။ "Blue eyes crying in the rain"ပင်.....။

'Someday when we meet at yonder
We stroll hand in hand again.
Through the ages I'll remember.
Blue eyes crying in the rain.....

ဒီတစ်ခါ သီချင်းဆုံးတော့ ပြည်ကျော်ကပဲ ထ,ပိတ်ပစ်လိုက်သည်။

"ကဲ.....နိုင်ငံကျော်"





နိုင်ငံကျော်က မျက်လုံးတစ်ချက်လှန်ကြည့်ကာ.....

"ဆို....."ဟုပြော၏။

"ငါတို့ ဇာတ်စုံသိခဲ့ပြီ"

"ဘယ်.....ဘယ်သူနဲ့တွေ့တာလဲ"

နိုင်ငံကျော် တစ်ချက်တုန်လှုပ်သွားသည်။ သူ့ အိမ်ကထွက်လာပြီး ကတည်းက ရွှေမြို့သူလည်း ပျောက်သွားတာ သူ သိနေတာကိုး.....။

"ရွှေမြို့သူအဖေ ဦးဝဏ္ဏနဲ့....."

"အော် ....."

တိုင်းကျော်က စကားကိုဖြတ်ပြော၏။

"ကဲ.....မင်းသိသလို ငါတို့သိပြီ၊ ဒါက.....formကိုသိတာ၊ content မဟုတ်ဘူး၊ ခု.....ငါတို့သိချင်တာက မင်းရင်ထဲက dataတွေ....."

နိုင်ငံကျော်မဖြေ.....။

အချိန်များစွာငြိမ်နေသည်.....။

အတော်ကြာတော့မှ.....ပြည်ကျော်က စိတ်မရှည်တော့ဟန်နှင့် စကားကိုပြန်စ၏.....။

"ကဲ.....မင်းမဖြေရင် ငါတို့မေးမယ်၊ တစ်ခုတော့ရှိတယ်နော်"

"ဘာလဲ"

"မင်း.....ပွင့်ပွင့်လင်းလင်း မချွင်းမချန် ရိုးသားရမယ်"

နိုင်ငံကျော် ခေါင်းညိတ်၏။ တိုင်းကျော်က စ,မေး၏။

'မင်း.....ရွှေမြို့သူရဲ့ဘဝကို သိလိုက်ရချိန်မှာ ဘယ်လိုခံစားရလဲ"

နိုင်ငံကျော် ခေါင်းကိုရမ်း၏။ ပြီးမှ.....

'အဲဒီခံစားရမှုကို ငါမပြောပြတတ်ဘူး၊ အတိုင်းအတာတစ်ခုထက် အများကြီးလွန်ကဲတဲ့ ခံစားမှုမျိုးစုံကို ခံစားလိုက်ရတာ....."

"ငါမှားပြီ.....ဆိုတာပါလား"

"မှားတာက ငါမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို.....သူလား"

"သူလည်းမဟုတ်ဘူး"

.....ဟုလေသံဖျော့လေးနှင့်ဆိုသည်။

ပြည့်ကျော်က ဝင်မေး၏။

"မင်း ယောက်ျားတစ်ယောက်အနေနဲ့ မင်းယူလိုက်တဲ့ မိန်းမဟာ မင်းကို ဘယ်လိုမှ တာဝန်မကျေနိုင်တော့တဲ့ မိန်းမတစ်ယောက်ဖြစ်နေတာမို့ ဆန္ဒအလျှောက် ပေါက်ကွဲဒေါသထွက်တာလား"

နိုင်ငံကျော်.....ဆက်ကနဲဖြစ်သွား၏။

"မဟုတ်ဘူး"

"မဟုတ်ဘူး။ မဟုတ်ရင် ဘာမဟုတ်တာလဲ၊ ပြီးတော့.....မင်းကို ငါတို့ ရိုးသားဖို့ပြောထားတယ်နော်၊ ရှက်စရာလည်းမလိုဘူး"

နိုင်ငံကျော် ခေါင်းကိုငုံ့ချကာ မျက်နှာကိုလက်ဝါးနှင့် သပ်ချလိုက်၏။ ပြီးမှ.....

"အဲဒီကိစ္စမပါဘူးလို့ ငါမငြင်းချင်ဘူး။ ရာနှုန်းသေးသေးလေးတော့ ပါမှာပါ"

"ဟုတ်ပြီ၊ အဓိက,က ဘာလဲ....."

"အဓိက,က....."

စကားကို ဆက်ရန်ခက်ဟန်နှင့် ရပ်ထား၏။ ပြီးမှ.....

"အဓိက,က 'ရွှေမြို့သူ'မဟုတ်ပဲ၊ အရင်က 'ရွှေမြို့သား'ဖြစ်ခဲ့တဲ့ ယောက်ျားကနေ တဆင့်ပြောင်းလဲလာတဲ့ မိန်းမတစ်ယောက်၊ အရှင်းဆုံးပြောရရင် မိန်းမ,မပီသတဲ့ မိန်းမတစ်ယောက်ကို ငါယူမိတာ၊ ချစ်မိတာပါလားဆိုတဲ့ ခံစားချက်ပဲ"

"ကျွတ်....."

တိုင်းကျော်ရော ပြည့်ကျော်ပါ နှုတ်ကိုမရိုက်ရုံတမယ် စုတ်သပ်ကြ၏။

"အဲဒါက ဘာဖြစ်တာလဲ"





"ဘာဖြစ်ရမှာလဲ၊ ရွှေမြို့သူက မင်းကို သေချာရှင်းမပြဘူးလား"

"ရှင်းမပြဘူးလား"

နိုင်ငံကျော် သံယောင်လိုက်ကာ ဖဝေဖဝါဖြစ်နေ၏။ ဒါကို ရိပ်မိသော တိုင်းကျော်က.....

"မင်းက ရှင်းပြခွင့် မပေးတာမဟုတ်လား"

"ပါ,မှာပေါ့၊ သူ့ကလည်း အတင်းမရှင်းပြဘူး"

"ကဲ.....တော်.....ငါတို့ပဲရှင်းပြမယ်"

.....ဟုဆိုကာ ဦးဝဏ္ဏဆီက သိခဲ့ရသမျှ အသေးစိတ်ရှင်းပြ၏။ စကားဆုံးတော့.....

"အင်း.....ဒါဆိုရင် ရွှေမြို့သူရဲ့ဘဝက Female natureများလို့ မိန်းကလေးအဖြစ် ခွဲစိတ်တာပေါ့"

"ဒါပေါ့၊ မင်းနဲ့ တွေ့ခဲ့တဲ့တစ်လျှောက်မှာကော မင်း ယောက်ျား တစ်ယောက်လို့ ထင်မြင်စရာ အပြုအမူတွေရှိခဲ့လို့လား"

"မရှိပါဘူး၊ သူဟာ အင်မတန် မိခင်စိတ်ရှိပြီး ငါ့အပေါ် နားလည်နိုင်တဲ့ လူတစ်ယောက်ပါ"

"အေး.....ရွှေမြို့သူအမှားကတော့ မင်းကိုဖွင့်မပြောဘဲ လက်ထပ်ခဲ့တဲ့အမှားပဲ"

တိုင်းကျော်က ခုမှ.....ထိုသို့မှတ်ချက်ချ၏။

ပြည့်ကျော်ကတော့.....

"သူလည်း သူ့ရင်ထဲမှာ ဘာတွေရှိတယ်ဆိုတာ သူမှ သိမှာပဲ"

"ရှင်းသွားတာပဲ"

ပြည့်ကျော့်စကားကို တိုင်းကျော်က မှဲ့ရွဲ့ကာထောက်ခံ၏။ ပြီးမှ..... နိုင်ငံကျော်ဖက်လှည့်ကာ ပြော၏။

"ကဲ.....လိုရင်းပြောရအောင်"

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာ ငါတို့ထက် မင်းကပြောရမှာ....."

"ဘာပြောရမှာလဲ"

"လောလောဆယ် မင်းသဘောထား....."

"မသိဘူး"

နိုင်ငံကျော် မပွင့်တပွင့်ဖြေ၏။ တိုင်းကျော်က စိတ်မရှည်တော့ဟန်နှင့် ဝင်ပြော၏။

"ဘာ.....မသိတာလဲ"

"ကိုယ့်ကိုယ်ကိုတောင် ဘာမှန်းမသိတော့ဘူး"

"ဒါဆို ငါမေးမယ်"

"မေး....."

"မင်းအပေါ် မိန်းမတစ်ယောက်လို ပြုစုမပေးနိုင်တဲ့၊ မျိုးဆက်တာဝန်မကျေနိုင်တဲ့ မိန်းကလေးမျိုးကို မင်းဆက်, လက်တွဲရဲပါ့မလား။ လက်တွဲချင်ပါ့မလား၊ အဲ.....ချွင်းချက်အနေနဲ့ ပြောရရင်တော့ အဲဒီမိန်းကလေးဟာ မင်းကို အရာရာထက်ပိုချစ်နိုင်တယ်၊ မိခင်တစ်ယောက်လို မေတ္တာမျိုးလည်းပေးနိုင်တယ်၊ မင်းရဲ့ချစ်ခဲ့တဲ့သူလည်း ဖြစ်တယ် ဒါကိုတော့ မင်းစဉ်းစားရလိမ့်မယ်"

နိုင်ငံကျော့်ထံမှ ဘာသံမှမကြားရ၊ ခေါင်းကို အတွင်ငုံ့ထား၏။

"မင်း စဉ်းစားနေတာလား"

ပြည်ကျော်က မေး၏။

"အင်း"

"အေး.....စဉ်းစား၊ ဒါပေမဲ့ ခဏတဖြုတ်တော့ မစဉ်းစားနဲ့ အချိန်ယူစဉ်းစား၊ တစ်သက်တာအတွက်စဉ်းစား ဆုံးဖြတ်ချက်လည်း မမှားစေနဲ့၊ ဘယ်ဟာအမှန်၊ ဘယ်ဟာအမှားလို့ပြောရခက်နေတဲ့ ဒီ situationမျိုးမှာ မင်းရော၊ သူရော ဘယ်သူ့မှမနစ်နာမယ့် ဆုံးဖြတ်ချက်မျိုး ဖြစ်ရင်တော်ပါပြီ"





တစ်သက်လုံး ပြောသမျှစကားတွေထဲမှာ ဒီစကားလောက် လေးနက်တာ၊ ရင်ထဲကလာတာ၊ စေတနာမှန်တာ ရှိမှာမဟုတ်ဟု ပြည်ကျော်ပင် ကိုယ့်ဘာသာကိုယ် တွေးနေမိသည်။

တိုင်းကျော်ကလည်း လေးနက်စွာပြောဆို၏။

"ပြည်ကျော် ပြောသလိုပဲပေါ့ကွာ၊ နှစ်ဖက်လုံး မှန်နေပြီး ကံကြမ္မာကမှားနေတဲ့ ဒီပုစ္ဆာရဲ့အဖြေဟာ.....အားလုံးရဲ့ ရင်ဘတ်နဲ့ ကိုက်ညီမယ့် အဖြေပဲဖြစ်ပါစေ.....လို့ ငါဆုတောင်းပါတယ်"

အမြဲတစေ လွတ်လပ်ပေါ့ပါးကာ.....ဘာသောကမှ မရှိတတ်သော သူငယ်ချင်းနှစ်ယောက်ပင် သူ့အတွက် ခုလိုခံစားပေး၊ အလုပ်ရှုပ်ခံကူညီပေးနေတာကို တွေ့ရတော့ နိုင်ငံကျော် ဝမ်းသာသည်။ ရင်ထဲမှကြည်နူးမှုကိုပင် မဖော်ပြတတ်.....။ တစ်ချိန်က.....သူဘေးမှာရှိကာ သူ့ကို စာနာနားလည်ဖေးကူပေးတတ်သော 'ရွှေမြို့သူ' ကိုလည်း ရင်နှင့်အမျှ နိုင်းမရအောင် သတိရသည်။

သတိရသည်။

တမ်းတသည်။

မေ့မရ.....။

ဒါတွေကတော့ သေချာသည်။

ဒီထက်သေချာတာက.....ချစ်ခဲ့ဖူးသည်။

ခု.....မချစ်တော့ဘူးလားဆိုတော့ မသေချာ။

မေ့မရတာကတော့ အမှန်.....။

သူမကို လက်တွဲဖို့ဆိုတာကရော.....

ထို.....သန့်စင်သော ချစ်ခြင်းတစ်ခုတည်းနှင့် ဖြစ်နိုင်ပါမည်လား.....။

'မေတ္တာ'၏အင်အားကို နိုင်ငံကျော်.....မခန့်မှန်းနိုင်စွမ်းသေးပါ။

လောလောဆယ်မှာတော့.....

နိုင်ငံကျော့်ရင်ထဲ.....လွန်ဆွဲမှုတွေ၊ ပဋိပက္ခတွေ၊ ရှုပ်ထွေးမှုတွေနှင့် ဝေဝါးလျက်.....။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင်.....

အရာရာကို အစက ပြန်စချင်သည်.....။

ရွှေမြို့သူ.....လူဖြစ်မလာခင် အချိန်လောက်ကစပြီး ပြောင်းလဲပစ်လိုက်ချင်သည်။

ကံကြမ္မာသည် လူတို့ ပြုပြင်နိုင်စွမ်းသောအရာ ဘာလို့မဟုတ်ခဲ့ရတာတဲ့လဲ.....။

တရားခံသည် ရှိလျှက်က စွဲချက်တင်ရခက်နေခဲ့သည်။

✪✪✪✪✪



www.burmeseclassic.com

www.burmeseclassic.com



**Cupid - Roman god of love.**

**"Cupid is armed and dangerous"**



ကံကြမ္မာအမှားနှင့် မွေးဖွားလာခဲ့တဲ့သူမို့.....မြို့သူ ငယ်ငယ်တည်းက ကံကြမ္မာဆိုတာကို မုန်းခဲ့တယ်၊ မယုံခဲ့ဘူး.....။

လူတွေက မြို့သူရဲ့ အရေပြားတစ်ထောက်စာအလှကို၊ လက်တစ်နှိုက်စာဘာဏကို ကြည့်ပြီး 'ကံကောင်းလိုက်တာ'တဲ့.....။ ဥစ္စာဓနရှစ်ချော၊ ပညာတတ်၊ ယဉ်ကျေးလိမ္မာပေါ့.....။

တကယ့် တကယ်.....မြို့သူ ကံမကောင်းတာကိုတော့ မြို့သူတို့မိသားစုပဲ သိပါတယ်.....။

အချိန်တန် အရွယ်ရောက်လာရင်တော့ သဘာဝဆိုတာ တားဆီးလို့မရဘူး.....။

'ချစ်ခြင်း'ဆိုတာနဲ့ ဆက်နွယ်နေတဲ့ 'လက်ထပ်ခြင်း'ဆိုတာကိုလည်း ရှောင်လွှဲလို့ မရဘူးဆိုတာ မြို့သူရော၊ ဖေဖေနဲ့မေမေပါ သိနေခဲ့တယ်။

'ပြဿနာ'ဆိုတာ ရောက်မလာခင်အထိတော့ ရှောင်လွှဲလို့ရတာပေါ့.....။

တကယ့် တကယ်.....လူတစ်ယောက်ကို 'မြို့သူ' ဘယ်လိုမှမေ့မရ၊ ဖျောက်မရ စွဲစွဲနှစ်နှစ် ချစ်မိသွားချိန်မှာတော့.....ဒီပြဿနာကို ရှောင်လွှဲလို့မရတော့ဘူး.....။

'ကို'ကို လက်မတွဲဖို့ ဆုံးဖြတ်ပေမဲ့လည်း.....

ကိုယ့်ချစ်သူကို ခဏာပဲဖြစ်ဖြစ် ပိုင်ဆိုင်ရချင်သေးတယ်.....။

ကိုယ့်အပေါ် ဘယ်တုန်းကမှမကောင်းခဲ့တဲ့ 'ကံကြမ္မာ'နဲ့ ကိုယ့်ချစ်သူအပေါ်ထားတဲ့ ယုံကြည်မှုကိုကိုင်စွဲပြီး စီးချင်းထိုးခဲ့မိတာကတော့.....မြို့သူအမှားပါ.....။

'ကို့'ကို နားလည်ခွင့်လွှတ်နိုင်မယ် ထင်ခဲ့မိတာ.....မထင်တောင်မှ မျှော်လင့်ခဲ့မိတာ.....မြို့သူရဲ့ ကို့အပေါ် ယုံကြည်မှုပါပဲ.....။

အဲဒီယုံကြည်မှုတွေ ပြိုလဲပျက်စီးသွားခဲ့ရတဲ့ နေ့ရက်ကတော့.....မြို့သူအတွက် ကမ္ဘာပျက်တဲ့နေ့ပါပဲ.....။

ဖန်ဆင်းရှင်ရယ်.....

ဘာလို့များ.....'ရွှေမြို့သူ'ဆိုတဲ့ မိန်းကလေးကို ကာရံအမှားတွေနဲ့ ဖွဲ့ဆိုခဲ့ရတာလဲ.....။

✪✪✪





ဒီဘဝမှာ.....ပြင်ဆင်ခွင့် မရတော့ဘူးဆိုတာ သိပါတယ်.....။

ကိုယ့်ကို အကြိမ်ကြိမ်အလဲထိုးခဲ့တဲ့ 'မျှော်လင့်ခြင်း'နဲ့လည်း နောက်ဘဝထိ မျှော်လင့်မနေတော့ပါဘူး.....။

ဖြစ်နိုင်ရင်လေ.....

'ရွှေမြို့သူ'ဆိုတဲ့ မီးတောက်အသေးလေးကို.....အပြီးသာ မှတ်သိမ်းငြိမ်းသတ်လိုက်ပါတော့.....။

ကိုယ်.....ဘာကိုမှ မျှော်လင့်ပြင်ဆင်ချင်စိတ် မရှိတော့ပါဘူး.....။

ရွှေမြို့သူ

www.burmeseclassic.com



ကလေးတစ်ယောက်ရဲ့အတွေးနဲ့.....အော်ဟာစ်ပေါက်ကွဲခွင့် ရကြမယ်ဆိုရင်.....

'လောကကြီး မတရားဘူး'လို့.....ကိုယ်အော်မိမှာပဲ.....

မြို့သူရယ်....

မင်းကိုချစ်တဲ့အချစ်တွေဟာ.....တကယ်ပဲ သန့်စင်မှန်မြတ်နိုင်မာခဲ့ပါတယ်.....။

ခုထိလည်း နိုင်မာနေဆဲပါ.....။

ကိုယ့်ရင်ထဲက ပထမဆုံးအခက်အခဲက.....

'ရွှေမြို့သူ'ဆိုတာ 'ရွှေမြို့သား'ဘဝကလာတာ.....ဆိုတဲ့ အတွေးကို ဖျောက်ဖျက်ပစ်လိုက်နိုင်ဖို့ပါပဲ.....။

အဲဒီအတွေးကို ဖျောက်ဖျက်လို့ရခဲ့ပြီဆိုရင် ကိုယ်ကြိုးစားရမှာက....

မိသားစုဘဝကို မျှော်လင့်လို့မရတဲ့ အိမ်ထောင်ရေးကို.....

စောစောကပြောခဲ့တဲ့ သန့်စင် မှန်မြတ်နိုင်မာတဲ့ချစ်ခြင်းနဲ့ တည်ဆောက်ရမလား.....တည်ဆောက်နိုင်မလား.....ဆုံးဖြတ်ဖို့ပါပဲ.....။

ကိုယ်တို့နှစ်ယောက်ရဲ့ ချစ်ခြင်းနဲ့ဘဝကို တည်ဆောက် လျှောက်လှမ်းနိုင်မယ့်နေ့ဆိုတာ ရောက်လာမယ်လို့....ကိုယ်ကတော့ မျှော်လင့်ပါတယ်။

အဲဒီအချိန်ကျရင်သာ.....'ရွှေမြို့သူ'ဆိုတဲ့ မင်းသမီးလေး.....ကိုယ့်ကို ဆီးကြိုနေပါစေကွယ်....။

နိုင်ငံကျော်





Someday when we meet at yonder
We stroll hand in hand again
Through the ages I'll remember
Blue eyses crying in the rain.

မနော်ထာရီ
20th, April' 2004



www.burmeseclassic.com